The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့ (19-2-2015) (၈၁၂၁)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံရေးနှင့် စည်းကမ်း

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်း ဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာပီဆာနု ဆူဗာနာရာတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကဏ္ဍတိုးမြှင့်ဖော်ဆောင်ရေးနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဇော်မင်းအောင်၊ ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/ ၂၀၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/ ၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၁)ကို ၁၃၇၆ ခုနှစ်၊တပို့တွဲလပြည့်ကျော် (၁၄) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ရက်စွဲဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကို လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ပြန်တမ်းဝင်အမှတ်၊ ကြည်း၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်များကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က)**အုပ်ချုပ်ရေး**

(၁)လုံခြုံရေးကိစ္စရပ်များ၊
(၂)လူမှုရေးကိစ္စရပ်များ
(၃)ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄)သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ)**တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက အောက်ပါ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိသော အလုပ်နှင့်ထောင်ဒဏ်၊
(ဂဂ) သုံးနှစ်အောက်မလျော့သော အလုပ်နှင့်ထောင်ဒဏ် သို့တည်းမဟုတ် သုံးနှစ်အောက်မလျော့သောအလုပ်နှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

စာမျက်နှာ ၄ ကော်လံ ၁ သို့ *

ကြေးမုံ စာတည်း ရှု ထောင့် **၁၉-၂-၂၀၁၅၊ ကြာသပတေးနေ့**

ဆန်းသစ်တီထွင်မှုကိုအတုယူ

ဆန်းသစ်တီထွင်မှုများကို ကမ္ဘာပေါ်တွင် ဥရောပတိုက်နှင့် အမေရိကတိုက်မှ လူငယ်သိပ္ပံပညာရှင်များက အများဆုံးစတင်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့တီထွင်နိုင်ခဲ့မှုကြောင့် ယနေ့ကမ္ဘာ့လူသားများအား အကျိုးကျေးဇူးများစွာပြုနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပို့ဆောင်ရေးကဏ္ဍအတွက် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်များကို စတင်တီထွင်နိုင်ခဲ့ပြီး မျက်မှောက်ကာလတွင် လူသားများအား များစွာအထောက်အကူပြုလျက်ရှိသည်။

၂၁ ရာစုခေတ်တွင်လည်း တီထွင်ဆန်းသစ်မှုများကို သိပ္ပံပညာရှင်များက ပိုမိုခေတ်မီစွာ ပြုလုပ်လာကြသည်။ ထိုသို့တီထွင်ခဲ့ကြသူများအနက် ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ပထမဆုံးတီထွင်ထုတ်လုပ်ခဲ့ပြန်သည်။ တီထွင်ထုတ်လုပ်ထားသော အဆိုပါလေယာဉ်ကို ကမ္ဘာတစ်ပတ်ပျံသန်းတော့မည်ဖြစ်ရာ ၂၀၁၅ ခုနှစ် မတ်လပထမပတ်တွင် ပျံသန်းမည်ဟုသိရသည်။

လေယာဉ်ခရီးစဉ်ကို အရှေ့အလယ်ပိုင်းဒေသ အဘူဒါဘီမှ စတင်မည်ဖြစ်ပြီး အိုမန်၊ အိန္ဒိယ၊ မြန်မာ (မန္တလေး)၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာဒေသ(ဟာဝိုင်ရီ)၊ အမေရိကန်နိုင်ငံမှ ပြည်နယ်သုံးခု၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ဥရောပတောင်ပိုင်း၊ မြောက်အာဖရိကဒေသတို့ကို နေ့ရောညပါဖြတ်သန်းပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း အဘူဒါဘီမြို့တွင် ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ သိပ္ပံပညာရှင်များက နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ပထမဆုံးတီထွင် ထုတ်လုပ်နိုင်ခြင်းသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သလို အနာဂတ်အတွက် စွမ်းအင်နှင့် ကုန်ကျစရိတ်ကို သက်သာစေမည့် ပို့ဆောင်ဆက်သွယ်ရေးသမိုင်းမှတ်တိုင်တစ်ခု စိုက်ထူလိုက်ခြင်းဖြစ်သည်။ ကနဦးစမ်းသပ်သည့် ထိုလေယာဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့တွင် သုံးရက်တာ ခရီးတစ်ထောက်ရပ်နားမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသားများ အံ့ဩဂုဏ်ယူဝမ်းမြောက်ခြင်းဖြစ်ပေလိမ့်မည်။

မြန်မာတို့အနေဖြင့် ထိုသို့အံ့ဩဂုဏ်ယူဝမ်းမြောက်ကြရုံဖြင့်မပြီးသေးဘဲ တီထွင်ဆန်းသစ်ကြပုံများကို အတုယူအားကျရမည်ဖြစ်သည်။ မိမိတို့နိုင်ငံကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေသောအခါ ပညာရပ်နယ်ပယ်များတွင် လွတ်လပ်စွာဆောင်ရွက်ခွင့်များရှိလာပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်သောအခါ နိုင်ငံတော်ကလည်း တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးမှုများလည်း ရှိလာသည်။ ပညာတတ်လူငယ်လူရွယ်များအနေဖြင့် ထိုကဲ့သို့ တီထွင်ကြံဆမှုမျိုးသာမက အများအကျိုးအတွက် တိုးတက်ရာ တိုးတက်ကြောင်း မိမိတို့ တတ်နိုင်သည့်ဘက်မှ တီထွင်ကြံဆဖို့ဖြစ်သည်။

အဆိုပါလေယာဉ်ရပ်နားသည့်မြို့တွင် လေယာဉ်တီထွင်မှုနှင့်ပတ်သက်၍ နည်းပညာများ၊ အတွေ့အကြုံများအား မျှဝေပေးသွားမည့်အစီအစဉ်ပါဝင်ရာ နည်းပညာလေ့လာလိုက်စားလိုသည့်လူငယ်များ လေ့လာဆွေးနွေး အကြံဉာဏ်များရယူနိုင်သည့် အခွင့်အရေးများလည်းရှိသည်ဟုသိရသည်။ လူဟူသည် ဦးနှောက်ဉာဏ်ပညာကောင်းသူများဖြစ်၍ မဖြစ်နိုင်ဟူသောအရာမရှိဘဲ ဖြစ်ချင်သည့်စိတ်နှင့် ဖြစ်အောင်ကြိုးပမ်းစွမ်းဆောင်ဖို့သာလိုရင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှာ ဥရောပအလယ်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အကျယ်အဝန်း ဧရိယာ စတုရန်းမိုင် ၁၅၉၄၄ သာရှိ၍ မြန်မာနိုင်ငံထက် အဆများစွာ သေးငယ်သောနိုင်ငံဖြစ်သည်။ နိုင်ငံ၏ထွက်ကုန်မှာ နာရီ၊ နို့ထွက်ပစ္စည်းနှင့် အဖျော်ယမကာသာထွက်ရှိသည်။ သဘာဝသယံဇာတနည်းပါးသော နိုင်ငံဖြစ်သော်လည်း သဘာဝကိုအခြေခံပြီး ခေတ်အမီဆုံး၊ အတိုးတက်ဆုံး ကြိုးပမ်းတီထွင်အားထုတ်ကြသည်မှာ အားကျစရာဖြစ်သည်။ နိုင်ငံတိုးတက်ရန်နှင့် အများအကျိုးရှိမည့် အားထုတ်မှုများမှာ အတုယူစရာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း လူငယ်များ ဉာဏ်ပညာမြင့်မားရေးအတွက် အားပေးနေရာ ထိုဆန်းသစ်တီထွင်မှုကို လေ့လာအတုယူအားကျပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ရေးအတွက် အပတ်တကုတ် ကြိုးပမ်းအားထုတ်ဖို့လိုသည်ဟု အကြံပြုအပ်ပါသည်။ ။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေလျှပ်စစ်နည်းပညာကုမ္ပဏီအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ann Olne Stad ဦးဆောင်သည့် Jacobsen Elektro နော်ဝေလျှပ်စစ်နည်းပညာကုမ္ပဏီအဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ အတွင်းရေးမှူး ဦးသိန်းလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗန်ကောက် အခြေစိုက် ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.Enno Drofenik အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာယူ-၂၂ နှင့် ဖိလိပ်ပိုင်ယူ-၂၀ အသင်းတို့ ခြေစမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာယူ-၂၂ အသင်းနှင့် ဖိလိပ်ပိုင်ယူ-၂၀ အသင်းတို့သည် ဖေဖော်ဝါရီ ၁၉ ရက် (ယနေ့) ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ ယခုခြေစမ်းပွဲမှာ ဖိလိပ်ပိုင်ယူ-၂၀ အသင်း၏ မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ်၏ ဒုတိယမြောက်ခြေစမ်းပွဲဖြစ်ပြီး ပထမခြေစမ်းပွဲတွင် မြန်မာယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

ခြေစမ်းပွဲကစားမည့် မြန်မာယူ-၂၂ အသင်းကို ကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် ဦးအောင်သက်တို့က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းမှာ မတ်လအတွင်း၌ ကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် အသင်းဖြစ်သည်။ ယခုဖွဲ့စည်းထားသည့် အသင်းတွင် ကျော်ဇင်ဖြိုး(ဂိုး)၊ ရဲဝင်းအောင်၊ စည်သူအောင်၊ နေလင်းထွန်း၊ ချစ်စုမိုး၊ ရဲကိုဦး၊ ဇင်မင်းထွန်းတို့ ပါဝင်လာသည်။

ဖိလိပ်ပိုင်ယူ-၂၀ အသင်းမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ အမေရိကန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် သုံးထောင်၊ ရိုးရိုးတန်းကျပ် နှစ်ထောင်သတ်မှတ်ထားသည်။ **(ရှိုင်းထက်ဇော်)**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ကနေဒါနိုင်ငံ Ottawa တက္ကသိုလ်မှ ဧည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် Open Society Foundation အစီအစဉ်ဖြင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ စိစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပမည့် ကနေဒါနိုင်ငံ Ottawa တက္ကသိုလ်၊ Jean-Luc Pepin သုတေသနအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr.Kevin Page ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးမောင်တိုး၊ ဦးကိုကိုထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်	ရွှေဈေး	၆၇၆၃၀၀	-	၆၇၇၃၀၀
မန္တလေး	ရွှေဈေး	၆၇၆၃၀၀	-	၆၇၇၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၇၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၅၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၈၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၆. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၇၀. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄. ၀၃
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၄၇၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၅. ၆၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၅၀၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၆၀. ၁၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၇၁၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၀၂. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

ရှေ့တန်းရောက်တပ်မတော်သားများနှင့် ကျဆုံး၊ ဒဏ်ရာရ အရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် အလှူငွေပေးအပ်

တာချီလိတ် ဖေဖော်ဝါရီ ၁၈

တာချီလိတ်စစ်ဗျူဟာ(အခြေချ)ကျောက်ဆည်ရိပ်သာတွင် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီက လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း တိုက်ပွဲကျ၊ ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ စစ်ဗျူဟာအဖွဲ့ အခြေချ (တာချီလိတ်) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦးနှင့် တာချီလိတ်တပ်နယ်မှ တပ်မတော်သားများ၊ အရာရှိ အရာခံတပ်သားများ၊ ရဲမေများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ သတ္တုလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် တာချီလိတ်မြို့ သတင်းမီဒီယာများ တက်ရောက်ကြသည်။**(အောက်ပုံ)**

ထို့နောက် စေတနာရှင်များမှ လှူဒါန်းငွေများကို စစ်ဗျူဟာအဖွဲ့အခြေချ (တာချီလိတ်)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦးက လက်ခံရယူခဲ့ပြီး အလှူရှင်များ၏ စုစုပေါင်းအလှူငွေကျပ် ၅၈၁၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။ အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း တိုက်ပွဲကျ၊ ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် ဖေဖော်ဝါရီ ၁၅ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တာချီလိတ်စစ်ဗျူဟာ(အခြေချ) စစ်ဗျူဟာမှူးနှင့် အရာရှိ အရာခံတပ်သားများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များမှ ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၂၀၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ကျိုင်းတုံတြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီးမင်းမင်းလွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်

ဟသ်ာတ ဖေဖော်ဝါရီ ၁၈

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ဂုဏ်ကြီးရှင်ကုမ္ပဏီမှ ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် စခန်းကြီးကျေးရွာအုပ်စု ကြက်ဆူကွင်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းတွင် လေးလက်မစက်ရေတွင်း ပေ ၄၀၀ အနက် တစ်တွင်း၊ ရေစက်ရုံတစ်ခု၊ ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်အောင်)

အကြံပြုချက်များ ပေးပို့နိုင်

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၁၈)ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဖော်ပြခဲ့သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံပြုချက်များ ပေးပို့လိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့ အကြံပြုနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

(၁) myanmarparliament.gov.mm (ပြည်ထောင်စုလွှတ်တော်)
(၂) pyithuhluttaw.gov.mm (ပြည်သူ့လွှတ်တော်)
(၃) amyothahluttaw.gov.mm (အမျိုးသားလွှတ်တော်)
(၄) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ရုံးအမှတ်(၂၀) နေပြည်တော်။
(၅) ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ရုံးအမှတ်(၂၀)နေပြည်တော်။
(၆) ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်၊ ရုံးအမှတ်(၂၀)နေပြည်တော်။

လောက်ကိုင်ဒေသမှ တိမ်းရှောင်လာသော ပညာရေးဝန်ထမ်းများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်လှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ အထက(၁) ခန်းမတွင် ကိုးကန့်ဒေသလောက်ကိုင်၊ ကုန်ကြမ်း၊ မော်ထိုက်မြို့နယ်တို့မှ ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပညာရေးဝန်ထမ်းများအား အားပေးနှစ်သိမ့်စကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေးဝန်ထမ်းများအတွက် စုစုပေါင်းငွေကျပ် ၁၄၇၉၀၀၀၀ ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲညွန့်က လက်ခံရယူပြီး ပညာရေးဝန်ကြီးဌာနက လှူဒါန်းငွေကျပ်သိန်း ၆၀၊ လားရှိုးတက္ကသိုလ်က လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စေတနာရှင် လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ၅၅ သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းသည် ပညာရေးဝန်ထမ်းများအား ထားရှိသည့် တည်းခိုဆောင်နှင့် စားရိပ်သာဆောင်များသို့ သွားရောက်၍ ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား တွဲဖက်ပြည်နယ်ကျန်းမာရေးမှူးရုံးခန်းမ၌ တွေ့ဆုံအားပေးခဲ့သည်။

အလားတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လောက်ကိုင်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်နေသာ ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းတို့က ပေးအပ်လှူဒါန်းရာ လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက လက်ခံရယူသည်။ ထို့အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန ဝန်ထမ်းမိသားစုများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ခေါက်ဆွဲခြောက်ထုပ်များ၊ အသင့်စားအသားဘူးများ၊ အသင့်စားလက်ဖက်ထုပ်များ၊ စီးကရက်များ အစရှိသော စားသောက်ကုန်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၇၅၈၄၃၀ တို့ကို ဖေဖော်ဝါရီ ၁၈ ရက်က ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်ထွေးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတွင် ထပ်မံရောက်ရှိလာသော ဌာနေပြန်မည့်အလုပ်သမားများကို အလှူရှင်၊ စေတနာရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ် လှူဒါန်းကြပြီး စီစဉ်ဆောင်ရွက်ပေးထားသောမော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကွမ်းလုံမြို့တွင်လည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်ဒေသမှ တိမ်းရှောင်လာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလာကြရာ ၎င်းတို့အား ကွမ်းလုံမြို့မှ လားရှိုးမြို့သို့ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်သူ ၃၁၆၃ ဦးကို မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ဝေလင်း)

လျှပ်စစ်လုပ်ငန်းများဆောင်ရွက်

ပေါင်းတည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပေါင်းတည်မြို့နယ် မှတ်တိုင်မြို့ လျှပ်စစ်မှူး ဦးညီညီနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်အတွင်း သွယ်တန်းထားသော ၁၁ ကေဗွီ/၄၀၀ ဗို့ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာများ ကြံ့ခိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

(မြို့နယ်လျှပ်စစ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

*ရှေ့ဖုံးမှ

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ၊

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်နေ့မှ (၁၅)ရက်အတွင်း ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)ထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)က မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင် ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အစီရင်ခံရမည်။

လက်မှတ်၊
အဆင့်၊ ဗိုလ်ချုပ်မှူးကြီး
ရာထူး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဌာန၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နောက်ဆက်တွဲဇယား(က)

စစ်ခုံရုံးဖြင့်စစ်ဆေးမည့်ပြစ်မှုများ

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၂)
၂။ အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၄-က)
၃။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၄။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊
၅။ လူသတ်မှု၊
၆။ လူသေမှု၊
၇။ မုဒိမ်းမှု၊
၈။ လုယက်မှု၊
၉။ ဓားပြမှု၊
၁၀။ အဂတိလိုက်စားမှု၊
၁၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
၁၂။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ ပြစ်မှုများ၊
၁၃။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၄။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊
၁၅။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ပြစ်မှုများ။

●ဒေသလုံခြုံရေးမှ

စစ်ကြောင်းများ၊ စစ်ကူနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အခက်အခဲဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ချုံခိုနှောင့်ယှက် တိုက်ခိုက်ခြင်းများကို ကိုးကန့်သောင်းကျန်းသူများအပြင် KIA၊ TNLA နှင့် SSA (ဝမ်ဟိုင်း)လက်နက်ကိုင်အဖွဲ့များပါ ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့အထိ ကျောက်မဲနှင့် သီပေါကြားတွင် SSA(ဝမ်ဟိုင်း)မှ တစ်ကြိမ်၊ လားရှိုးနှင့် သိန်းနီကြားတွင် SSA(ဝမ်ဟိုင်း)မှ တစ်ကြိမ်၊ သိန်းနီနှင့် ကျူကုတ်ကြားတွင် KIA နှင့် TNLA အဖွဲ့တို့မှ သုံးကြိမ်၊ ကွတ်ခိုင်နှင့် မုံးစီးကြားတွင် KIA အဖွဲ့မှ နှစ်ကြိမ်၊ မုံးစီးနှင့် တာပါးကြားတွင် KIA အဖွဲ့မှ တစ်ကြိမ်၊ ချင်းရွှေဟော်နှင့် ပါစင်ကျော်ကြားတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ လေးကြိမ် အလစ်အငိုက် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့တွင်လည်း မွန်းလွဲ ၁ နာရီခန့်တွင် ချင်းရွှေဟော်မှ လောက်ကိုင်သို့ အင်အားဖြည့်တင်းရန် ချီတက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား ကိုးကန့်သောင်းကျန်းသူတို့မှ ပါစင်ကျော်တစ်ဝိုက်တွင် စောင့်ကြို၍ နှောင့်ယှက်တိုက်ခိုက်လာသဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ရှင်းလင်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့ထိ တပ်မတော်မှ စစ်သည် သုံးဦးအသက်ပေးလှူခဲ့၍ အရာရှိတစ်ဦးနှင့် စစ်သည် ၂၆ ဦးတို့ ဒဏ်ရာရရှိကာ ဒေသခံပြည်သူနှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ရာ ဒဏ်ရာရရှိသူများအား လားရှိုး၊ ပြင်ဦးလွင် တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် လောက်ကိုင်နယ်မြေအတွင်း လုံခြုံမှုရရှိကာ တည်ငြိမ်အေးချမ်းသည်အထိ လိုအပ်သောအင်အားကို အသုံးပြု၍ တိုက်ခိုက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

လောက်ကိုင်ဒေသ စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ငွေများ လာရောက်လှူဒါန်း

လင်းခေး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်ရှိ ဌာနဆိုင်ရာ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့က လောက်ကိုင်ဒေသ စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ငွေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် လင်းခေးမြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၂၇၀၀၀၀၊ မြို့ပေါ် (၈)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၈)အုပ်စု၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၂၃၀၀၀၀ စုစုပေါင်း ၂၅ သိန်းအား လာရောက်လှူဒါန်းရာ လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဝေမောင်ကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါလှူဒါန်းရရှိငွေကျပ် ၂၅ သိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆက်လက်ပေးပို့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆောင်းနှင်းလတ်)

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းကြီး ပြီးစီးတော့မည်

ကလေး ဖေဖော်ဝါရီ ၁၈

ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းကြီး၏ ခန့်မှန်းကုန်ကျမည့်ငွေမှာ ကျပ်သန်း ၅၄၂၄၄ ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် ကလေးမြို့သည် အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော်လည်း လျှပ်စစ်မီးမှာမူ နာရီပိုင်းသာရရှိသေးသဖြင့် ၂၄ နာရီ လျှပ်စစ်မီးအမြန်ဆုံးရရှိနိုင်ရေး ကလေးမြို့နေပြည်သူတစ်ရပ်လုံးက မျှော်လင့်တောင့်တလျက်ရှိသည်။

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းအနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် ၂ မိုင်ခန့်အကွာ နေရဥ္စရာမြစ်ပေါ်တွင် တည်ရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဧက ၈၅၀၀ အား ရေပေးဝေနိုင်ရန်နှင့် ပြည်သူများအတွက် ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူရရှိနိုင်ရန်ဖြစ်သည်။

ရေအားလျှပ်စစ် ဓာတ်အားအဆောက်အအုံသည် ကုန်းကျောတမံ (၁) နေရာတွင်တည်ဆောက်ကာ ရေအားလျှပ်စစ်ဓာတ်အားအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းနှင့် သံပိုက်လုံးသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကာ ပြီးစီးပါက နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၁ သန်း ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်ကာ တမံအမျိုးအစားသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၁၃၆၆၀၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၂၀၀၀ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၈၀၀၀ ဧကပေနှင့် ကန်ရေပြည့် ရေပြင်ဧရိယာမှာ ဧက ၉၈၀ ဖြစ်ပြီး ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကျောတမံ သုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိသည်။

ယခုအချိန်တွင် ပင်မတမံပိတ်ခြင်းလုပ်ငန်းနှင့် ကုန်းကျောတမံ(၁) နေရာ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းအားလုံး အမြန်ပြီးစီးရန် ရည်မှန်းချက်ထားလျက် ဌာနပိုင်စက်ယန္တရားကြီးများဖြင့် ပြည်တွင်းကုမ္ပဏီ ရှစ်ခုတို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်ရေး စက်စမ်းသပ်မှု Test Run စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဂျိုးနက်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရန်ကုန်-မန္တလေး အဝေးပြေးလမ်း(လမ်းဟောင်း)မှာ နိုင်ငံတကာဆက်သွယ်ရေးလမ်းကြောင်းဖြစ် လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တပ်ဆင်ထား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်း(ခ)ဒူဝါခမိုင်တန်က **"နိုင်ငံသူ၊ နိုင်ငံသားများ အိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များကို လျှောက်ထားတောင်းခံရန် မလိုဘဲ အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် အိုးအိမ်မြေဂရန်၊ အိမ်ခြံမြေဂရန်များ ပြုလုပ်ပေးရန်"**နှင့် ပေါက်မြို့နယ် မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက **"နိုင်ငံ့ဝန်ထမ်းများအဖြစ် အမှန်တကယ် အလုပ်လုပ်ကိုင်လို၍ အလုပ်လျှောက်ထားလာသည့် အသက် (၃၀/၃၅)နှစ်ခန့် ဘွဲ့ရပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် ဦးစားပေးခန့်ထားရန် အစီအစဉ်ရှိ မရှိ"**တို့ကို မေးမြန်းခဲ့ကြသည်။

ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က မြေဂရန် ရယူလိုသူသည် မြေစီမံခန့်ခွဲသောရုံး၊ ဌာနများသို့ လျှောက်ထားရန် လိုအပ်ပါကြောင်း၊ မြေစီမံခန့်ခွဲမှု ပြုလုပ်နေသော ရုံး၊ ဌာနအသီးသီးမှလည်း အတတ်နိုင်ဆုံး လုပ်ငန်းစဉ်များကိုဖြေလျှော့၍ လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြေငှားစာချုပ် လျှောက်ထားခြင်း၊ လျှောက်ထားမှု မပြုခြင်းတို့သည် မြေအသုံးချသူ၏ သဘောဆန္ဒအတိုင်း လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသောကိစ္စရပ်ဖြစ်သည့်အတွက် မြေငှားစာချုပ် လာရောက်လျှောက်ထားခြင်းမရှိဘဲ အိမ်တိုင်ရာရောက် သွားရောက်စစ်ဆေးပြီး မြေငှားစာချုပ် ပြုလုပ်ပေးခြင်းကိုဆောင်ရွက်ပေး၍ မရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ဘိုးဘွားပိုင်မြေ၊ ဂရန်ရှိမြေပိုင်မြေ၊ အစိုးရမြေ၊ စကွာတာမြေ၊ လိုင်စင်မြေအမျိုးအစားများအနက် အစိုးရပိုင်မြေများကိုသာ ဂရန်ထုတ်ပေးကြောင်း သိရသည်။ ယင်းသို့ ထုတ်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ နေပြည်တော်ကောင်စီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ကျန်မြို့နယ်များတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားလိုင်စင်နှင့် မြေငှားစာချုပ်များ ဆောင်ရွက်ပေးနေကြောင်း ဒုတိယဝန်ကြီးဦးစိုးတင့်က ၎င်း၏ ဖြေကြားချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်း (ခ) ဒူဝါခမိုင်တန်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်။

ပေါက်မြို့နယ် မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးက ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ယနေ့အထိတိုင် ကျင့်သုံးလျက်ရှိသော မူဝါဒဆုံးဖြတ်ချက်မှာ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် အသက်သတ်မှတ်ချက်ကို ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၄၀) နှစ်ထက် မကျော်လွန်စေရဟူ၍ ယေဘုယျအားဖြင့် သတ်မှတ်ထားရှိပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့မှလည်း သတ်မှတ်ထားသည့်အတိုင်း အဆိုပြုလျက်ရှိပါကြောင်း၊ ယင်းသတ်မှတ်ချက်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါ အသက်(၃၀/၃၅)နှစ်ထက် ပို၍ အသက်ကန့်သတ်ချက်ကို (၃၅/၄၀) ဟူ၍ အခွင့်အလမ်းပေးထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ရာထူးဝန်အဖွဲ့သည် အရည်အချင်းရှိသူကို ဦးစားပေးသည့်စနစ် (Meritocracy) ကို ကျင့်သုံးလျက်ရှိကြောင်း၊ ရေးဖြေစာမေးပွဲ သုံးဘာသာ(မြန်မာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဖြေဆိုအောင်မြင်ပြီးသူများအား လူတွေ့၊ နှုတ်ဖြေစစ်ဆေးမှုပြုလုပ်ရာတွင် အရည်အချင်းတူညီနေပါက အသက်ကြီးသူကိုဦးစားပေးရွေးချယ်လျက်ရှိသည်သာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီသောဒေသများမှ လူငယ်များကို ဦးစားပေးရွေးချယ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်မှ ဦးမင်းဆွေက "ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အခြားလမ်းမကြီးများတွင် မိုင်နှုန်းကန့်သတ်ပေးခြင်း၊ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးပါရန်" အဆိုတစ်ခုကို တင်သွင်းခဲ့သည်။

ယင်းအဆိုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေး အဝေးပြေးလမ်း(လမ်းဟောင်း)နှင့် အခြားလမ်းမကြီးများတွင် မြို့ရွာများ ဖြတ်သန်းသွားလာသည့် နေရာများနှင့် အန္တရာယ်ရှိသော လမ်းကွေ့များတွင်သာ မိုင်နှုန်းကန့်သတ်ချက် သတိပေးဆိုင်းဘုတ်များကို တပ်ဆင်အသုံးပြုခဲ့ပါကြောင်း။

ရန်ကုန်-မန္တလေး အဝေးပြေးလမ်း (လမ်းဟောင်း)မှာ နိုင်ငံတကာဆက်သွယ်ရေးလမ်းကြောင်းဖြစ်၍ အာရှ-အာဆီယံလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီတပ်ဆင်ထားပြီး ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့်အဆိုသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စဖြစ်သဖြင့် အလေးအနက်ထောက်ခံဆွေးနွေးပါကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများ၌ ယာဉ်စည်းကမ်းထိန်းသိမ်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့နှင့်အတူပူးပေါင်းကာ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ အပြစ်ပေးအရေးယူခြင်းများကို လမ်းမကြီးများဥပဒေနှင့်အညီဆောင်ရွက်နေကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

အီဘိုလာရောဂါ ကူးစက်ပြန့်ပွားလာမှုမရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ကူးစက်မြန်အီဘိုလာရောဂါ ကူးစက်ပြန့်ပွားလာမှုမရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပြင်ဆင်ထားရှိသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် မတ်လတွင် အာဖရိကအနောက်ပိုင်းဒေသ ဂီနီနိုင်ငံမှစတင်ကာ ကပ်အသွင်ဖြစ်ပွားခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၈-၂-၂၀၁၅) ရက်နေ့ ထုတ်ပြန်ချက်များအရ အာဖရိကအနောက်ပိုင်း (၆) နိုင်ငံတို့အပြင် စပိန်၊ အမေရိကန်တို့တွင် ရောဂါဖြစ်ပွားသူ လူနာစုစုပေါင်း (၂၂၈၉၄) ဦးခန့် ကူးစက်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၉၁၇၇) ဦး ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဓာတ်ခွဲခန်းနှင့် ရောဂါထောက်လှမ်းရေး အရည်အသွေးမြှင့်တင်ရန်အတွက် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအား ဇီဝလုံခြုံမှုအဆင့် (၂+)မှ ဇီဝလုံခြုံမှုအဆင့်(၃)ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဓာတ်ခွဲခန်းပစ္စည်းများနှင့် နည်းပညာဖြည့်ဆည်းရေးဆိုင်ရာ ကိစ္စရပ်တို့အား အသေးစိတ်လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရ အီဘိုလာရောဂါ အတည်ပြုစစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့်(၄)ရှိသော ဓာတ်ခွဲခန်းများသည် ရောဂါပိုးထိန်းချုပ်မှုလုပ်ငန်းများ တင်းကျပ်စွာဆောင်ရွက်ရန် လိုအပ်ခြင်း၊ ငွေကြေးမြောက်မြားစွာကုန်ကျမှုရှိခြင်းတို့ကြောင့် တည်ဆောက်ရန် ဦးစားပေးဆောင်ရွက်ခြင်းထက် လက်ရှိကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးရမည်ဖြစ်ပါ၍ သွေးနမူနာ ပေးပို့စစ်ဆေးခြင်းလုပ်ငန်းများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာလေကြောင်း ပို့ဆောင်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းရေးအဖွဲ့၊ နိုင်ငံတကာလေကြောင်းလိုင်းများ ၊ World Courier Service စသည်တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

ရောဂါထောက်လှမ်းရေးအနေဖြင့် ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား နိုင်ငံတကာဝင်ပေါက်/ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဖြတ်ကျော် ဝင်ပေါက်/ထွက်ပေါက်များတွင် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ချထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ဆေးရုံနှင့် ကျေးလက်ဒေသများမှ ကျန်းမာရေးဝန်ထမ်းများအား အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း သင်တန်းပေးခြင်း၊ လမ်းညွှန်ချက်များဖြန့်ဝေခြင်း၊ ပြည်သူလူထုကျန်းမာရေး ပညာပေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ။

အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ထားမှုနှင့် တုံ့ပြန်မှုမြှင့်တင်ရေးအနေဖြင့်လည်း အသစ်ဖြစ်ပေါ်လာသည့် ကူးစက်မြန်ရောဂါများဖြစ်သော ဆားစ်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကြက်ငှက်တုပ်ကွေး (H5N1)၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ(H1N1-2009)၊ (H7N9) တုပ်ကွေးရောဂါ၊ အရှေ့အလယ်ပိုင်းတွင်ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတို့အား အမျိုးသားအဆင့် အထိဆောင်ရွက်ခဲ့သော အတွေ့အကြုံများကိုအခြေခံ၍ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထိုကိစ္စရပ်အတွက် ဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ သီးသန့်လူနာဆောင်များ ပြင်ဆင်ခြင်းနှင့် ရောဂါဖြစ်ပွားသူနှင့် အတူနေများအား သီးခြားခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအတွက် လိုအပ်သောရန်ပုံငွေများ ခွဲဝေချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ **ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့်စပ်လျဉ်း၍ **ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်**က ကချင်ပြည်နယ်တွင် အားကစားသိပ္ပံတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသား၊ ဒုတိယမျိုးဆက်လူငယ်များသည် ကျန်းမာသန်စွမ်းပြီး ပညာထူးချွန်သည့်လူငယ်များအဖြစ် ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်ဒေသအသီးသီးက တိုင်းရင်းသားလူငယ်များ မျိုးနွယ်စုံ စုပေါင်းဆုံစည်းခွင့်ရသဖြင့် တိုင်းရင်းသားချစ်ကြည်ရေးကို ဖော်ဆောင်မည့် အားကစားသိပ္ပံကျောင်းကြီး ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ဆက်လက်၍ **ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေသောင်း**က နိုင်ငံတော်အစိုးရသစ်အနေဖြင့်လည်း အားကစားကို ကမ္ဘာနှင့်ယှဉ်နိုင်ရန် နည်းမျိုးစုံဖြင့် ပြုစုပျိုးထောင်နေသည်ကို မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံအတွင်း တောင်ပေါ်မြေပြန့်တိုင်းရင်းသားများမှာ အားကစားထူးချွန်ထက်မြက်သည့် ပါရမီရှင် ရွက်ပုန်းသီးအားကစားသမားများကို မည်ကဲ့သို့နည်းဗျူဟာချမှတ်ပြီး ဖော်ထုတ်ကြမလဲဆိုသည်ကို အားကစားဝန်ကြီးဌာနအနေဖြင့် စဉ်းစားရမည့်အချက်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က နိုင်ငံ့ဂုဏ်ကျက်သရေဆောင် နေပြည်တော်ကြီးတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် များစွာရင်းနှီးတည်ဆောက်နေသည်ကို ကြိုဆိုထောက်ခံပါကြောင်း၊ သို့ပေမယ့် တိုင်းဒေသကြီး၊ ပြည်နယ်တွေကိုလည်း နှစ်ရှည်နှစ်တို စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးပါဟုလည်း အလေးအနက်တင်ပြလိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

ထိုအဆိုနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်(ဘတ်ဂျက်)တွင် တင်ပြတောင်းခံခဲ့ပါကြောင်း။

သို့ရာတွင် ဘတ်ဂျက်စိစစ်ချက်အရ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတည်ဆောက်ရေးအတွက် ခွင့်ပြုရန်ပုံငွေ ပါဝင်ခြင်းမရှိပါသဖြင့် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းအား တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးခက်ထိန်နန်က လာမည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော်တွင် ထည့်သွင်းမှတ်တမ်းတင်ပေးနိုင်ပါရန်တင်ပြရာ အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် NNER နှင့် ကျောင်းသားကိုယ်စားလှယ်များမှ လက်ခံသဘောတူခြင်းမရှိခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုချက်များအရ ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အများပြည်သူလေ့လာနိုင်ရန် ဖော်ပြထားပါသည်။

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်သည်။

(ခ) ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည)

ကျောင်းပညာရေးဆိုသည်မှာ နိုင်ငံတော်က ဖြစ်စေ၊ နိုင်ငံတော်အထောက်အပံ့နှင့်ဖြစ်စေ၊ ပုဂ္ဂလိကများက ဖြစ်စေ စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသည့် ပညာသင်ရာနေရာဌာနများ၌ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဓ)

အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် ယင်းတို့နှင့်အဆင့်တူညီသည့် ကျောင်းတစ်ခုခု၌ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ(ရ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ရ)

အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့် ယင်းကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ်စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၊ (ဠ)၏နောက်တွင် ပုဒ်မခွဲ(အ)၊ (ကက) နှင့်(ခခ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(အ)

ပညာရေးဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကိုဆိုသည်။"

"(ကက)

ရပ်ရွာပညာပဒေသာဌာနဆိုသည်မှာ ကျောင်းသင်ရိုးသင်ပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပ ပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြု သင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက် အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာန တစ်ခုကို ဆိုသည်။"

"(ခခ)

လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခုတွင် ခွဲခြားဆက်ဆံမှုမရှိဘဲ ပညာဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။"

၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ)

ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိရေး၊

(ခ) ပုဒ်မခွဲ(ဍ)ကို ပယ်ဖျက်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေ အခန်း(၄)ကို ပယ်ဖျက်သည်။

၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ ပုဒ်မ ၂၆ အရ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရာတွင်-

(က) တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ သဘောသဘာဝနှင့် ကိုက်ညီသော တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီကို ရေးဆွဲဆောင်ရွက်ရမည်။

(ခ) ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် မိမိနှင့်ဆက်သွယ်ပေါင်းစည်းထားသည့် တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ကျောင်းသားများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီစသည့် အဖွဲ့အစည်းများကို တက္ကသိုလ်အသီးသီးတွင် လွတ်လပ်စွာဖွဲ့စည်းခွင့်ကို သက်ဆိုင်ရာကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်နှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ ရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။

(ဃ) ဆရာများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီစသည့် အဖွဲ့အစည်းများကို ယင်းကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ ရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။

(င) ဝန်ထမ်းများသမဂ္ဂ၊ ယူနီယံ၊ အစည်းအရုံး၊ အသင်း၊ အဖွဲ့၊ ကောင်စီ၊ ကော်မတီစသည့် အဖွဲ့အစည်းများကို ယင်းကျောင်း၏ ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ ရွေးချယ်ပြီး ဖွဲ့စည်းခွင့်ရှိသည်။"

၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ ၌ ပါရှိသော "ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်"ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာပညာရေးကဏ္ဍအသီးသီးသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် မူဝါဒများချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)

အခြေခံပညာရေးစနစ်၏အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို ပြဋ္ဌာန်းပေးရမည်။"

၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ)

ပညာရေးဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရန် လိုအပ်သောပံ့ပိုးမှုများ ပေးရမည်။"

၁၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ (က) မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ပေးရမည်။

(ခ) အဆင့်မြင့်ပညာကျောင်းများသည် မိမိတက္ကသိုလ် ဆရာများ၏ အဆင့်နှင့် အရည်အချင်းများကို တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ သတ်မှတ်ပေးရမည်။"

၁၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ)

အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးသည့်လုပ်ငန်းစဉ် ပါဝင်ရမည်။"

၁၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။

အစိုးရအဖွဲ့သည် ပုဒ်မ ၅၄ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။"

၁၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၆။ (က)

တက္ကသိုလ်များသည် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အောက်ပါအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(၁) တက္ကသိုလ်များသည် မိမိတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ထိန်းညှိပေးရန် တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းဆောင်ရွက်ရမည်။

(၂) ကောင်စီအတွင်းရေးမှူးသည် ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဘွဲ့ရကျောင်းသားဟောင်းများ၊ ကိုယ်စားလှယ်များ၊ ယင်းတက္ကသိုလ်မှ အငြိမ်းစားယူသွားသော ဆရာများ၊ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ အာဏာပိုင်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်။

(၃) တက္ကသိုလ်ကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်မည့် ကိုယ်စားလှယ်အရေအတွက်၊ အရည်အချင်း သတ်မှတ်ချက်၊ ရွေးချယ်မည့်အစီအစဉ်များကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းများတွင် တိကျစွာ ရေးသားဖော်ပြရမည်။

(၄) တက္ကသိုလ်များသည် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ အောက်ဖော်ပြပါအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(ကက) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခခ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့။

(၅) ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည်-

(ကက) စီမံခန့်ခွဲရေးအဖွဲ့၊

(ခခ) ပညာရေးအဖွဲ့ခွဲ။

(ခ) နိုင်ငံတစ်ဝန်းရှိ အခြေခံပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။

(ဂ) လွတ်လပ်စွာ ရပ်တည်သော တက္ကသိုလ်များသည် ၎င်းတို့၏ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ တင်ပြလာပါက လိုအပ်ချက်များအပေါ် မူတည်၍ ဝန်ကြီးဌာနက ကူညီဖြည့်ဆည်းပေးခြင်း သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သင့်တော်သောအဖွဲ့ကိုဖွဲ့စည်း၍ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၇။ (က)

အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။

(ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီတို့နှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂလိက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးကော်မတီတို့နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းရမည်။

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၀။

ဝန်ကြီးဌာနသည် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။"

၁၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ)

ဘဏ္ဍာငွေသုံးစွဲရာတွင် သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။"

စာမျက်နှာ ၁၁ သို့

National Network For Education Reform (NNER)ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုးဆန်းတို့ရေးဆွဲလက်မှတ်ရေးထိုးထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်သည့် ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယား

pOf	trsdbm;ynma&;Oya'	trsdbm;ynma&;Oya' udyifqifbnfOya'urf
	trsdbm;ynma&;Oya' (၂၀၁၄ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၁။) ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ **tcef (1)** **trnEif t"ydm , fzmjycuf**	**trsdbm;ynma&;Oya' udyifqifbnfOya'urf** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။) ၁၃၇၆ ခုနှစ်၊ လ ရက် (၂၀၁၅ ခုနှစ်၊ လ ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ **tcef (1)** **trnEif t"ydm , fzmjycuf**
1	၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။	၁။ (က) ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။ (ခ) ဤဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်။
2	၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -	၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
	(ဂ) **aumf&if** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။	(ဂ) ပယ်ဖျက်သည်။
	(ဆ) **trsdbm;ynma&;** ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။	(ဆ) **trsdbm;ynma&;** ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာတွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကိုပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။
	(ည) **aumifsynma&;** ဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။	(ည) **aumifsynma&;** ဆိုသည်မှာ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။
	(ဓ) **tqifhrifhynma&;** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။	(ဓ) **tqifhrifhynma&;** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။
	(ဘ) **txl;ynma&;tpDtpOf** ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဆိုသည်။	(ဘ) **txl;ynma&;tpDtpOf** ဆိုသည်မှာ မသန်စွမ်းတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် သင့်တော်သော သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းကို ဆိုသည်။
	(ယ) **trsdbm;ynma&; tqifhwefEif t&nftaoG;tmrcHrI tuJjzwfa&;aumfrwD** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေး အမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။	(ယ) **trsdbm;ynma&; tqifhwefEif t&nftaoG;tmrcHrI tuJjzwfaumfrwD** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် လွတ်လပ်သော ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
	(ရ) **t&nftaoG;tmrcHrI** ဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။	(ရ) **t&nftaoG;tmrcHrI** ဆိုသည်မှာ ကျောင်းနှင့်ယင်းကျောင်းရှိ သင်ကြားသင်ယူမှုအစီအစဉ်များသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။
	(သ) **rlvkyfrsm;toif;** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။	(သ) **aumiftkyfcsKyfa&;tzGJ** ဆိုသည်မှာ ကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်သောအဖွဲ့ကို ဆိုသည်။
	(ဟ) **aumiftkyfcsKyfa&;tzGJ** ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းကို ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပါဝင်သည့် ကျောင်းပညာရေးဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။	(ဟ) **wuUodkvftkyfcsKyfa&;aumifpD** ဆိုသည်မှာ တက္ကသိုလ်နှင့် ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များ ပါဝင်သည့် ကောင်စီဖြစ်သည်။ (အ) **vlwdkiftcGifhOD;pm;ynma&;** ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုလိုသည်။ ***(y'fc (t)udk topfxyfjznfhpGufjcif;jzpfonf)***
	tcef (2) **trsdbm;ynma&; &nfrSef;csufrsm;**	**tcef (2)** **trsdbm;ynma&; &nfrSef;csufrsm;**
3	၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -	၃။ အမျိုးသားပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် - (ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်သည် ကွဲပြားခြားနားမှုကို အခြေမခံစေဘဲ နိုင်ငံသားတိုင်းခံစားရရှိရေး ကာကွယ်ပေးရန်နှင့် သေချာမှုရှိစေရန်။ ***(y'fc(Z) udkopfxyfjznfhpGufjcif;jzpfonf)***
	tcef (3) **trsdbm;ynma&;qdkif&m tajccHrlrsm;**	**tcef (3)** **trsdbm;ynma&;qdkif&m tajccHrlrsm;**
4	၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် - (က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊	၄။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် - (က) နိုင်ငံတော်သည် ပညာရေးလွတ်လပ်ခွင့်ကို အာမခံရေး၊
	(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊	(ခ) ပညာရေးလွတ်လပ်ခွင့်တွင် ကျောင်းသားများလွတ်လပ်ခွင့်၊ ဆရာများလွတ်လပ်ခွင့်၊ သင်ရိုးညွှန်းတမ်းလွတ်လပ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ အတွေးအခေါ်လွတ်လပ်ခွင့်၊ ဒေသဆိုင်ရာလွတ်လပ်ခွင့်၊ ကျောင်းများလွတ်လပ်ခွင့် စသည်တို့ ပါဝင်ရေး၊
	(ဂ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်ထားရှိရေး၊	(ဂ) ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး၊
	(ဃ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊	(ဃ) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး၊
	(င) နိုင်ငံတကာပညာရေး အဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကိုအသုံးပြုဆောင်ရွက်ရေး၊	(င) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ***(rlv0ya'y'fc (u) udk(i) tjzpf jyefvnfrSwfpOfwyfjcif;jzpfonf)***
	(စ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊	(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ ***(rlv0ya'y'fc (c) udk(p) tjzpf jyefvnfrSwfpOfwyfjcif;jzpfonf)***
	(ဆ) တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊	(ဆ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံးပညာသင်ခွင့်ရရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့်ပညာသင်ယူခွင့်မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူး

pmrsufEm (8)od

pmr;uf;Em (7)r

p0f	t r;ydbm;ynma&;0ya'	t r;ydbm;ynma&;0ya' udk yifqifonf0ya'lurf
		ဝန်ဆောင်မှုအစီအစဉ်များအပါအဝင် လူတိုင်း အကျိုးဝင်ပညာရေးအစီအစဉ်ထားရှိရေး၊
	(ဇ) သင်ယူလိုသူ၏ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး၊	(ဇ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊ (rv0ya'y'fc (C)ud(Z) tjzpf jyefvnf trwf0;cif;jzpf&onf)
	(ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး၊	(ဈ) နိုင်ငံတကာပညာရေး အဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး၊ (rv0ya' y'fc (i) ud(p) tjzpf jyefvnf trwf0;cif;jzpf&onf)
	(ည) အခမဲ့မသင်မနေရ rlvwef;ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊	(ည) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊ (rv 0ya'y'fc (p) ud(n) tjzpf jyefvnf trwf0;cif;jzpf&onf)
	(ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်လိုက်မွေးထုတ်ရေး၊	(ဋ) တက္ကသိုလ်နှင့် ကောလိပ်များသည်လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊ (rv0ya' y'fc (q) ud(#) tjzpfjyefvnf trwf0;cif;jzpf&onf)
	(ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊	(ဌ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့် စနစ်ထားရှိရေး၊
	(ဍ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့်လူမှုဘဝမြင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုတို့အပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်စနစ်ကို ကျင့်သုံးရေး။	(ဍ) ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်။
		(ပ) အခမဲ့မသင်မနေရ tv,fwef;ပညာရေးကို အကောင်အထည်ဖော်ရေး၊
		(ဖ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်လိုက်မွေးထုတ်ရေး၊
		(တ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊
		(ထ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး။
5	**tcef; (4)** **t r;ydbm;ynma&;aumf&ifzJGpnf;cif;** **wm0ef;ifvyf;ydkifcif;rsm;**	**tcef; (4)** **'rdkua&pynma&;vwf;vyfcif;udk tmrcHcif;** (က) ကျောင်းသားများသည် - (ကက) ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်ရှိရမည်။ (ခခ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဂဂ) အခြေခံပညာပြီးဆုံးသည့် ကျောင်းသူ/သားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်။ (ဃဃ) ကျောင်းသားများသည် လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ (ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ (စစ) ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေးကောင်စီသို့ တင်သွင်းသည့်အခါ ၎င်းကောင်စီသည် စဉ်းစားဆုံးဖြတ်ပေးရမည်။

p0f	t r;ydbm;ynma&;0ya'	t r;ydbm;ynma&;0ya' udk yifqifonf0ya'lurf
		(ဆဆ) ပညာသင်စရိတ်ခက်ခဲသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာဆက်လက်သင်ယူနိုင်ရန် ချေးငွေထုတ်ပေးမည့် အစီအစဉ်များ ဆောင်ရွက်မည်။ (ခ) ဆရာ၊ ဆရာမများသည် - (ကက) ဆရာ၊ ဆရာမများသည် ဆရာသမဂ္ဂများနှင့် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်ရှိသည်။ (ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များတွင် ဆရာသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ (ဂဂ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဃဃ) နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့် ရှိသည်။ (ငင) လွတ်လပ်စွာသုတေသနပြုခွင့်ရှိ၍ သုတေသနတွေ့ရှိချက်များကို လွတ်လပ်စွာဖော်ထုတ်ပိုင်ခွင့်ရှိသည်။ (စစ) ကျောင်းသားသင်ယူမှု ဖွံ့ဖြိုးမှုအတွက် နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ (ဆဆ) ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်းရှိသည်။ (ဇဇ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်။ (ဈဈ) ပညာရေးအဆင့်အသီးသီးတွင် သက်ဆိုင်ရာပညာရပ်များသည် တန်းတူတန်ဖိုးရှိပြီး သင်ကြားနေသော ဆရာ၊ ဆရာမများသည် တန်းတူအခွင့်အရေးရှိသည်။ (ညည) ဆရာဖြစ်နိုင်ရေးအတွက် သန်စွမ်းမှု၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ကျားမဖြစ်ခြင်းအရသော်လည်းကောင်း ခွဲခြားခြင်းမရှိစေရ။ (ဂ) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်။ (ကက) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသည့် လွတ်လပ်သောပညာရှင် အနည်းဆုံးပညာရှင် ငါးဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သောပညာရှင်နှစ်ဦး ပါဝင်ဖွဲ့စည်းမည်။ (ခခ) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီသည် ပညာရေးရည်မှန်းချက်များကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများရေးဆွဲရန် တာဝန်ခံရမည်။ ပညာရေးဝန်ကြီးဌာနမှ လုံလောက်သော ထောက်ပံ့ကူညီမှုပေးရမည်။ (ဂဂ) အမျိုးသားသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးဆောင်ရွက်နိုင်ခွင့်ရှိရမည်။ (ဃ) သင်ရိုးညွှန်းတမ်းများသည် - (ကက) ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များဖြစ်ရမည်။ (ခခ) ရှေ့ဦးသင်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရမည်။ (ဂဂ) ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ်မြော်မြင်မှုများ ရရှိစေရမည်။ လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိရမည်။ (င) သင်ကြားရေးတွင် ဘာသာစကားသုံးမျိုး စနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်။ (ကက) မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုရန်အတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်။ (ခခ) မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများ အသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်။

pmr;uf;Em (9)od

ဥပဒေကြမ်း

pmrsuf\m (8) r

pOf	trf;pbm;ynma&;Oya'	trf;pbm;ynma&;Oya'udkjyifqifonfhOya'Murf;
		(ဂဂ) တိုင်းရင်းသားလူမျိုးများစွာ နေထိုင်သော မြို့ပေါ်ကျောင်းများတွင် ကျောင်းသားများသည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပြီးဖြစ်ပါက မြန်မာဘာသာစကားကို မိခင်ဘာသာစကား အဖြစ် အသုံးပြုသင်ကြားမည်။ (ဃဃ) မိခင်ဘာသာစကားကို ရှေးဦးကလေးပညာရေး ကဏ္ဍတွင် ၁၀၀ ရာခိုင်နှုန်း၊ မူလတန်းအောက်ဆင့်တွင် ၆၀ ရာခိုင်နှုန်း၊ မူလတန်းအထက်ဆင့်တွင် ၄၀ ရာခိုင်နှုန်း သင်ကြားရန်။ (စ) ဒေသဆိုင်ရာပညာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများ၊ လွတ်လပ်သောပညာရှင်များ၊ ဆရာများ၊ မိဘများ၊ ကျောင်းသားများ၊ ဒေသခံများ ပါဝင်ခွင့်ရှိသည်။ (ဆ) တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိသည်။ (ကက) တက္ကသိုလ်ကျောင်းများ၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်မည်။ (ခခ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ် သော ပညာရှင်များ ပါဝင်သည်။ (ဂဂ) တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ အချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်။ (ဃဃ) ကျောင်းများ၏ စီမံခန့်ခွဲရေးကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ယူဆောင်ရွက်မည်။ (ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်၊ ကျောင်းသားမိဘ ကိုယ်စားလှယ်နှင့် ရပ်ရွာမှလေးစားကြည်ညိုသူများ ပါဝင်သည်။ (စစ) ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကျောင်းသားလက်ခံခြင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်း၊ မိခင်ဘာသာစကားသင်ကြားရန် ရွေးချယ်ဆုံးဖြတ်ခြင်း၊ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် ကျောင်း အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်။
၆	၁၆။ (ဂ) ပုဒ်မခွဲ (က) ပါ ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှု အဆင့်ကို စစ်ဆေးအကဲဖြတ်ရမည်။	၁၆။ (ဂ) အခြေခံပညာကျောင်းများတွင် သင်ယူမှုဖြစ်စဉ်အတွင်း စစ်ဆေးသောသင်ယူမှုကို အားပေးမြှင့်တင်သည့် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသော စစ်ဆေးနည်းစနစ် ကျင့်သုံးမည်။ (ဃ) အလွတ်ကျက်၊ အလွတ်ဖြေရသည့် မှတ်မိခြင်းကို စစ်ဆေးသည့်စာမေးပွဲစနစ်များကို ဖျက်သိမ်းမည်။ (င) တက္ကသိုလ်များတွင်လည်း အလွတ်ကျက်ဖြေဆိုရသည့် စာမေးပွဲများအစား ကျောင်းသားများ၏ လုပ်ဆောင်ချက်များ၊ စာတမ်းများ တင်ပြမှုများ၊ သုတေသနလေ့လာမှုများအပေါ် အခြေခံစစ်ဆေးမည်။ (စ) ရလဒ်တစ်ခုတည်းအပေါ် စစ်ဆေးတိုင်းတာခြင်းထက် သင်ယူမှုဖြစ်စဉ် တိုးတက်မှုကို ထည့်သွင်းစစ်ဆေးမည်။ *(y'fcGJ (C)? (i)? (p) wdkYudk topfxyfjznfhpGufcif; jzpfygonf)*
၇	၁၇။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်ဖော်ဆောင်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရမည်။	၁၇။ အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည်။
	tcef; (5) **trf;pbm;ynma&;pepf**	**tcef; (5)** **trf;pbm;ynma&;pepf**
၈	၁၉။ အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရမည်။	၁၉။ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင်ဘာသာစကားအခြေပြုဘာသာစကားစုံ သင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ်ပညာရေးမှစ၍ ကျင့်သုံးမည်။
၉	၂၀။ (ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကို မွေးထုတ်ရမည်။	၂၀။ (ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးရမည်။ (ဃ) မသန်စွမ်းသူများကို သင်ကြားပေးနိုင်သည့် ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးမည်။ *(topfxyfjznfhpGufjzpfygonf)*
၁၀	၂၁။ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည်- (က) မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့်၊ နည်းပညာနှင့် သက်မွေးပညာရေး၊ (ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်သူများ တက်ရောက်နိုင်သော ဘွဲ့ကြို ဒီပလိုမာအဆင့်နည်းပညာနှင့် သက်မွေးပညာရေး၊	ပုဒ်မခွဲ (က) ကို ပယ်ဖျက်သည်။ (ခ) အလယ်တန်းအဆင့် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊

pOf	trf;pbm;ynma&;Oya'	trf;pbm;ynma&;Oya'udkjyifqifonfhOya'Murf;
၁၁	၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၁ ပါပညာရေးအဆင့်များ၏ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလ အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားများကို သက်ဆိုင်ရာသင်တန်းပေါ် မူတည်၍ သတ်မှတ်ရမည်။	၂၂။ ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် သင်ရိုးညွှန်းတမ်း၊ အရည်အသွေးနှင့် အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီမှ သတ်မှတ်မည်။
၁၂	၂၄။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို oufqdkif၍ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။	၂၄။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။
၁၃	၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်။	၂၇။ တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်။
၁၄	၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် - (က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။ (ခ) သင်ယူသူများအား ယင်းတို့၏ ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာကျောင်းက သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ သင်ယူလိုသောပညာရပ်နှင့် ကျောင်းတို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။	၂၈။ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန် တက္ကသိုလ်ဝင်ခွင့်သည် အခြေခံအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်နှင့် ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ထားရှိရန် ဖြစ်သည်။
	tcef; (6) **ausmif;trsdK;tpm;**	**tcef; (6)** **ausmif;trsdK;tpm;**
၁၅	၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည် - (ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊	၃၄။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည် - (ဆ) အထူးကျောင်းများ၊ (ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ၊ *(y'fcGJ(n)udk topf jznfhpGufcif;jzpfygonf)*
၁၆	၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့်သက်မွေးပညာကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်တန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။	၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်တန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြား တက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့် ကိုက်ညီမှုရှိစေရမည်။
၁၇	၃၆။ ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ တရားဝင်ကျောင်းတည်ထောင်ခွင့်ရရှိသော ကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။	၃၆။ ပုဒ်မ ၃၄ တွင် ဖော်ပြထားသောကျောင်းများသည် သင်တန်းဆင်းလက်မှတ်၊ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာအောင်လက်မှတ်တို့ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။
၁၈	၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။	၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် - (က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့် အဆင့်တိုင်းတွင် အများနည်းတူ တန်းတူပညာသင်ကြားနိုင်ရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များ၊ သင့်လျော်သော ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများကို ပြုလုပ်ပေးရမည်။ မသန်စွမ်းသူများအတွက် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင် ဖန်တီးပေးရမည်။ (ခ) ပင်မပညာရေးစနစ်ဖြင့် သင်ကြားနိုင်ရန် ခက်ခဲသည့် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့်သင်ကြားပေးသော ကျောင်းများထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက၊ လူမှုရေးအဖွဲ့အစည်းများနှင့် မသန်စွမ်းအသင်းအဖွဲ့များက ဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်သည်။
၁၉	၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် - (က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ (ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများနှင့် သဘာဝဘေး အန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။	၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍- (က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ အလယ်တန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ (ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ် ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။
	tcef; (7) **oif½dk;ñTef;wrf;Eifhoif½dk;ñTef;wrf;powfwrf;cif;**	**tcef; (7)** **oif½dk;ñTef;wrf;Eifhoif½dk;ñTef;wrf;powfwrf;cif;**
၂၀	၃၉။ **aumf&if**သည် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် - (ဆ) ပုဒ်မခွဲ (စ) ပါသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကိုဒေသအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊	၃၉။ **trsdK;om;oif½dk;ñTef;wrf; a&;qG²&;aumfrwD** သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် - (ဆ) သင်ရိုးညွှန်းတမ်းစံကိုအခြေခံ၍ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုကို ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး၊
၂၁	၄၀။ ကျောင်းများသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့်	၄၀။ (က) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို အောက်ပါအတိုင်း အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းမည်-

pmrsuf\m (10) od

pmru&Em (9) r

p0f	trsdbm;ynma&;Oya'	trsdbm;ynma&;Oya' udyifqifonfOya'lurf
	နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်ကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများကို တည်ဆဲဥပဒေ နှင့်အညီ ပြောင်းလဲမြှင့်တင်နိုင်ခွင့်ရှိသည်။	(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံးငါးဦး၊ (ခခ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင်နှစ်ဦး၊ (ဂဂ) ပညာရေးဝန်ကြီးဌာနက ခန့်အပ်သော ပညာရှင်နှစ်ဦး၊ (ခ) အဆိုပါကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ ရေးဆွဲရန် တာဝန်ခံရမည်။ (ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။ (ဃ) ကော်မတီနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။ (င) ကော်မတီနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။ (စ) ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။
၂၂	၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်- (က)အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို **aumf&if**၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။ (ခ) မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြားသင်ယူသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။	၄၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် - (က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို **trsdbm; oifcsdefwrf;a&;qa&;aumfw**၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။ (ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။
၂၃	၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည်- (က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။	၄၂။ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် - (က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် ကူညီဆောင်ရွက်ရမည်။
၂၄	၄၃။(က)သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ (ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။	၄၃။ ပယ်ဖျက်မည်။
၂၅	၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်။	၄၄။ ပယ်ဖျက်မည်။
၂၆	၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။	၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိကလေးကို မည်သည့် ကျောင်းတွင်မဆို အပ်ပိုင်ခွင့်ရှိသည်။
၂၇	၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။	၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းရရှိစေရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။
၂၈	၄၉။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် - (က)ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ကူညီပံ့ပိုးရမည်။ (ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများထားရှိရမည်။ (ဃ)ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ (စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိစေရမည်။	၄၉။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် - (က) ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ကူညီပံ့ပိုးရမည်။ (ဂ) ပယ်ဖျက်သည်။ (ဃ) ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်။ (စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။ (ဈ) နိုင်ငံတော်သည် ကလေးများကို ကျောင်းနေအရွယ်တွင် အခမဲ့မသင်မနေရ ပညာရေးပြီးမြောက်သည်အထိ တာဝန်ယူပံ့ပိုးပေးရမည်။ ***(ပုဒ်မခွဲ (ဈ)ကို အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါသည်။)***
	tcef (9) **q&mrsm;**	**tcef (9)** **q&mrsm;**
၂၉	၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။	၅၁။ ပယ်ဖျက်သည်။
၃၀	၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်။	၅၂။ ပယ်ဖျက်သည်။
၃၁	၅၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။	၅၃။ တက္ကသိုလ်ကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။
	tcef (10) **t&nftaoG;tuJzwfEiftf&nftaoG;tmrcH**	**tcef (10)** **t&nftaoG;tuJzwfEif t&nftaoG;tmrcH**
၃၂	၅၄။ (ခ)ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။	၅၄။(ခ) အရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်ကျောင်းတွင်း အရည်အသွေးစစ်ဆေးအကဲဖြတ်လုပ်ငန်းစဉ်နှင့် ကျောင်းပြင်ပအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။
၃၃	၅၅။ ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။	၅၅။(က) ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး ၉ ဦး ဖြင့်လွတ်လပ်သောအဖွဲ့အဖြစ် ဖွဲ့စည်းရမည်- (ကက) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များ အနည်းဆုံးငါးဦး၊ (ခခ) ပညာရေးဝန်ကြီးဌာနမှခန့်အပ်သော ပညာရှင်များနှစ်ဦး၊ (ဂဂ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင်နှစ်ဦး၊ (ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ် ကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။ (ဂ) အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။ (ဃ)အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။ (င) အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။
	tcef (11) **ynma&;prcefrEif;u;luyf**	**tcef (11)** **ynma&;prcefrI**
၃၄	၅၆။(က)ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။ (ခ) ပုဒ်မခွဲ (က)ပါ ကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ခွဲဝေဆောင်ရွက်ရမည်။	၅၆။(က)တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။ (ခ) ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးရမည်။
၃၅	၅၇။(က)အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်။ (ခ) ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်း စပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်။ (ဂ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။ (ဃ)အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကို သက်ဆိုင်ရာပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။	၅၇။ ပယ်ဖျက်သည်။
၃၆	၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-	၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

pmru&Em (11) od

ဥပဒေကြမ်း

pmrsuf;rsm (10)r

pOf	trsdK;pbm;ynma&;Oya'	trsdK;pbm;ynma&;Oya' udkjyifqifonfhOya'Murf
	(က) ပညာရေး အရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့်စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊	(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်သည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံချက်ကို ပံ့ပိုးခြင်း၊
	(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်း၊	(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊
	(ဂ) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊	(ဂ) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊
	(ဃ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊	(ဃ) ပယ်ဖျက်သည်။
37	၆၀။ **ကော်မရှင်**သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။	၆၀။ **ဝန်ကြီးဌာန**သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးမည်။ ကြီးကြပ်ရေးအဖွဲ့တွင် ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသော ပညာရှင်များ ပါဝင်ရမည်။
	tcef (12) **b@ma&;**	**tcef (12)** **b@ma&;**
38	၆၂။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။	၆၂။(က) နိုင်ငံ၏ပညာရေးအသုံးစရိတ်ကို ငါးနှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးသုံးစွဲမည်။ (ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။
39	၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် - (က) ပုဒ်မ ၆၂ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။ (ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်း ဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။ (ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။	၆၃။ ပညာရေးအဆင့်ဆင့်နှင့်ကျောင်းများသည် - (က) ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲရာတွင် ပညာရေးကဏ္ဍနှင့် သက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးမှုရှိရမည်။ (ခ) ငွေစာရင်းစစ်ဆေးရာတွင် အသိအမှတ်ပြု ပြင်ပစာရင်းစစ်အဖွဲ့များ၏ စစ်ဆေးမှုကို ခံယူရမည်။ (ဂ) ဘဏ္ဍာရေးအစီရင်ခံစာများကို အလှူရှင်များနှင့် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။
40	၆၄။(ခ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။	၆၄။ (ခ) တက္ကသိုလ်ကောလိပ်နှင့်ကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။ (ဂ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာတက္ကသိုလ်နှင့် ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ***(ပုဒ်မခွဲ (ဂ)ကို အသစ်ဖြည့်စွက်ခြင်းဖြစ်ပါသည်။)***

pOf	trsdK;pbm;ynma&;Oya'	trsdK;pbm;ynma&;Oya' udkjyifqifonfhOya'Murf
41	၆၅။ ကော်မရှင်သည်- (က) မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။ (ခ) မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေ နှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။	၆၅။ ပယ်ဖျက်သည်။
	tcef (13) **u;ajymif;a&;umvjy|mefcsuf;**	**tcef (13)** **u;ajymif;a&;umvjy|mefcsuf;**
42	၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ဖြစ်ရမည်။	၆၆။(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။ (ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်ရှိစေရမည်။ (ဂ) အသွင်ကူးပြောင်းရေးကာလတွင် အလယ်တန်းမသင်မနေရပညာရေးကို ပြဋ္ဌာန်းရာ၌ မိဘများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးမည်။ (ဃ) အသွင်ကူးပြောင်းရေးကာလတွင် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသည့် စစ်ဆေးနည်းကို ဦးစားပေး၍ သင်ယူမှုအဆုံးသတ် စစ်ဆေးနည်းကို ပူးတွဲကျင့်သုံးမည်။
43	၆၈။(ခ) ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)တွင် အကျုံးဝင်သောကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။	၆၈။ (ခ) ပယ်ဖျက်သည်။
44	၆၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် - (က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ (ခ) ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီနှင့်အဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။	၆၉။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်။ ၇၀။ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ ပညာရေးနှင့် သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိရယူနိုင်သည်။

jynfbrsm; o&bvvmtlujyEdkifefazmjycifzpyonf

စာမျက်နှာ ၆ မှ

၁၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။”

၁၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆၅။ (က) အစိုးရအဖွဲ့သည်-

(၁) အဆင့်မြင့်ပညာကျောင်းများ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို တောင်းခံရန်အတွက် တာဝန်ခံ ဆောင်ရွက်မည့် လွတ်လပ်စွာရပ်တည်သော တက္ကသိုလ်များရန်ပုံငွေစိစစ်ရေးအဖွဲ့ (Universities' Grant Body)ကို သင့်တော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

(၂) မိမိဖွဲ့စည်းထားသော ကော်မရှင်၊ ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ထောက်ပံ့ပေးရမည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ကော်မတီ သို့မဟုတ် ကောင်စီ သို့မဟုတ် အဖွဲ့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၁၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆၆။ ဤဥပဒေမပြဋ္ဌာန်းမီကတည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။”

၂၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆၉။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၊ ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၁၉-၂-၂၀၁၅ (ကြာသပတေးနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၅ သာသနာတစ်ခေတ်ဖူးတွေ့ခဲ့သည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူ
၉း၄၀ ရှုဖွယ်စုံလင်အာဆီယံတစ်ခွင်
၁၀း၃၅ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စွမ်းဆောင်ချက်များ
၁၂း၅၀ သုခုမရင်ခွင်အငြိမ့်သဘင် “မန္တလေးစတားအငြိမ့်” (မင်းသမီး-ကြည်ဖြူမန်းဝင်း၊ လူရွှင်တော် ချစ်စရာ၊ ထင်ပေါ်၊ ပေါစိန်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁း၄၀ ဒို့ရွာကိုရောက် Set -Top Box
၃း၃၅ အနုပညာ သတင်းအစီအစဉ်
၄း၄၅ မြန်မာယူ-၂၂ အသင်းနှင့် ဖိဂျီယူ-၂၀ အသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာယူ-၂၂ အသင်းနှင့် ဖိဂျီယူ-၂၀ အသင်း)
-သမဝါယမဂုဏ်ပြုဇာတ်လမ်း “ပျိုပျိုမေတို့ရဲ့နေ့သစ်” (အရိုင်း၊ ငှက်ပျောကြော်၊ နန်းခင်ဇေယျာ၊ သန်းသန်းစိုး၊ အေးအေးခိုင်၊ နေအဥ္စရာ၊ သက်ထားရွှေစင်) (ဒါရိုက်တာ-တူနိုင်းခ)
- ညဏ်ရည်ချင်းပြိုင်ဘက်သူနိုင်
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

■ကျောဖုံးမှ

မေး။ ။မနေ့က လောက်ကိုင်မှာ ဖြစ်ပွားခဲ့တဲ့ ကြက်ခြေနီယာဉ်တန်း ပစ်ခတ်ခံရမှုနဲ့ပတ်သက်ပြီး အသေးစိတ်ရှင်းပြပေးပါရှင့်။

ဖြေ။ ။လောက်ကိုင်မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကနေ စစ်ရှောင်လိုကြတဲ့ မြန်မာပြည်အနယ်နယ်အရပ်ရပ်က နေရပ်ပြန်သူ အင်အား ၁၀၀ ကို ကွမ်းလုံက ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေက မော်တော်ယာဉ် ၁၀ စီးပါ ယာဉ်တန်းနဲ့ သွားရောက်ကူညီခေါ်ဆောင်ပေးကြတာပါ။ လောက်ကိုင်ဒေသခံ ကြည်ခြေနီတွေ စုစည်းမရသေးခင်မှာ ကွမ်းလုံက ကြက်ခြေနီ တပ်ဖွဲ့ဝင် ၁၅ ဦးနဲ့ ကွမ်းလုံကနေ ချင်းရွှေဟော်ကိုဖြတ်ပြီး လောက်ကိုင်ကို သွားခဲ့တယ်။ တိုက်ပွဲတွေဖြစ်နေတဲ့အချိန်မှာ ယာဉ်တန်းကို ရပ်ထားပြီး သူတွေဖြစ်ပါတယ်။ ဟိုမှာတိုက်ပွဲတွေဖြစ်တော့ နေထိုင်လုပ်ကိုင်စရာတွေမရှိတော့ဘဲ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက သွားပြီးကယ်ထုတ်လာတဲ့သဘောဖြစ်ပါတယ်။ အခု လားရှိုးအထက(၁)မှာ ၃၁၆ ဦးကို နေရာချထားပေးပါတယ်။ လားရှိုးမှာ ပြည်နယ်ကြက်ခြေနီကြီးကြပ်ရေးမှူးကော်မတီနဲ့ ဒေသအာဏာပိုင်တွေက လိုအပ်တဲ့ စားနပ်ရိက္ခာ၊ အဝတ်အထည်နဲ့ ဆေးဝါးစတာတွေ ပံ့ပိုးပေးလျက်ရှိပါတယ်။

မေး။ ။ပစ်ခတ်မှုတွေဖြစ်တဲ့အခါမှာ မော်တော်ယာဉ်တွေနဲ့ ကြက်ခြေနီစေတနာလုပ်အားရှင်တွေမှာ ကြက်ခြေနီအမှတ်အသားတွေ၊ အလံတွေ ပါဝင်ပါလားရှင့်။

ဖြေ။ ။ယာဉ်တန်းက ယာဉ် ၁၀ စီးအနက် ယာဉ်ရှစ်စီးမှာ ကြက်ခြေနီ ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitrarian Law) ရှိပါတယ်။ အဲဒီဥပဒေအရလည်း လုပ်ပိုင်ခွင့်မရှိပါဘူး။

ကြက်ခြေနီတွေကို ဒီလိုအန္တရာယ်ရှိတဲ့နေရာကိုလွှတ်မယ်ဆိုရင် အဓိကက အသက်အာမခံထားပေးပါတယ်။ အသက်အာမခံက တစ်နှစ်ကို ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀၀၀ ကို ဆွစ်ဇာလန်မှာရှိတဲ့ ကြက်ခြေနီအဖွဲ့ချုပ်မှာ အာမခံပေးသွင်းထားပါတယ်။ လိုအပ်လို့ အန္တရာယ်ရှိတဲ့နေရာထပ်လွှတ်ရမယ်ဆိုရင်တောင် အသက်အာမခံထားပြီးသားတပ်ဖွဲ့ဝင်တွေကို စေလွှတ်ရမှာဖြစ်ပါတယ်။

အခု ဒဏ်ရာရခဲ့တဲ့နှစ်ယောက်မှာ တပ်စုမှူးဖြစ်တဲ့ ဦးမိုးကျော်သန်းကတော့ အသက်အာမခံရှိပါတယ်။

တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိစစ်သည်များအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဒုတိယဗိုလ်မှူးကြီး သန့်ဇော်-၀၉-၇၃၂၀၆၆၉၉၊ ၀၁-၂၅၉၂၆ (ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး -၀၉-၅၂၅၀၉၉၅၊ ၀၈၃-၃၆၀၃၃(လားရှိုး)

ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိသွားသော ကြက်ခြေနီစေတနာလုပ်အားရှင်များအား သယ်ဆောင်လာစဉ်။ ဓာတ်ပုံ-ဂျေပိုင်(ရောဝတီ)

တိုက်ပွဲမရှိတဲ့အချိန်မှာ လောက်ကိုင်က သူတွေကို ကူညီခေါ်ဆောင်ခဲ့တာပါ။ လောက်ကိုင်နဲ့ ချင်းရွှေဟော်ကြားက တောင်ကုန်းပေါ်ကနေပြီး ကိုးကန့်အဖွဲ့က ငါးမိနစ်ကြာလောက်ပစ်ခတ်ပါတယ်။ ဒီလိုပစ်ခတ်တဲ့အခါမှာ ယာဉ်တန်းရဲ့ရှေ့ဆုံးယာဉ်မှာပါလာတဲ့ ကြက်ခြေနီတပ်စုမှူး ဦးမိုးကျော်သန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးဇော်မင်းထိုက်တို့ ဒဏ်ရာတွေရခဲ့ပါတယ်။ တပ်စုမှူးက ဝမ်းဗိုက်ကို ကျည်ဆန်ထိမှန်ခဲ့ပြီး တပ်သားကတော့ မော်တော်ယာဉ်လေကာမှန်မှ တစ်ဆင့် မှန်စစိုက်ဝင်ပြီး ညာဘက်မျက်လုံးဒဏ်ရာရရှိခဲ့ပါတယ်။

မေး။ ။ဒဏ်ရာရရှိခဲ့တဲ့ ကြက်ခြေနီနှစ်ဦးကို ဘယ်လိုစောင့်ရှောက်မှုတွေ ပေးခဲ့တာလဲရှင့်။

ဖြေ။ ။ဒဏ်ရာရတဲ့သူ နှစ်ဦးလုံးကို ပါလာတဲ့ ကြက်ခြေနီတပ်သားတွေက ချက်ချင်းပဲ ကွမ်းလုံဆေးရုံကို ပို့ပေးကြပါတယ်။ ဝမ်းဗိုက်သေနတ်ထိမှန်တဲ့ တပ်စုမှူးကို ချက်ချင်းပဲ ကျည်ဆန်ခွဲထုတ်ပေးနိုင်ခဲ့ပါတယ်။ မျက်လုံးနဲ့ ဦးခေါင်းဒဏ်ရာရခဲ့တဲ့သူကတော့ မျက်စိအထူးကုဆရာဝန်ရှိတဲ့ လားရှိုးဆေးရုံကို ပို့နေပါတယ်။ အခုတော့ စိုးရိမ်စရာအခြေအနေ မရှိတော့ဘူးလို့ သိရပါတယ်။

မေး။ ။ယာဉ်တန်းမှာ ပါဝင်တဲ့ စစ်ရှောင်ဒုက္ခသည်တွေကိုရော ဘယ်လိုများ စီစဉ်ပေးခဲ့လဲရှင့်။

ဖြေ။ ။သူတို့ကိုတော့ ကွမ်းလုံမြို့ကို ဆက်လက်ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလိုဖြစ်ပွားပြီးတဲ့အချိန်မှာ ကြက်ခြေနီဝန်ထမ်းတွေနဲ့ တပ်မတော်စစ်ကြောင်းကနေ ကွမ်းလုံအထိ ပို့ဆောင်ပေးတယ်လို့ ယူဆပါတယ်။ ဒုက္ခသည်အများစုက လောက်ကိုင်မှာ သွားပြီး ကြံခုတ်တဲ့လုပ်ငန်းကို လုပ်ကြ အလံတွေ လွှင့်ထူထားပါတယ်။ ကြက်ခြေနီအလံတွေက ထင်ရှားပါတယ်။ အဖြူရောင်နောက်ခံပေါ်မှာ အနီရောင်ကြက်ခြေနီအမှတ်အသားဖြစ်ပါတယ်။ ဒါ့အပြင် တပ်ဖွဲ့ဝင်တွေက ရှေ့မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းစာတန်းနဲ့နောက်မှာ ကြက်ခြေနီ တံဆိပ်ပါတဲ့ ဝေ့စ်ကုတ်တွေဝတ်ထားပါတယ်။

မေး။ ။တိုက်ပွဲဖြစ်နေတဲ့ အနေအထားနဲ့ ကြက်ခြေနီယာဉ်တန်းကို တိုက်ခိုက်ခံရတာမျိုး အရင်ကရော ဖြစ်ဖူးလားရှင့်။

ဖြေ။ ။အရင်က မဖြစ်ဖူးပါဘူး။ အခုသတင်းတွေအရက အဲဒီယာဉ်တန်းထွက်သွားတဲ့အချိန်မှာ တပ်မတော်နဲ့ ကိုးကန့်တို့ တိုက်ပွဲဖြစ်ပွားနေတယ်လို့သိရပြီး ယာဉ်တန်းက ရှေ့ဆက်မသွားနိုင်ပါဘူး။ ခဏရပ်ထားပြီး တော်တော်ကြာတဲ့အခါမှာ တိုက်ပွဲပြီးသွားပြီလို့ယူဆတဲ့အတွက် ယာဉ်တန်းနဲ့ဆက်လက်ထွက်ခွာတာဖြစ်ပါတယ်။ အရပ်သားတွေအပြောအရ လက်နက်ကြီးနဲ့ပါ ပစ်ခတ်ပြီးမထိခဲ့ဘူးလို့လည်း သိရပါတယ်။

မေး။ ။ဒီလိုအခြေအနေမျိုးမှာ သွားရောက်တာဝန်ထမ်းဆောင်မယ့် စေတနာလုပ်အားရှင်ကြက်ခြေနီများ လုံခြုံမှုအတွက် ဘယ်လိုမျိုးကြိုတင်ပြင်ဆင်မှုတွေရှိလဲရှင့်။

ဖြေ။ ။ကြက်ခြေနီ အဖွဲ့ဝင်အားလုံးအတွက် အကာအကွယ်က ကြက်ခြေနီအမှတ်အသားဖြစ်ပါတယ်။ ကြက်ခြေနီအမှတ်အသားနဲ့ပတ်သက်ပြီး ဂျနီဗာကွန်ဗင်းရှင်းရှိပါတယ်။ အဲဒီအမှတ်အသားဟာဆိုရင် အရပ်ဘက် အမှတ်အသားတွေဖြစ်တဲ့အတွက် အထူးသဖြင့် ကြက်ခြေနီအမှတ်တံဆိပ်နဲ့ဆိုရင် ပစ်ခတ်ခွင့်မရှိပါဘူး။ နောက်တစ်ခုက အပြည်ပြည် တခြားတစ်ယောက်ကတော့ မရှိပါဘူး။ လောလောဆယ်တော့ ဒီတပ်ဖွဲ့ဝင်နှစ်ယောက်အတွက်ကို အရေးပေါ်ရန်ပုံငွေကနေ လိုအပ်တဲ့ဆေးဝါးကုသမှုအတွက် အသုံးပြုနိုင်အောင် ငွေကျပ် ၁၀ သိန်း ပေးပို့ဖို့ စီစဉ်နေပါတယ်။ ရန်ကုန်မြို့အထိခေါ်ပြီး ဆေးကုသမှုဆောင်ရွက်နိုင်အောင် ကုန်ကျစရိတ်အားလုံးလည်း တာဝန်ယူဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့လည်း အဲဒီဒေသမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ အသုံးတည့်မယ့် အရေးပေါ်တုံ့ပြန်မှုပစ္စည်းတွေလည်း ပို့ထားပြီးဖြစ်ပါတယ်။

မေး။ ။အခုဖြစ်စဉ်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ ဘယ်လိုတုံ့ပြန်ဖို့ စီစဉ်ထားပါလဲရှင့်။

ဖြေ။ ။ဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်မှုတွေ ဆောင်ရွက်ဖို့ တိကျမှန်ကန်တဲ့သတင်းတွေ စုဆောင်းနေပါတယ်။ အားလုံးရပြီဆိုရင် MRCS က တင်ထားတဲ့ ဝက်ဘ်ဆိုက်မှာ တင်သွားမှာပါ။ အဲဒီကနေ နိုင်ငံတကာ သိသွားမှာဖြစ်ပါတယ်။

မေး။ ။နိုင်ငံတကာ အသိုင်းအဝိုင်းကရော ဒီဖြစ်စဉ်အပေါ်မှာ တုံ့ပြန်ပြောဆိုတာတွေ ရှိလားရှင့်။

ဖြေ။ ။အခုချိန်အထိတော့ ဆက်သွယ်ပြောဆိုတာတွေ မရှိသေးပါဘူး။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအဖွဲ့ချုပ်ရှိပါတယ်။ အဲဒီက တာဝန်ခံကတော့ လာမေးသွားတာရှိပါတယ်။ သူတို့ကလည်း ဝက်ဘ်ဆိုက်ပေါ်တင်မှာဖြစ်ပါတယ်။

မေး။ ။ကြက်ခြေနီအလံတွေ လွှင့်ထူထားပြီး ကြက်ခြေနီအမှတ်အသားတွေ ထင်ရှားနေပေမယ့် မထင်မှတ်ဘဲ အခုလိုပစ်ခတ်ခံရတဲ့အပေါ်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းတာဝန်ရှိသူတစ်ဦးအနေနဲ့ ဘယ်လိုများ ယူဆပါသလဲရှင့်။

ဖြေ။ ။ကြက်ခြေနီတပ်ဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ဂယနဏ သိဖို့လိုအပ်ပါတယ်။ ကြက်ခြေနီက ကြားနေအဖွဲ့အစည်းဖြစ်ပြီး ကြားကနေ ဝင်ပြီးဆောင်ရွက်တဲ့အခါ အစိုးရအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ တစ်ဖက်က အဖွဲ့အစည်းပဲဖြစ်ဖြစ် ကြက်ခြေနီကို သိဖို့လိုအပ်ပါတယ်။ လိုအပ်တဲ့အချိန်မှာ လိုအပ်သလို ကူညီဆောင်ရွက်နိုင်ဖို့ ကြက်ခြေနီအဖွဲ့ကသွားပြီး ဆောင်ရွက်နေမှာပါပဲ။ သူတို့တွေမှာ အန္တရာယ်ရှိတာတောင် စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်က ရှိပြီးသားဖြစ်ပါတယ်။

ဒီအဖွဲ့က လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ဘူး။ သူတို့ကို ဒုက္ခပေးမယ့် အဖွဲ့အစည်းလည်းမဟုတ်ဘူး။ လောက်ကိုင်မှာလည်း ၂၀၀၆ ခုနှစ်ကစလို့ ကြက်ခြေနီအသင်းကို ဖွဲ့စည်းထားလို့ သူတို့မသိစရာတော့ မရှိပါဘူး။ ဒါကို သိရက်သားနဲ့ ပစ်ခတ်တာကတော့ လူသားချင်းစာနာထောက်ထားမှုမရှိတဲ့ ပြစ်မှုကျူးလွန်တယ်လို့ ဆိုရမှာပါ။ ဘေးဒုက္ခကာကွယ်စောင့်ရှောက်ပေးတဲ့အဖွဲ့ဖြစ်တဲ့ ဒီအဖွဲ့ကိုတော့ သူတို့ မလုပ်သင့်ဘူးလို့ ယူဆပါတယ်။

မေး၊ ရေး
မိုးသူဇာစိုး

ကြက်ခြေနီစေတနာလုပ်အားရှင်များ ရှမ်းပြည်နယ်တိုက်ပွဲတွင် ဒဏ်ရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်နှစ်ဦးသည် ဖေဖော်ဝါရီ ၁၇ ရက်(အင်္ဂါနေ့)တွင် မော်တော်ယာဉ်များဖြင့် နေရပ်ပြန်သူများအား ကူညီပို့ဆောင်ပေးစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုမတော်တဆမှုသည် ကွမ်းလုံမြို့နယ်နှင့် ချင်းရွှေဟော်မြို့နယ်တို့အကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စေတနာလုပ်အားရှင် နှစ်ဦးတွင် တစ်ဦးမှာ ဦးခေါင်းပိုင်းတွင်လည်းကောင်း၊ တစ်ဦးမှာ ဝမ်းဗိုက်ပိုင်းတွင်လည်းကောင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုအခါတွင် စေတနာလုပ်အားရှင်နှစ်ဦးလုံးသည် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေလျက်ရှိပြီး ၎င်းတို့အနက် ဦးခေါင်းဒဏ်ရာ

စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ❐

အားကစား

○ **အမျိုးသားအားကစားပွဲတော်မှ**

လိုက်အုပ်စုပွဲစဉ် နှစ်ပွဲ ယှဉ်ပြိုင်ကြသည်။

တင်းနစ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲ၌ အောင်ကျော်နိုင်(ပဲခူး)က ပိုင်စိုးဦး(မန္တလေး)ကိုလည်းကောင်း၊ ဇော်ဆန်းဦး(ရခိုင်)က မင်းမင်း(ရခိုင်)ကို လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲ၌ နီလာဝင်း(ရခိုင်)က ဝင့်သဇင်ထိုက်(နေပြည်တော်)ကိုလည်းကောင်း၊ သန္တာအောင်(ရခိုင်)က ယဉ်သူဇာလွင်(နေပြည်တော်)ကိုလည်းကောင်း အသီးသီးအနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြပြီး အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဇော်ဆန်းဦး-မင်းမင်း(ရခိုင်)အတွဲက အောင်ကျော်နိုင်-အောင်မျိုးသန့် (ပဲခူး)အတွဲကိုလည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲဗိုလ်လုပွဲတွင် မေသီထွန်း-အေမီထွန်း(ပဲခူး)အတွဲက နီလာဝင်း-သန္တာအောင်(ရခိုင်)အတွဲကိုလည်းကောင်း အနိုင်ရဗိုလ်စွဲကြသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်းအကြိုဗိုလ်လုပွဲတွင် နေမျိုးအောင်(ပဲခူး)က ကိုယ်အလေးချိန် ပိုနေသဖြင့် ရဲသွေးနီ(ကရင်)ကလည်းကောင်း၊ သိန်းစိုး(ရန်ကုန်)က အောင်ဇင်ဦး(ရှမ်း)ကို စတုတ္ထအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် စလူကာ(စစ်ကိုင်း)က ဗိုစိုးအောင်(မန္တလေး)ကို ပထမအချီ ၁ မိနစ် ၅၉ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ပြည့်ဖြိုးမောင်(တနင်္သာရီ)က စောဆာဝါး(ကယား)ကို ပထမအချီ ၅၁ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ထွန်းနိုင်ဦး(ပဲခူး)က လယ်ဘွယ်ထူး(ရန်ကုန်)ကို ပထမအချီ ၄၈ စက္ကန့်တွင် လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းတွင် မြတ်နိုးသူ(တနင်္သာရီ)က ဒုတိယအချီ ၂ မိနစ် ၁၃ စက္ကန့်တွင် ဒဏ်ရာအနာတရဖြစ်၍ ဟေမာန်စိုး(ကရင်)ကလည်းကောင်း အသီးသီး အနိုင်ရကြသည်။

အမျိုးသားဘောလုံးအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၃၊ ၄)၌လည်းကောင်း၊ အမျိုးသမီးဘောလုံးအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ လည်းကောင်း ကျင်းပသည်။

စစ်တုရင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဆိုရှယ်ဇုန်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာစစ်တုရင်အလွတ်တန်းပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ အမျိုးသားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်က မန္တလေးကို 1Wicket ဖြင့်လည်းကောင်း၊ ပဲခူးက ရှမ်းကို ၅၈ မှတ်အသာဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များတွင် ရန်ကုန်က ပဲခူးကို 3Wicket ဖြင့် လည်းကောင်း၊ မန္တလေးက နေပြည်တော်ကို ၄၀ မှတ်အသာဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။ အမျိုးသမီးပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်က ပထမ၊ မန္တလေးက ဒုတိယ၊ နေပြည်တော်က တတိယ ရရှိခဲ့သည်။

ရိုးရာလက်ဝှေ့ အမျိုးသမီးပွဲစဉ်တွင် ဟေမာန်စိုး (ကရင်) အနီနှင့် မြတ်နိုးသူ (တနင်္သာရီ) အပြာတို့ ယှဉ်ပြိုင်စဉ်။

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တနင်္သာရီနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်စဉ်။

ခရစ်ကက်အမျိုးသား အကြိုဗိုလ်လုပွဲကို ရန်ကုန်နှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပဲခူးအသင်း ရိုက်ချက်ကို ကယားအသင်းကာကွယ်စဉ်။

အမျိုးသမီး နှစ်ယောက်တွဲ တင်းနစ်ဗိုလ်လုပွဲ ယှဉ်ပြိုင်စဉ်။

အမျိုးသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

အမျိုးသားအားကစားပွဲတော်၏ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းများတွင် ဆက်လက်ယှဉ်ပြိုင်ကစားသည်။

အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် နှစ်ပွဲဆက် အနိုင်ရရှိထားသည့် နေပြည်တော်အသင်းမှာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အုပ်စုအဖွင့်ပွဲတွင် စစ်ကိုင်းကို ရှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည့် နေပြည်တော်အသင်းမှာ ရှမ်းပြည်နယ်ကို တစ်ယောက်လျော့သော်လည်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။ အခြားပွဲစဉ်တွင် ကချင်အသင်းက ကယားအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (ခ)၌ နေပြည်တော်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး လက်ကျန်တစ်နေရာအတွက် ရှမ်းနှင့် စစ်ကိုင်းပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ အုပ်စု(က)တွင် ဧရာဝတီက တစ်ပွဲကစား သုံးမှတ်၊ ကချင်က နှစ်ပွဲကစား သုံးမှတ်တို့ရရှိထားပြီး ဧရာဝတီမှာ အမှတ်မရသေးသည့် ကယားနှင့် ကစားရန် ကျန်နေသည်။ အုပ်စု(ဂ)နှင့် (ဃ)မှာ နှစ်သင်းတည်းသာရှိသောကြောင့် အုပ်စု(ဂ)မှ ကရင်နှင့် ပဲခူးအုပ်စု(ဃ)မှ ရန်ကုန်နှင့် မန္တလေးတို့မှာ ကွာတားတက်သွားပြီဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ကစားသည့် အမျိုးသားပြိုင်ပွဲတွင် အုပ်စု(က)၌ မကွေးအသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အုပ်စု(ခ)၌ ကချင်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အုပ်စု(ဂ)၌ မန္တလေးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(ချစ်ကိုကို)

၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်
(၁၃. ၂. ၁၅)ရက်နေ့မှ(၁၈. ၂. ၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

ပြည်နယ်/တိုင်းဒေသကြီး	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ရန်ကုန်တိုင်းဒေသကြီး	၅၃	၃၃	၂၄	၁၁၀
မန္တလေးတိုင်းဒေသကြီး	၂၁	၂၃	၂၉	၇၃
ပဲခူးတိုင်းဒေသကြီး	၈	၁၀	၁၂	၃၀
ရခိုင်ပြည်နယ်	၈	၅	၇	၂၀
နေပြည်တော်ကောင်စီနယ်မြေ	၄	၆	၆	၁၆
ဧရာဝတီတိုင်းဒေသကြီး	၃	၆	၁၆	၂၅
စစ်ကိုင်းတိုင်းဒေသကြီး	၃	၂	၂	၇
ရှမ်းပြည်နယ်	၂	၅	၁၁	၁၈
မွန်ပြည်နယ်	၂	၅	၅	၁၂
မကွေးတိုင်းဒေသကြီး	၂	၅	၄	၁၁
ကယားပြည်နယ်	၂	-	၂	၄
ချင်းပြည်နယ်	၂	-	-	၂
တနင်္သာရီတိုင်းဒေသကြီး	၁	၇	၁၀	၁၈
ကချင်ပြည်နယ်	၁	၄	၂	၇
ကရင်ပြည်နယ်	၁	၁	၄	၆

**** စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ၁၉-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် အားကစားပြိုင်ပွဲအစီအစဉ်

စဉ်	အားကစားနည်း	ပြိုင်ပွဲအရေအတွက်	အချိန်	ကျင်းပမည့်နေရာ	ဆုချီးမြှင့်မည့်အချိန်
၁	မသန်စွမ်း ပြေးခုန်ပစ်	ကျား(၂၈)ပွဲ မ(၄) ပွဲ	(၀၇း၀၀) နာရီ စတင်ပါမည်	လေ့ကျင့်ရေးကွင်း (၁)	(၀၈း၃၀)နာရီတွင် တစ်ကြိမ် (၁၀း၃၀)နာရီတွင် တစ်ကြိမ် (၂)ကြိမ်ခွဲ၍ ဆုပေးပါမည်
၂	ဘောလုံး(ကျား)	(၂)ပွဲ (၂)ပွဲ	(၀၇း၀၀)နာရီ (၁၅း၃၀)နာရီ	လေ့ကျင့်ရေးကွင်း (၃-၄)	
၃	ခရစ်ကက်	ဗိုလ်လုပွဲ ကျား(၁)ပွဲ	(၀၇း၃၀)နာရီ	လေ့ကျင့်ရေးကွင်း (၂)	(၁၀း၃၀)နာရီတွင် ဆုပေးပါမည်
၄	ပိုက်ကျော်ခြင်း	ကျား(၂)ပွဲ မ(၂)ပွဲ ကျား(၂)ပွဲ	(၀၈း၀၀) နာရီ (၁၂း၀၀)နာရီ (၁၅း၀၀)နာရီ	TC-I လေ့ကျင့်ရေးရုံ	
၅	တင်းနစ်	ဗိုလ်လုပွဲ (ကျား) တစ်ဦးချင်း (မ) တစ်ဦးချင်း (ကျား+မ) နှစ်ယောက်တွဲ	(၀၈း၀၀)နာရီ စတင်ပါမည်	တင်းနစ်ကွင်း	(၁၂း၀၀)နာရီတွင် (ကျား/မ)တစ်ဦးချင်းပွဲ ဆုပေးမည်၊ (၁၅း၀၀)နာရီတွင် (ကျား+မ)ပြိုင်ပွဲ ဆုပေးပါမည်
၆	ဘော်လီဘော	ကျား(၃)ပွဲ မ(၃)ပွဲ	(၀၈း၀၀)နာရီ	TC-I လေ့ကျင့်ရေးရုံ	
၇	ချိုင်	ကျား(၂၇)ပွဲ မ(၂၉)ပွဲ	(၀၈း၃၀)နာရီ စတင်ပါမည်	ဝဏ္ဏသိဒ္ဓိ(A)ရုံ	(၁၄း၀၀)နာရီတွင် ဆုပေးပါမည်
၈	မှုဆယ်(မ)	(၁)ပွဲ (၁)ပွဲ	(၀၉း၀၀)နာရီ (၁၀း၃၀)နာရီ	မှုဆယ်ပြိုင်ပွဲရုံ	
၉	စစ်တုရင်	ဗိုလ်လုပွဲ (ကျား/မ)	(၀၉း၀၀)နာရီ စတင်ပါမည်	Social Zone	(၁၅း၀၀)နာရီခန့်တွင် ဆုပေးပါမည်
၁၀	တိုက်ကွမ်ဒို	(ကျား)ပြိုင်ပွဲ (မ)ပြိုင်ပွဲ	(၀၉း၀၀)နာရီ စတင်ပါမည်	ဝဏ္ဏသိဒ္ဓိ(C)ရုံ	ခန့်မှန်း(၊)နာရီတွင် ဆုပေးပါမည်
၁၁	မသန်စွမ်းဘီးတပ် ဘတ်စကတ်ဘော	(၈)ပွဲ	(၁၃း၀၀)နာရီ စတင်ပါမည်	TC-I လေ့ကျင့်ရေးရုံ	ခန့်မှန်း (၁၆း၃၀)နာရီ ဆုပေးပါမည်
၁၂	မသန်စွမ်း စားပွဲတင်တင်းနစ်	ပြိုင်ပွဲဝင် (၂၆)ဦး	(၁၃း၀၀)နာရီ စတင်ပါမည်	Cluster(3)	ခန့်မှန်း (၁၆း၃၀)နာရီ ဆုပေးပါမည်
၁၃	မှုဆယ်(ကျား)	(၁)ပွဲ (၁)ပွဲ	(၁၃း၀၀)နာရီ (၁၄း၃၀)နာရီ	မှုဆယ်ပြိုင်ပွဲရုံ	
၁၄	ရိုးရာလက်ဝှေ့	ကျား(၆)ပွဲ	(၁၄း၀၀)နာရီ စတင်ပါမည်	လက်ဝှေ့ပြိုင်ပွဲရုံ	

သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများ ပေးအပ်လှူဒါန်း

တောင်ကြီး ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စေတနာရှင် အလှူရှင်များမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် လှူဒါန်းငွေများပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၀၀ အား ရှမ်းပြည်နယ်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အလှူငွေကျပ် ၃၇၆၅၂၅၀၀ အား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်နှင့် ဒုတိယညွှန်ကြားရေးမှူးတို့ကလည်းကောင်း၊ နီလာရိုးမ ကုမ္ပဏီလီမိတက်မှ အလှူငွေကျပ် သိန်း ၅၀၀၊ ဖြူစင်ရိုးမကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးငွေစိုးက အလှူငွေကျပ်သိန်း ၁၀၀၊ Shining Myanmar ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာထွဋ်က အလှူငွေကျပ်သိန်း ၅၀၊ Excellent Myanmar ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးသန်းနိုင်က အလှူငွေကျပ်သိန်း ၅၀၊ မြဝတီမြို့နေ ဒေါ်စီစီသင်းက ကျဆုံးစစ်သည်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း အပါအဝင် အလှူငွေကျပ် ၆၉ သိန်း၊ အမရာဟိုတယ် ဒေါ်ကလျာက အလှူငွေကျပ်သိန်း ၂၀၊ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းထွန်းက အလှူငွေကျပ် ၁၀ သိန်း၊ ဦးဝဏ္ဏထွန်းနှင့် ဇနီး ဒေါ်ကေသီအေးတို့က အလှူငွေကျပ် ၁၀ သိန်း၊ ပင်းပက်သံမဏိစက်ရုံမှ ဗိုလ်ကြီးစိုးရွှေ(ငြိမ်း)ကအလှူငွေကျပ် ၁၀ သိန်း၊ ဦးသော်တာက အလှူငွေကျပ် ၁၀ သိန်း၊ ချယ်ရီကွင်းဟိုတယ် ဦးမောင်တိုးက အလှူငွေကျပ် ၁၀ သိန်း၊ တောင်ကြီးဟိုတယ် ဦးထွန်းလွင်က အလှူငွေကျပ် ၁၀ သိန်း၊ ရဲထွဋ်တင် ကုမ္ပဏီလီမိတက်မှ အလှူငွေကျပ် ၁၀ သိန်း၊ ချယ်ရီမြေအုပ်စုက အလှူငွေကျပ် ငါးသိန်း၊ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ အလှူငွေ ကျပ် ငါးသိန်း၊ ဦးဝင်းဦးနှင့် ကိုသားချော(တောင်ကြီးမြို့)က အလှူငွေကျပ် သုံးသိန်း၊ ဦးဇော်ထွန်းအောင်(တောင်ကြီးမြို့)က အလှူငွေကျပ် သုံးသိန်း၊ဦးသူရစောသိန်း (တောင်ကြီးမြို့)မှ အလှူငွေကျပ် တစ်သိန်း၊ ဗိုလ်ကြီးသက်အောင်(ငြိမ်း)က အလှူငွေကျပ်တစ်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်းတပ်ဖွဲ့များမှ အလှူငွေကျပ် ၁၄၄၃၀၀၀၀ စုစုပေါင်းအလှူငွေ ၁၄၉၇၈၂၅၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အေးဝင်းက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပထမအကြိမ် လောက်ကိုင်ဒေသမှ ပညာရေးဝန်ထမ်းနှင့်ဌာနဆိုင်ရာဝန်ထမ်း ၇၃၁ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၂၁၉၃၀၀၀၀ အား ရှမ်းပြည်နယ် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က လက်ခံရယူပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား စေတနာရှင်၊ အလှူရှင်များအနေဖြင့် ဆက်လက်ပါဝင် လှူဒါန်းလိုပါက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဦးစီးအရာရှိ(ပထမတန်း) (စစ်ရေး)ဒုတိယဗိုလ်မှူးကြီး ရန်နောင်၊ ဖုန်း ၀၉-၃၉၁၀၆၅၃၀၊ ၀၉-၃၆၁၉၂၉၃၉ နှင့် ၀၃၄-၃၂၀၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

နိုင်ငံတကာသတင်းဂျာနယ်

နှစ် (၂၀) ပြည့်နှင့် အမှတ်စဉ် (၁၀၀၀) ပြည့်အထိမ်းအမှတ် ရောင်စုံအထူးထုတ် ထုတ်ဝေမည်

ကြေးမုံသတင်းစာ စာတည်းအဖွဲ့က တည်းဖြတ်၍ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေလျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်သည် ယခုတစ်ပတ် ဖေဖော်ဝါရီလ ၂၃ ရက်(တနင်္လာနေ့)တွင် ထုတ်ဝေမည့် ဂျာနယ်တွင် အမှတ်စဉ် (၁၀၀၀)ပြည့်မြောက်မည် ဖြစ်ပါသည်။

နိုင်ငံတကာသတင်းဂျာနယ်ကို ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် ဂျာနယ်သက်တမ်း နှစ် (၂၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဂျာနယ်သက်တမ်း ဆယ်စုနှစ်နှစ်ခုကြာကာလအတွင်း စာဖတ်ပရိသတ်များ ဗဟုသုတရရှိစေလိုမှုကို ရှေးရှု၍ ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများနှင့် ကမ္ဘာ့မျက်မှောက်ရေးရာ အဖြာဖြာတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တင်ပြထုတ်ဝေခဲ့ပါသည်။

ယခုအခါ နိုင်ငံတကာသတင်းဂျာနယ် သက်တမ်းနှစ် (၂၀) ပြည့်နှင့် ထုတ်ဝေမှုအမှတ်စဉ် (၁၀၀၀)ပြည့် အထိမ်းအမှတ် အနေဖြင့်လည်းကောင်း၊ နိုင်ငံတကာသတင်းဂျာနယ်ကို အစဉ်တစိုက် အားပေးဖတ်ရှုလာခဲ့သည့် စာဖတ်ပရိသတ်များ၏ အားပေးမှုကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လည်းကောင်း နိုင်ငံတကာသတင်းဂျာနယ်ကို အမှတ်စဉ် (၁၀၀၀)ပြည့်မှစ၍ ဂျာနယ်တစ်စောင်လုံးကို ရောင်စုံထုတ်ဝေပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နိုင်ငံတကာသတင်းဂျာနယ် စာတည်းအဖွဲ့

❐ စာမျက်နှာ ၁၂ မှ

ရရှိသူတစ်ဦးမှာ ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။ ဟိုပန်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများနှင့် စေတနာလုပ်အားရှင်များသည် ဖြစ်စဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ပိုမိုရရှိရန်နှင့် ဒဏ်ရာရရှိသူများကို ကူညီရန် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကွမ်းလုံမြို့နယ်သို့ သွားရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေက ယခုလိုတိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍"တိုက်ပွဲကြောင့် နေရပ်ပြန်သူများကို လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးနေစဉ်မှာ အခုလို ဒဏ်ရာရရှိကြောင်း သိရတဲ့အတွက် အလွန်ပဲ ဝမ်းနည်းရပါတယ်။ ဒီလို အခက်အခဲတွေကြားထဲက ကူညီပေးနေတဲ့သူတို့ကို လေးစားရမှာဖြစ်ပြီး ပစ်မှတ်အဖြစ်မတိုက်ခိုက်သင့်ပါဘူး"ဟု ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားစဉ်တွင် စေတနာလုပ်အားရှင်များသည် ကြက်ခြေနီ အမှတ်အသားကို ထင်ရှားစွာ ဝတ်ဆင်ထားကြသည်။ ယခုတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ မည်သူ့တွင်တာဝန်ရှိကြောင်း မသိရှိရသေးသော်လည်း အခင်းဖြစ်ပွားခဲ့ရာနေရာသည် မြန်မာ့တပ်မတော်စစ်ကြောင်းအနီးအနားတွင်မဟုတ်ကြောင်း သိရသည်။ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီလဆန်းမှ စတင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သော တိုက်ပွဲများကြောင့် နေရပ်ရွှေ့ပြောင်းကြသူ သုံးထောင်ကျော်ကို ဒေသခံ ကြက်ခြေနီများက အကူအညီပေးလျက်ရှိသည်။ နေရပ်ပြန်မိသားစုအများစုသည် သယ်ယူပို့ဆောင်ရေးယာဉ်များမရှိသောကြောင့် အကူအညီရရှိနိုင်မည့် လားရှိုး၊ ပြင်ဦးလွင်နှင့် မန္တလေးမြို့များသို့ ခြေလျင်ရောက်ရှိလာခဲ့ကြသည်။

ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ပြင်ဦးလွင်မြို့တွင် ထိခိုက်ဒဏ်ရာရသူများအတွက် သွေးလှူဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိပြီး လိုအပ်ပါက မန္တလေးမှ ကြက်ခြေနီ စေတနာသွေးလှူရှင်များကို စေလွှတ်ပေးမည်ဖြစ်သည်။ ထို့အပြင် အိမ်ထောင်စုသုံးပစ္စည်းများနှင့် မိသားစုအသုံးအဆောင်များကို လိုအပ်နေသည့် မိသားစုများထံ ထောက်ပံ့ပေးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရသူများအတွက် ရှေးဦးပြုစုခြင်းပစ္စည်းများနှင့် စေတနာလုပ်အားရှင်များအတွက် အကာအကွယ်ဖြစ်စေမည့် ကြက်ခြေနီအလံများနှင့် အမှတ်အသားပါ အပေါ်ယံခါးစည်း (Aprons)များကိုလည်း ပေးပို့သွားမည်ဖြစ်သည်။

(မြန်မာနိုင်ငံကြက်ခြေနီအသင်း)

ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဂမုန်းပွင့်ကုန်တိုက်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဂမုန်းပွင့်ကုန်တိုက် အထပ်သုံးထပ်၌ ယနေ့ ည ၁၀ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်းစုံမှ မီးသတ်ယာဉ်အစီး ၄၀ ခန့် သွားရောက်ငြိမ်းသတ်နေသော်လည်း အတွင်း၌ လှိုက်လောင်လျက်ရှိရာ သတင်းရရှိသည့် ည ၁၁ နာရီ မိနစ် ၂၀ အထိ မီးမှာ ငြိမ်းသတ်နိုင်ခြင်းမရှိကြောင်း သိရသည်။

သတင်း-တင်ဝင်းလေး

ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက်ကံ)

ရှေ့တန်းရောက် တိုက်ပွဲဝင်စစ်သည်၊ ရဲမေများအား ဂုဏ်ပြုထောက်ပံ့နိုင်ရန်အတွက် အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေးတင်ပြခြင်း

လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့ နယ်မြေများတွင် နိုင်ငံလုံခြုံအေးချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည့် စစ်သည်နှင့် ရဲမေများအား ဂုဏ်ပြုမည့် ရန်ပုံငွေ "အနုပညာပဒေသာကပွဲ" ကို ဒသမညီနောင်များအဖွဲ့က ဦးဆောင်၍ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရရှိသည့် ရန်ပုံငွေများအား ပေးပို့လှူဒါန်းသွားရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သီးခြားအလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါ ပုဂ္ဂိုလ်များနှင့် ဘဏ်စာရင်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

(က) ဘဏ်စာရင်းအမည်- စစ်တက္ကသိုလ် အမှတ်စဉ်(၁၀)
ဘဏ်စာရင်းနံပါတ် - F-72
ဘဏ်အမည် - ကမ္ဘာ့ရတနာဘဏ် (ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်)
(ခ) ဦးတင်ဝင်း - အငြိမ်းစား (ဗိုလ်ကြီး)၊ ၀၉ ၄၀၀၆၀၀၅၀၀
(ဂ) ဦးတင်ဝ - အငြိမ်းစား(ဗိုလ်မှူး)၊ ၀၉ ၄၂၀၀၂၅၄၄၄
(ဃ) ဦးစိုးမြင့် - အငြိမ်းစား (ဗိုလ်မှူးချုပ်)၊ ၀၉ ၅၁၁၇၂၁၀

အနုပညာပဒေသာကပွဲဖြစ်မြောက်ရေးကော်မတီ (ဒသမညီနောင်များအဖွဲ့)

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Web Offset Ink (Black, Yellow, Magenta, Cyan)	4မျိုး
(ခ)	Positive Plate	2မျိုး
(ဂ)	CTP Plate	3မျိုး
(ဃ)	Imagesetter Film	2မျိုး
(င)	Stitching Wire	1မျိုး
(စ)	ပုံနှိပ်ရေးပစ္စည်းများ	15မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၅ရက်မှ ၃-၃-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ်(၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၃-၂၀၁၅ရက် (၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇) နေပြည်တော်	ရုံးအမှတ်(၇)နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	ဖုန်း-၀၆၇-၄၁၂၃၂၇

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ရွှေခိုင်စည် 373275, 0949219404, 708342
50% DISCOUNT
60000/-
Feb13,20
Feb13,20
Feb13,20
Feb13,20

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

ရော်ဘာပင်စိုက်ပျိုးထိန်းသိမ်းနည်း လက်တွေ့ပညာပေးသရုပ်ပြ

ကမမောင်း ဖေဖော်ဝါရီ ၁၈

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်း ကရင်ပြည်နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်နှစ်ရှည်သီးနှံ(ရော်ဘာ)တာဝန်ခံ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းအောင်နှင့် ဝန်ထမ်းများသည် ရော်ဘာခြံရှင်များနှင့်တွေ့ဆုံ၍ ရော်ဘာပင်စိုက်ပျိုး ထိန်းသိမ်းခြင်းအတွက် ပညာပေးဟောပြောခဲ့သည်။

မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်းခြင်းအတွက် ခြံရှင်များ၏ ဆန္ဒသဘောထားကို မေးမြန်းတိုင်ပင်၍ ဖွဲ့စည်းကြခြင်း၊ ရော်ဘာခြံရှင်များ သိရှိလိုသော အကြောင်းအရာများ၊ အခက်အခဲများကို မေးမြန်းကြခြင်း၊ ပြန်လည်ရှင်းပြခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ရော်ဘာခြံပိုင်ရှင် ဦးချာလီ၏ခြံသို့ သွားရောက်၍ ရော်ဘာခြံပိုင်ရှင်များအား ရော်ဘာပင်များကို နှစ်အလိုက် မြေသြဇာကျွေးနည်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်း၊ ပြုစုထိန်းသိမ်းနည်း၊ အစေးခြစ်နည်း၊ တောင်ကုန်းများတွင် ကွန်တိုနည်းဖြင့် ရော်ဘာပင်များ စိုက်ပျိုးနည်း၊ တစ်ဧကတွင် ရော်ဘာပင်စိုက်ရမည့်အရေအတွက် အကွာအဝေးများကို လက်တွေ့ကွင်းဆင်း၍ ပညာပေးသရုပ်ပြခြင်းများ ဆောင်ရွက်ပေးခဲ့ကြရာ ရော်ဘာခြံပိုင်ရှင် ဦးမျိုးချစ်မှ ယခုလို ကွင်းဆင်းပြီး လက်တွေ့ရှင်းပြခြင်း၊ သရုပ်ပြခြင်းများ ပြုလုပ်ပေးသည့်အတွက် ရော်ဘာခြံရှင်များကိုယ်စား အထူးပင်ကျေးဇူးတင်မိပါသည်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

jzL;rdkUEdkifiHom;pdppf&;uwfjym;rsm; ay;tyf

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသက်ခိုင်နှင့် ဝန်ထမ်းများက မိုးပွင့်အထူးစီမံချက်အရ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ အသက် (၁၀) နှစ်နှင့် (၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ စုပေါင်းပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသက်ခိုင်တို့က မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ခံရယူကြမည့် မိဿလင်းကျေးရွာအုပ်စုအတွက် ၂၅၁ ကတ်၊ အမဲခေါင်အုပ်စုအတွက် ၁၀၁ ကတ်၊ သာယာကုန်းအုပ်စုအတွက် ၄၈ ကတ်၊ ကျီးရိုးအုပ်စု အတွက် ၁၆၇ ကတ်၊ ဇလုပ်အုပ်စုအတွက် ၈၃ကတ်၊ လေ့ဒုံးအုပ်စုအတွက် ၇၆ ကတ်၊ အင်ပင်သာအုပ်စုအတွက် ၁၂၉ ကတ်၊ ဖြူးအရှေ့အုပ်စုအတွက် ၂၀၉ ကတ် စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၆၄ ကတ်တို့ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဖြူးမြင့်ဦး

မေမြို့ပန်းစိုက်ခင်းများ ပိုးမွှားကင်း၍ အပင်ထွား အပွင့်လှ ဈေးကောင်းရ

တပ်ကုန်း ဖေဖော်ဝါရီ ၁၈

ယခုနှစ်တွင် နေပြည်တော်၌ ရာသီဥတုသင့်တင့်မှုရှိရာ တပ်ကုန်းမြို့နယ်အနီးရှိ ရွှေစုရွာ၊ သာယာဝှမ်းရွာ၊ ဆင်သေရွာ၊ ခြုံကြီးရွာအစရှိသော ကျေးရွာများတွင်စိုက်ပျိုးသော မေမြို့ပန်းခင်းများ၌ ပိုးမွှားကျရောက်မှုနည်းသောကြောင့် အပင်နှင့်အပွင့် ကောင်းမွန်ကြောင်းသိရသည်။

မေမြို့ပန်းစိုက်ခင်းများ အပျက်အစီးနည်းသည့်အပြင် ပိုးသတ်ဆေးဖိုးစရိတ်လည်း သက်သာသောကြောင့် မေမြို့ပန်းစိုက်တောင်သူများ ပိုမို၍အမြတ်အစွန်းရနိုင်ကြောင်း ဒေသခံများက ပြောပြခဲ့သည်။

ယခုနှစ် ရောင်းအားက ပန်းခင်းထဲ အရောက်ဝယ်ယူမှုမှာ လက်တစ်ဆုပ်သာသာကို ကျပ် ၅၀၀၊ ကျပ် ၆၀၀ ဝန်းကျင် ရောင်းရသောကြောင့် ဈေးနှုန်းသင့်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ မေမြို့ပန်းအထွက် လှိုင်လာချိန်တွင်လည်း ယခုဈေးနှုန်းဝန်းကျင် ရောင်းရပါက မေမြို့ပန်းစိုက်တောင်သူများအတွက် အကျိုးအမြတ် ယခင်နှစ်ကထက်ပိုနိုင်ကြောင်း ခြုံကြီးကျေးရွာမှ မေမြို့ပန်းစိုက်တောင်သူ တစ်ဦးက ပြောပြခဲ့သည်။

တပ်ကုန်းမြို့နယ်မှ ထွက်ရှိသော မေမြို့ပန်းများကို ပန်းခင်းအနီးရှိ ကျေးရွာများမှ ဘုရားပန်း အလှကြိုက်သူများ၊ ခေါင်းရွက်ဈေးသည်များ ဝယ်ယူကြကြောင်း၊ ပွဲစားများက ဝယ်ယူပြီး တပ်ကုန်းမြို့ဈေး၊ ပျဉ်းမနားမြို့ ကင်မွန်းတန်းဈေးသို့ ရောင်းချကြောင်းနှင့်တောင်ငူ၊ ပဲခူး၊ ရန်ကုန် အစရှိသော နယ်များသို့ တင်ပို့ကြသည်ဟုသိရပြီး ယခုနှစ်တွင် ထွက်ရှိသော မေမြို့ပန်းများမှာ အပင်ထွား အပွင့်လှ ဈေးသင့်၍ အကျိုးအမြတ်ရရှိသည်ဟုသိရသည်။

ယင်းဒေသစိုက်ပျိုးသည့် မေမြို့ပန်းမျိုးစိတ်ဝင်များမှာ ရွှေတောင်ဖြူ၊ မော့ဖြူ၊ ချစ်ဆန်းမောင်၊ ချင်းမိုင်၊ သစ်ခွဖော်ကာ၊ အက်စတာ အစရှိသောပန်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။ ယင်းပန်း မျိုးစိတ်များကို ပေါင်စနစ်ဖြင့် ထယ်၊ မျိုးစေ့၊ ပေါင်းမြက်၊ဆီ စုစုပေါင်းသွင်းအားစု တစ်ဧကခန့်မှန်း ကုန်ကျစရိတ် ၁၀သိန်းဖြစ်ကြောင်း၊ ယခုလများတွင် ပန်းဈေးကောင်းမွန်သောကြောင့် တစ်ဧကပန်းစိုက်ခင်းကုန်လျှင် ၁၀ သိန်း၊ ၁၂သိန်း အမြတ်ရမည်ဟု မေမြို့ပန်းလေးဧက စိုက်ပျိုးထားသည့် ပန်းစိုက်တောင်သူတစ်ဦး ပြောပြချက်အရ သိရသည်။

တင်စိုးလွင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၃၇၈)၊ မြေကွက်တည်နေရာအမှတ်(၃၇၈)၊ နီလာ(၁)လမ်း၊ ဒေါ်အမာကြည်[အေဒီ ၀၄၂၄၇၀]နှင့် ဦးတင်ထွဋ်[အေဒီ ၀၄၂၄၆၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ်ဦးအနက် အမည်ပေါက် ဦးတင်ထွဋ်ကွယ်လွန်သဖြင့် ဇနီး ဒေါ်စန်းစန်းညွန့် [၁၂/ဥကမ(နိုင်)၀၀၇၀၁၄]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ခင်ပွန်း ဦးတင်ထွဋ်အစုအတွက် ကျန်ပူးတွဲအမည်ပေါက် ဒေါ်အမာကြည်နှင့်ပူးတွဲ၍ ၎င်းတို့ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၃၅၈/၁၄)(၂၉၃၅၇/၁၄)ဖြင့်ရရှိသူ ဦးယဉ်ထွေး [၁၂/ မရက(နိုင်)၀၀၉၇၄၀]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန် လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက် စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးလှမြင့် [၁၂/ဒကန(နိုင်)၀၃၄၀၁၅](မှ)	ဒေါ်ရီမာနာ(ခ)ဒေါ်လဲ့လဲ့ဝင်း [၁၂/ပဘတ(နိုင်)၀၂၁၅၆၈]	တိုက်အမှတ်(၂၀၉)၊ အခန်းအမှတ်(၇လွှာ-ဘီ)၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၆/က၊ ဧရိယာ(၀. ၁၇၉)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက်(၃-ခရရှိပြီး)နှင့်မြေကွက်တည်ရှိရာ အမှတ်(၈/ဘီ)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်ရှိ အဆောက်အအုံနှင့် တယ်လီဖုန်းအမှတ်(၅၀၄၀၁၈) အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ချယ်ရီလွင်ထံမှ ကျွန်မ၏ မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ၍ အရောင်းအဝယ် ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်၊ အဆောက်အအုံနှင့် ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ **Hp:** ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၁၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၁)၊ (၁)ရပ်ကွက်၊ တောင်ငူလမ်း၊ လှိုင်သာယာ[ဦးတင်စိုး-အေအေ ၀၀၇၀၀၄] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးတင်စိုး[အေအေ-၀၀၇၀၀၄] ကွယ်လွန်သဖြင့် ဒေါ်ခင်မေ[၁၂/လသယ(နိုင်) ၀၀၀၃၈၀]၏ တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံး ကျမ်းကျိန်လွှာကိုတင်ပြ၍ ဒေါ်ခင်မေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၂၀/၂၀၁၄ဖြင့် ရရှိသူ ဒေါ်အေးဆိုင်[၁၃/လရန (နိုင်)၁၂၂၉၉၉] မှတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန်မြေပုံမြေရာဇဝင်လျှောက် ထားလာရာ တရားဝင်ခိုင်လုံသောအ ထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၁၂/က)၊ မြေကွက်တည်နေရာအမှတ်(၄၁၂/က)၊ သစ်ခွလမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးတင်လှ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးတင်လှ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်သိန်းနွဲ့[၁၂/ဒဂန(နိုင်)၀၀၄၁၅၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၃၅၉၃/၁၁-၁၂-၂၀၁၄ရရှိထားသူ GP ဦးတင်အောင်လွင်[၁၂/လကန(နိုင်)၁၇၃၇၅၀]က သေစာရင်း ဒေါ်သိန်းနွဲ့၏ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့် ထောက်ခံကျမ်းကျိန်လွှာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ဦးတင်အောင်လွင်၏ တရားရုံး ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၂၂၄၉/က၊ မြေကွက်တည်နေရာ-၂၂၄၉/က၊ ဇေယျဝတီ(၇)လမ်း၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်မောင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဦးအောင်မောင်းကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်(၄၉၁၇/၂၀၁၄)(၂၀-၈-၂၀၁၄)ဖြင့် ဒေါ်ဝင်းရီ[၁၂/သကတ(နိုင်)၀၆၆၆၈၃]မှ ပိုင်ဆိုင်ခဲ့ပြီး(ဂရန်)မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်[သကတ/၁၀(တ)၁၅၅၁/၉၃] ၂၅-၁၀-၉၃အမည်ပေါက်နှင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ(S-၉၀)၊ မြေကွက်အမှတ်-၁၀၄၊ မြေကွက်တည်နေရာအမှတ်-၂၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ (Thiattu Raman)၊ အမည်ပေါက်၊ စကွာတာမြေအား အမည်ပေါက် Thiattu Raman (ခ)ဦးအေးမောင်(ခ) ဦးရာမန်(CI-၀၂၁၆၃၇) နှင့်ဇနီးဒေါ်ပန်းမို(CI-၀၂၁၆၃၈)တို့ကွယ်လွန်သဖြင့် ၎င်းတို့တွင် သား၊ သမီး(၁၀)ဦးမွေးဖွားခဲ့ကြောင်း နှင့် သားကြီး ဦးမောင်တင်နှင့် ဇနီးဒေါ်ရွှေတို့ကွယ်လွန်၍ တစ်ဦးတည်းသောသား ဦးကြည်တင် (ခ)တိုနီ[၁၂/တမန(နိုင်)၀၅၈၆၀၄]မှလည်းကောင်း၊ သား ဦးစုနှင့်ဇနီးဒေါ်လှတင်တို့ကွယ်လွန်၍ တစ်ဦးတည်းသောသားဦးဝင်းမောင်[၁၂/မရက(နိုင်) ၀၂၀၅၂၇]မှလည်းကောင်း၊ သား ဦးမောင်မြင့် နှင့် ဇနီးဒေါ်မြတင်တို့ကွယ်လွန်၍ တစ်ဦးတည်းသောသမီး ဒေါ်ခင်ခင်ထွေး[၁၂/ဥကတ(နိုင်) ၁၁၅၅၈၇]မှလည်းကောင်း၊ သားဦးညိုဝင်းနှင့် ဇနီးဒေါ်လှရီတို့ကွယ်လွန်၍ တစ်ဦးတည်းသော သမီးဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကတ(နိုင်) ၀၅၇၈၆၁]မှလည်းကောင်း၊ သားဦးအုန်းမောင်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍လည်းကောင်း၊ သားဦးသန်းဝေကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ကျင်ငွေ [၁၂/တမန(နိုင်) ၀၆၄၂၉၆]မှလည်းကောင်း၊ သမီးဒေါ်အုန်းတင်နှင့် ခင်ပွန်းဦးအေးမောင်ဖြူတို့ ကွယ်လွန်၍ တစ်ဦးတည်းသောသမီး ဒေါ်ခင်မြမူ[၁၂/လကန(နိုင်)၀၀၉၆၈၄]မှလည်းကောင်း၊ သမီးဒေါ်စိန်ရင်[၁၂/တမန(နိုင်) ၀၂၃၆၉၈]မှ လည်းကောင်း၊ သားဦးအုန်းခိုင်ဇနီးဒေါ်အညွန့်နှင့် ၎င်းတို့၏ သားတစ်ဦးဖြစ်သူ ဦးအောင်လင်းထွန်း(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်ကြ၍သမီးဒေါ်ယဉ်ယဉ်အေး[၁၂/ တမန(နိုင်)၀၁၁၁၉၉]မှလည်းကောင်း၊သားဦးလှခိုင်သည် လူပျိုကြီးဘဝဖြင့်အသီးသီးကွယ်လွန်၍ လည်းကောင်း မြေး၊ သားသမီး၊ ချွေးမတို့တော်စပ်ကြကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ် ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉

ဒေါ်ချိုချို တရားလို

နှင့်

၁။ဒေါ်ဝင်းကြည်	၁၂။ဒေါ်ဥမ္မာ	၂၃။ဦးကိုကိုအောင်
၂။ဦးကျော်ကျော်ဦး	၁၃။ဒေါ်အေးသန်း	၂၄။ဦးညီညီအောင်
၃။ဦးထွန်းထွန်းဦး	၁၄။ဒေါ်မြင့်မြင့်ခိုင်	၂၅။ဒေါ်မာလာနွယ်
၄။ဦးကျော်မင်းဦး	၁၅။ဦးအောင်နိုင်ဦး	၂၆။ဒေါ်ငွေးငွေး
၅။ဒေါ်ခင်လှ	၁၆။ဒေါ်စန်းရီ	၂၇။ဒေါ်ကြူကြူဝေ
၆။ဒေါ်ခင်စန်းမြင့်	၁၇။ဦးသန်းဝင်း	၂၈။ဒေါ်ဖြူဖြူဝေ
၇။ဒေါ်ခိုင်	၁၈။ဒေါ်ဘိုမ	၂၉။ဦးမြင့်သန်း
၈။ဒေါ်ပူတူး	၁၉။ဦးတင်လှ	၃၀။ဒေါ်တင်ရွှေ
၉။ဒေါ်ရင်ရင်ဦး	၂၀။ဒေါ်စန်းစန်းမြင့်	၃၁။ဒေါ်သိန်းသိန်း
၁၀။ဦးစိန်လင်း	၂၁။ဒေါ်သန်းသန်းမြင့်	၃၂။ဦးဝင်းသန်းဦး
၁၁။ဦးကျော်ကျော်	၂၂။ဒေါ်ကြည်ကြည်ခိုင်	

တရားပြိုင်များ

(၉)တရားပြိုင် ဒေါ်ရင်ရင်ဦး၊ (၁၁)တရားပြိုင် ဦးကျော်ကျော်၊ စနေလမ်း၊ ခရမ်းမြို့နယ်၊ (၂၇) တရားပြိုင် ဒေါ်ကြူကြူဝေ (၂)လမ်း၊ ခရမ်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက"အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု"လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် ဆက်စပ်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇) ရက် (၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့်သင်က ထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မြတ်စံ)
မြို့နယ်တရားသူကြီး၊ ခရမ်းမြို့နယ်တရားရုံး

ရေးမြို့၌ တစ်ပိုင်တစ်နိုင် တံမြက်စည်းထုတ်လုပ်သူများ အဆင်ပြေ

ရေး ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ရေးမြို့နယ်၌ တစ်ပိုင်တစ်နိုင် တံမြက်စည်းထုတ်လုပ်သူများမှာ မှာယူသုံးစွဲသူများပြား၍ လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တံမြက်စည်းများကို အဓိကထုတ်လုပ်သူ ဦးနေမျိုးနိုင်က "တံမြက်စည်းထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းတံမြက်ပင်များကို တပို့တွဲလမှာ အများအပြားသိုလှောင်ထားရပြီး တစ်နှစ်စာပြည့်သည်အထိ အပင်ရေခုနစ်သိန်းလောက်ကို အနည်းဆုံးသိုလှောင်ထားရှိရပါတယ်။ အပင်များစထွက်ထွက်ချင်းကို တစ်ပင်လျှင် နှစ်ကျပ်နှုန်းပေးဝယ်ရပြီး တပေါင်းလရောက်ရင် အပင်များမှာ ထွက်ရှိမှုလျော့နည်းလာလို့ တံမြက်စည်းထုတ်လုပ်ရာမှာ အခက်အခဲတွေ့ရတတ်ပါတယ်။ တံမြက်စည်းကုန်ကြမ်းပင်များမှာ ဥယျာဉ်ခြံမြေတောနေရာအနှံ့ သဘာဝအလျောက်ပေါက်ပြီး အဆိုပါအပင်ပေါက်များကို တစ်ပိုင်တစ်နိုင်ရောင်းချသူတံမြက်စည်းထုတ်လုပ်သူများထံသို့ ရောင်းရပြီး ဝင်ငွေများရရှိ၍ မိသားစုအတွက် အဆင်ပြေလျက်ရှိကြတယ်" ဟု ပြောသည်။

တံမြက်စည်း တစ်လက်ထုတ်လုပ်ရာတွင် အပင်ကုန်ကြမ်းများအား အခြောက်လှန်းပြီး အပင်ပွင့်များကို သန့်စင်ချောမွေ့အောင် ပြုလုပ်ပြီး အပင်အောက်ခြေကိုတော့ ဆွဲထုတ်ပေးရသည်။ ဆက်လက်ပြီး အဆုပ်ငယ်လေးများစုပုံထားရှိပြီး အများအပြားရရှိလာသည့်အခါ တံမြက်စည်းကုန်ချောအဖြစ် ရရှိပြီဖြစ်သည်။

အဆိုပါတံမြက်စည်းများ၏ ဈေးကွက်တွင် လက်လီဈေးမှာ ငွေကျပ် ၅၀၀ ရရှိကြသည်။

တံမြက်စည်းဖောက်သည်များမှာ ရေးမြို့နယ်အတွင်းသာမက မော်လမြိုင်၊ ရန်ကုန်အထိ တံမြက်စည်းအများအပြားကိုမှာ ယူသုံးစွဲကြပြီး တံမြက်စည်းထုတ်လုပ်မှုကို ရှေးမိရိုးဖလာလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကျောင်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်လျက်ရှိရာ ထုတ်လုပ်သူအများအပြားလုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(ရေး)

အပြည်ပြည်ဆိုင်ရာ ရဲလုပ်ငန်းစံနှုန်းများ ဆွေးနွေး

ပဲခူး ဖေဖော်ဝါရီ ၁၈

ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ဥဿာကျော် ဟိုတယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင် ကြက်ခြေနီကော်မတီ ICRCတို့ပူးပေါင်းပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ရဲလုပ်ငန်းစံနှုန်းများ အလုပ်ရုံဆွေးနွေးအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမျိုးမင်းထိုက်၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ ဒေသဆိုင်ရာရဲနှင့်လုံခြုံရေးတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုကိုယ်စားလှယ် ICRC ရန်ကုန်ကိုယ်စားလှယ် Mr.John-Erik Jensen၊ ICRC မှ မြန်မာနိုင်ငံ ဒုတိယဌာနေ ကိုယ်စားလှယ် Mr.Elias Andrea Wielandနှင့် ပဲခူးတိုင်းဒေသကြီး ၂၈မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ရဲမှူးကြီးမျိုးမင်းထိုက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ICRC မှ မြန်မာနိုင်ငံဒုတိယဌာနေ ကိုယ်စားလှယ် Mr.Elias Andrea Wieland ရဲလုပ်ငန်းစံနှုန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့်အဆိုပါဆွေးနွေးပွဲအား သုံးရက်တာကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(၀၇၅)**

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ကျောင်းဘုံကန်ကြီးအား ပြန်လည်တူးဖော်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာတွင် စိုက်ပျိုးရေနှင့် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကျောင်းဘုံကန်ရေကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်လျက်ရှိသည်။

အဆိုပါ ကျောင်းဘုံကန် ရေကန်ကြီးပြန်လည်တူးဖော်ပြုပြင်ရန်အတွက် ခွင့်ပြုရန်ပုံငွေဖြင့် ဇန်နဝါရီ ၂၃ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေကန်ကြီးပြန်လည်တူးဖော်ပြုပြင်ရာတွင် မြေကြီးကျင်း ပေါင်း ၁၁၂၂၀ ခန့် တူးဖော်ရမည်ဖြစ်သည်။ မြေကြီးကျင်းများတူးဖော်ရန် မြေတူးစက်နှစ်စီး၊ မြေထိုးစက် တစ်စီး၊ မြေသယ်ယာဉ် သုံးစီးတို့ဖြင့် နွားထိုးကြီးမြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြင်စည်ကျေးရွာ ဒေသခံတစ်ဦးကလည်း "ယခုလို ရေကန်ကြီးအား ပြန်လည်တူးဖော်ပေးတဲ့အတွက် နိုင်ငံတော် အစိုးရအား ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဒေသက မိုးနည်းရေရှား အပူပိုင်းဒေသဖြစ်တဲ့အတွက် ဒီမိုးရေလှောင် ကန်ကြီးပြီးပါက သောက်သုံးရေအတွက် စိုးရိမ်စရာမလိုတော့ပါဘူး" ဟု ပြောသည်။

အဆိုပါရေကန်ကြီးအတွက် ရန်ပုံငွေကျပ် ၈ ဒသမ ၈၃ သန်းခွင့်ပြုထားပြီး ကုဋ္ဌေကျော်ကုမ္ပဏီမှ တာဝန်ယူတူးဖော်လျက်ရှိကာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ပေါင် ဖေဖော်ဝါရီ ၁၈

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ပေါင်မြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများ၊ ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကတ္တရာလမ်း (၃/၀ဒသမ၀၉) မိုင် ကျောက်ချောလမ်း (၂/၀) မိုင်၊ မြေသားလမ်း (၄/၀) မိုင်၊ ကျေးလက်တံတား ခြောက်စင်း၊ ရေပွှန်ငါးစင်းနှင့် မြေသားရေလှောင်ကန် ခြောက်ကန် ဆောင်ရွက်လျက်ရှိသည်။ **(ကျေးလက်ဦးစီး)**

OD Tour
Oriental Dragon Travels & Tours Co.,Ltd.
Since 1997
မိတ်ဆွေအပေါင်းတို့ ရွှေနှစ်ထောင်ချီ ချမ်းအေးတည်ငြိမ်စွာ လှည့်လည်ကြပါစေ

တောင်ကြီး၊အင်းလေး	Feb..27,Apr..12,13,18	မန္တလေး+မင်းကွန်း	Apr..13,18
ပုဂံ၊ပုပ္ပါး၊စလေ့ရွာ	Feb..27,Apr..13,18	မန္တလေး+ပုဂံ	Apr..12
အလောင်းတော်ကဿပ	Feb..27,Apr..12,13	တောင်ကြီး+မန္တလေး	Apr..12
မန္တလေး၊မုံရွာ၊ရွှေဘို	Apr..11,12,13	ပုဂံ+ရွှေစက်တော်	Apr..12
ထားဝယ်+မြောင်းမကန်	Apr..12,13,18	တောင်ကြီး+ပုဂံ	Apr..12
စစ်တွေ၊မြောက်ဦး၊ငပလီ	Apr..12,13	မော်လမြိုင်၊ထားဝယ်	Apr..13

01-536855, 526349, 504808, 523187,09-5108087 Hot Line:09420240570

ပြည်သူ့အလင်း
ဂျာနယ်
of the people, by the people, for the people

● ဗိုလ်ချုပ်၊ ဖက်ဒရယ်နှင့် သမဂ္ဂ
● ခွပ်ဒေါင်းတို့၏ အလျှော့အတင်း အတိုးအဆုတ်
● တကျော့ပြန် စိန်ခေါ်မှုများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်
● ပြည်ထောင်စုနေ့ ရွှေခဲ့တဲ့ အကွက်
● ၂၀၁၅ အတွက် ၂၀၁၄ ကိန်းများ
စစ်ရေး နိုင်ငံရေး တည်ငြိမ်ဖို့ဆိုတာ
ထွက်ပြီ
မြန်မာပြည်က ရေးတဲ့စာ
ပေါင်းစည်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း
အောင်ဆန်းစုကြည်
ပြည်သူ့အရေး ရုံး -
၂၁၂ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၂၀ ၂၄၁၁၊ ၀၉ ၄၃၁၅ ၁၀၁၀။

သန့်ရှင်းနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
မြတ်ဖော်တင်ပွဲ စွန်းဘုရားပွဲ Feb - 2/6/11/13/20/27, Mar - 2
ထွက်မည့်ရက် → FEB - 2/6/11/13/20/27, MAR - 2/6/13/20/26
(၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

"သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်ခြင်း"

ရန်ကုန်မြို့နေ **ဦးမောင်မောင်ဆန်း** (၁၁/ကဖန (နိုင်) ဝ၄၃၇၃၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးတားမြစ်အပ်သည်မှာ -

ဦးမောင်မောင်စန်းမှ EPIC Digital Media Production လုပ်ငန်းနှင့် အမည်အမှတ်အသားကို တစ်ဦးတည်းပိုင်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၁၃၁၈၀/၁၄ ဖြင့် ကြေညာမှတ်ပုံတင်သွင်းထားရှိပြီး ဖြစ်သည်။

EPIC Digital Media Production သည် ဇာတ်လမ်းများ၊ Animation များ၊ ရုပ်မြင်အထူးပြုလုပ်ချက်များ၊ ကြော်ငြာများကို တာဝန်ယူ ထုတ်လုပ်ခြင်း၊ အခြားရုပ်မြင်ထုတ်လုပ်မှုများတွင် တစ်စိတ်တစ်ပိုင်း ပါဝင်သော Animation နှင့် ဂရပ်ဖစ် ဖန်တီးမှုများအား ဝန်ဆောင်မှု ပေးခြင်းတို့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလကတည်းက မိမိတို့၏ ကိုယ်ပိုင် အတွေးအခေါ်၊ အယူအဆ၊ စိတ်ကူးစိတ်သန်းများ ပေါင်းစပ်ထည့်သွင်းပြုလုပ်ခဲ့ပြီး ဖန်တီးထုတ်လုပ်သူအမည် (Credit) နေရာတွင် EPIC Digital Media Production အမည်တစ်ခုတည်းဖြင့် တာဝန်ယူ လုပ်ကိုင်ခဲ့ပါသည်။

ယင်းသို့ လုပ်ကိုင်ခဲ့သော လုပ်ငန်းနမူနာ (Show Reel) များကို EPIC Digital Media ၏ ဖန်တီးနိုင်မှု၊ လုပ်ငန်းတာဝန်ယူ ဆောင်ရွက်နိုင်သည့် စွမ်းရည်နှင့် ဖန်တီးမှု အတွေ့အကြုံများအဖြစ် ပြသသုံးစွဲလျက်ရှိပါသည်။

ယခုအခါ EPIC Media တွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူအချို့က EPIC Media ၏ လုပ်ငန်းနမူနာများ (Show Reel) ကို EPIC Media ၏ ခွင့်ပြုချက် တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ မိမိတို့၏ စီးပွားရေး အကျိုးအမြတ်အလို့ငှာ မိမိတို့ကိုယ်တိုင် ၎င်းလုပ်ငန်း နမူနာများကို တာဝန်ယူ ဖန်တီးထုတ်လုပ်ထားသည့်သဖွယ် လိုက်လံပြသလျက်ရှိကြောင်း ကြားသိရပါသည်။

ဤသို့ EPIC Digital Media ၏ လုပ်ဆောင်ချက်များနှင့် ကောင်းသတင်းကျော်စောမှုအပေါ် မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် ရယူအသုံးပြုလုပ်ဆောင်ချက်များကို ဤကြော်ငြာပါရှိသည့်နေ့မှစ၍ ရပ်တန့်ရန်နှင့် ဆက်လက် မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။

လိုက်နာခြင်း မပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နိုင်နိုင်နု (B.Com (Q).,R.L) ဦးအောင်မျိုးမင်း (B.Sc, H.G.P.,R.L)
အထက်တန်းရှေ့နေ (၂၂၄၃၂) တရားလွှတ်တော်ရှေ့နေ (၄၉၉၇)
ဒေါ်မြမျက်ချယ် (LL.B) ဦးမြတ်သိဂီ (LL.B)
အထက်တန်းရှေ့နေ (၄၄၆၆၈) အထက်တန်းရှေ့နေ (၄၄၆၇၆)
အမှတ်-၅၊ ၄-လွှာ (အေ)၊ သမိန်ဗရမ်းလမ်းတို၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၁၃၃၄၉၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဇုရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီးအမှတ်(၇)(၈)မြေတိုင်းရပ်ကွက်အမှတ်(၃၀)မြေကွက်အမှတ် (၉၂)မြေအမျိုးအစား မြေပိုင်မြေ(၀. ၀၃၇၈က)နှင့်မြေကွက်အမှတ် (၉၃)မြေအမျိုးအစား လ/န(၃၉၈ရိယာ)(၀. ၀၂၆)ဧကနှင့်မြေကွက်နှစ်ကွက်စလုံး၏မူလမြေအမည်ပေါက်TMDMမှတ္ထုရာမတရစ်ရှနာသွာမီးရယာနီ၏အမွေကြောင်းသက်ဝင်သူများဖြစ်ကြသောဦးစာရမ်ဘာနီ၊ဦးသန်ဇါပါနီ၊ဒေါ်သန်ဇါလာဘ်ချမ်း၊ဦးသန်နာဘာလာတို့(၄)ဦးမှမြေအမည်ပေါက်လျှောက်ထားခြင်းနှင့်ပတ်သက်၍တရားဝင်ပိုင်လုံသောအထောက်အထားများဖြင့်(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဦးစာရမ်ဘာနီ၊ ဦးသန်ဇါပါနီ၊
ဒေါ်သန်ဇါလာဘ်ချမ်း၊ ဦးသန်နာဘာလာ
တို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)

ueu uEia|umi;a|umjim

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၂/သမိုင်း၊ မြေကွက်အမှတ် ၆/ခ၅၊ မြေကွက်တည်နေရာအမှတ် (၃၇၇၁)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ မညွန့်ခင် အမည်ပေါက် B မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဒေါ်ညွန့်ခင် [၁၂/မရက(နိုင်)၀၈၀၇၆၄]မှ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်-၃၅၆/၁၉၆၀(၂၁-၁၀-၁၉၆၀) မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နည်းပညာ

သင်ကြားရေးနည်းစနစ်သစ်တစ်ခုကို ကမ္ဘာသို့မိတ်ဆက်ပေးခဲ့သော အာကဆရာသိပ္ပံပညာရှင်

အင်္ဂလန်အရှေ့မြောက်ပိုင်းမှ သိပ္ပံပညာရှင်ဆရာတစ်ဦးဖြစ်သူ မစ္စတာရစ်ချက်စပင်ဆာသည် စာသင်ချိန်အတွင်း သီချင်းဆိုခြင်း၊ ကခုန်ခြင်းတို့ဖြင့် ခက်ခဲသောဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်အသုံးအနှုန်းများကို ကျောင်းသားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်လာအောင် တင်ဆက်ခဲ့ရာ ကမ္ဘာ့သင်ကြားရေးပြိုင်ပွဲ နောက်ဆုံး ၁၀ ဦးအဆင့်သို့ ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။

ဇီဝဗေဒဆရာဖြစ်သူ ရစ်ချက်စပင်ဆာသည် မစ်ဒယ်ဘရော့ကောလိပ်ရှိ ကျောင်းသားများကို သင်ကြားရာတွင် လှုပ်ရှားခုန်ပေါက်ကာ အမူအရာအမျိုးမျိုးပြုလုပ်ပြခြင်းကို သင်ကြားရေးအထောက်အကူပြုပစ္စည်းအဖြစ် အသုံးချခဲ့ပြီး ခက်ခဲသည့် သိပ္ပံဆိုင်ရာအသုံးအနှုန်းများနှင့် ကျွမ်းဝင်မှုရှိစေရန် ဖန်တီးခဲ့သည်။

မစ္စတာစပင်ဆာသည် သူ၏တပည့်များအနေဖြင့် အတန်းချိန်ကိုတက်ရောက်ရန် ပျော်ရွှင်ကျေနပ်မှုရှိအောင် ဖန်တီးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယခုအခါတွင် သူသည် အမေရိကန်ဒေါ်လာ တစ်သန်း (ပေါင် ၆၅၀၀၀၀)ချီးမြှင့်မည့် ကမ္ဘာလုံးဆိုင်ရာ သင်ကြားရေးဆုပြိုင်ပွဲတွင် တစ်ဦးတည်းသာ ကျန်ရှိနေခဲ့သော ဗြိတိန်ကိုယ်စားပြု ကိုယ်စားလှယ် တစ်ဦးဖြစ်လာခဲ့သည်။ သင်ကြားမှုအဆင့်အတန်းတိုးမြှင့်လာစေရန် ရည်ရွယ်၍ ကျင်းပသော အဆိုပါပြိုင်ပွဲတွင် သူသည် အမေရိကန်ပြည်ထောင်စု၊ ကင်ညာ၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်နိုင်ငံများရှိ ဆရာများနှင့် ယှဉ်ပြိုင်ရဦးမည် ဖြစ်သည်။

မစ္စတာစပင်ဆာသည် သူ၏သင်ခန်းစာများကိုသင်ကြားရာတွင် သီချင်းဆိုခြင်း၊ ကပြခြင်း၊ ပြဇာတ်ပုံစံမျိုး တင်ဆက်ပေးခြင်း၊ ကစားနည်းမျိုးစုံဖြင့် ဖန်တီးကစားစေခြင်းဖြင့် ၎င်း၏တပည့်များကို အလွန်ခက်ခဲသောသိပ္ပံပညာ အယူအဆများနှင့် ကျွမ်းဝင်စေရန်အတွက် လည်းကောင်း၊ သိပ္ပံဘာသာရပ်စကားလုံး အသုံးအနှုန်းများကို အသုံးပြုလာတတ်စေရန် အတွက် လည်းကောင်း သမားရိုးကျနည်းများမှ ခွဲထွက်ကာ ချဉ်းကပ်ခဲ့ရသည်။ ၎င်းက ဘီဘီစီသို့ ပြောကြားခဲ့ရာတွင် "ဇီဝဗေဒဘာသာရပ်မှာရှိတဲ့ ခက်ခဲရှုပ်ထွေးတဲ့ လုပ်ဆောင်ချက်တွေ၊ ရှုပ်ထွေးလွန်းတဲ့ဖွဲ့စည်းပုံတွေပြောဖို့တောင် တော်တော်ခက်ခဲတဲ့ စကားလုံးတွေကို ကျောင်းသားတွေနဲ့ နီးစပ်မှုရှိလာအောင် သူတို့အနေနဲ့ ဒီ ဘာသာရပ်ကို စိုးရိမ်စိတ်မျိုးနဲ့သင်ကြားနေရတာမျိုးမဖြစ်ရအောင် ဒီနည်းလမ်းကိုကျွန်တော်ပျိုးထောင်ခဲ့ရတယ်၊ ကျွန်တော်တို့အနေနဲ့ လက်တွေ့စမ်းသပ်ချက်ပြုတာမျိုး၊ သာမန်သင်ကြားရေးပုံစံမျိုးနဲ့ သင်ကြားတာမျိုးတွေ အများကြီးပြုလုပ်ခဲ့ပေမယ့်လည်း ဒီလိုလှုပ်လှုပ်ရှားရှားနဲ့ သင်ကြားတာမျိုးပဲ ကျောင်းသားတွေကပိုပြီးသဘောကျကြတယ်၊ တုံ့ပြန်မှုကောင်းကောင်းတွေလည်း ပေးကြတယ်"ဟု ဆိုခဲ့သည်။

သူက ကျောင်းသားဟောင်းတချို့ဆိုလျှင် နှစ်ပေါင်းအတော်ကြာသည်အထိ ၎င်းသင်ကြားရာတွင်အသုံးပြုခဲ့သော သီချင်းစာသားအချို့ကို ရွတ်ဆိုနိုင်ကြဆဲဟု ဆက်လက်ပြောကြားခဲ့သည်။ မစ္စတာစပင်ဆာက သင်ကြားရေး နယ်ပယ်ကို မော်လီကျူလာဇီဝဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။ ယခုဝင်ရောက်ယှဉ်ပြိုင်နေခဲ့သော ဒေါ်လာသန်းနှင့်ချီ ချီးမြှင့်မည့် အဆိုပါကမ္ဘာလုံးဆိုင်ရာသင် ကြားရေးဆုသည် ပထမဦးဆုံးအကြိမ် ချီးမြှင့်သောဆုဖြစ်ကာ ဒူဘိုင်းအခြေစိုက် GEMSအပြည်ပြည်ဆိုင်ရာပညာရေးအုပ်စုအဖွဲ့ဝင်ဖြစ်သော ဗာကီဖောင်ဒေးရှင်းမှ ပေးအပ်ခြင်းဖြစ်သည်။

မစ္စတာစပင်ဆာက သင်ကြားရေးအလုပ်သည် အလွန်ကောင်းမွန်မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှုဖြစ်ပြီး သင်ကြားရေးအလုပ်နှင့် အသက်မွေးဝမ်းကျောင်းမှုပြုသူတစ်ဦးအနေဖြင့် သင်ကြားရေးအမြင်တစ်ခုထဲ ရှိရုံမျှမကဘဲ ဆရာကောင်းနှင့် ဆရာဆိုး နှစ်မျိုးစလုံးနှင့်ပါ သင်ကြားဖူးသည့်အတွေ့အကြုံမျိုးလည်းရှိရန်လိုအပ်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

မေလှသင်း

ဘဏ်လုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ Workshop ပြုလုပ်မည်

ဘဏ်လုပ်ငန်း၊ ငွေကြေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ Summit Parkview Hotel တွင် ပြုလုပ်မည် ဖြစ်ကြောင်းပညာရေး အတိုင်ပင်ခံ မရူပါက ပြောသည်။

"ဖွံ့ဖြိုးတိုးတက်လာတဲ့ ဘဏ်လုပ်ငန်းနဲ့ပတ်သက်တဲ့ ငွေကြေးစီမံခန့်ခွဲမှု အခန်းကဏ္ဍနဲ့ ဆက်စပ်အရေးပါပုံတွေ၊ Stock ဈေးကွက်အတွက် ဘဏ်လုပ်ငန်းနဲ့ ရင်းနှီးကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍ၊ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးစီမံခန့်ခွဲမှု နယ်ပယ်မှာ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့အတွက် ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဆွေးနွေးပွဲကို ကျော်ကြားသော Professional Firm တစ်ခုမှ လာရောက်ဆွေးနွေးပေးမည်ဖြစ်ပြီး စင်ကာပူနိုင်ငံရှိ Kaplan Higher Education Academy မှ အဓိကကူညီပံ့ပိုးပေးထားကာ တက်ရောက်လိုသူများအနေဖြင့် Smart Resources ဖုန်း- ၀၉-၅၄၂၈၈၄၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက်များသည် မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများတွင် အတတ်ပညာရှင်များဖြစ်လာရန် လေ့လာသင်ယူမှုများ လိုအပ်လျက်ရှိနေသည်။

စန္ဒာဝင်း

❑❑❑

မြန်မာဆေးကျောင်းသားများအတွက် ပညာသင်ဆုများ တိုးမြှင့်ပေးအပ်မည်

မြန်မာနိုင်ငံ ဩစတြေးလျသံရုံးမှ မြန်မာဆေးကျောင်းသားများအတွက် ပေးအပ်လျက်ရှိသော ပညာသင်ဆုများကို ၂၀၁၆ ပညာသင်နှစ်တွင် ၁၀ ဆုထပ်မံတိုးမြှင့်ပေးအပ်သွားမည်ဟု မြန်မာနိုင်ငံ ဩစတြေးလျသံရုံးက ဖော်ပြခဲ့သည်။

ယင်းပညာသင်ဆုများကို ၂၀၁၅ ပညာသင်နှစ်အထိ စုစုပေါင်း ၅၀ ဆု ပေးအပ်လာခဲ့ရာမှ ၂၀၁၆ ပညာသင်နှစ်တွင် ဆု ၆၀ အထိ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၁၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံ ဩစတြေးလျသံရုံးမှ ပေးအပ်သော ပညာသင်ဆုများကို ဆေးကျောင်းသားများ၊ ဆေးပညာဘွဲ့ရရှိပြီးသူများ၊ M.Sc ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ကာ လျှောက်လွှာများကို ဧပြီ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်သည်။

လျှောက်ထားသူများသည် IELTS နှင့် TOEFL အမှတ်များ ပြသရန်မလိုအပ်ပေ။ သို့သော် အင်တာဗျူးမဖြေမီ မိမိရရှိထားသော အင်္ဂလိပ်စာအရည်အချင်းစစ်အမှတ်များကို ပြသနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ထို့ပြင် ဩစတြေးလျပညာသင်ဆု လျှောက်လွှာ AAS ၂၀၁၆ တွင် အချက်အလက်များ ဖြည့်စွက်တင်သွင်းသွားရန်လိုအပ်သည်။

ယခုလက်ရှိတွင် အစိုးရက ကျောင်းသားဗဟိုပြု ဆေးပညာသင်ကြားနည်းစနစ်သို့ ပြောင်းလဲရန် စီစဉ်နေသည်။ ထို့ကြောင့် ပုဂ္ဂလိကနှင့် နိုင်ငံပိုင် ဆေးဘက်ဆိုင်ရာနှင့် ဆေးဝါးကျွမ်းကျင်တက္ကသိုလ်များမှ ဘွဲ့ရရှိထားသော ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကို ပေါင်းစုံစေနိုင်ရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်သည်။

ခင်ခင်သက်

ကန့်ကွက်နိုင်ကြောင်း ကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၂)၊ မြေကွက်အမှတ်(၆၁၆)၊ (အလျားပေ၄၀×အနံပေ၆၀) မြေကွက်ရရှိသူ အမည်ပေါက် ဒေါ်ချစ်လှထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းဝင်း (ဘ) ဦးဘိုမောင် [၁၂/လကန(နိုင်)၀၁၂၄၄၆]၊ ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ (၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးမောင်မောင် (၁၂/တဒဂ (နိုင်) ၀၂၂၄၇၁) ၃၀-မှတ် (၅၀) ဓမ္မဒါနလမ်း ၊ နတ်ချောင်းရပ်ကွက် ၊ တာမွေမြို့နယ် နှင့် အများသိစေရန် ထပ်မံအသိပေးကြေညာခြင်း

ရန်ကုန်မြို့ ၊ သာကေတမြို့နယ်၊ ၁/အရှေ့ရာရပ်ကွက်၊ ရေဝက်တိုးချဲ့လမ်းသစ်၊ အမှတ်-၃၅ (က) နေ ဦးကျော်ဇောထွန်းနှင့် ဒေါ်ချစ်အေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ ထပ်မံအသိပေးကြေညာအပ်ပါသည်။ ဦးမောင်မောင် (၁၂/တဒဂ (နိုင်) ၀၃၃၄၇၁) အား ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ်-၃၅-အေ (၁)၊ ဧရိယာ (၁၅၆၀) စတုရန်းပေရှိမြေကွက်ပေါ်တွင် (၃၅) ထပ်အဆောက်အဦးဆောက်လုပ်ရန်လုပ်ငန်းနှင့်ပတ်သက်ပြီး (၂၈-၁-၂၀၁၅) နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၇) တွင် ကျွန်ုပ်ထံသို့လာရောက်ဖြေရှင်းရန်အကြောင်းကြားကြေညာခဲ့ပြီးဖြစ်သော်လည်းဦးမောင်မောင်သည်ယနေ့တိုင် ကျွန်ုပ်ထံလာရောက်ညှိနှိုင်းဖြေရှင်းခဲ့ခြင်းမရှိပါ။သို့ဖြစ်ပါ၍ ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ဦးမောင်မောင်အနေဖြင့် အထက်ပါအဆောက်အဦးဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတရားဝင်ဆောက်လုပ်ခွင့်ပြုသည့်အကြောင်းကြားစာနှင့် စာရွက်စာတမ်းများအားလုံးကိုယူဆောင်ပြီး ကျွန်ုပ်ထံသို့ လာရောက်ဖြေရှင်းရန် နောက်ဆုံးအကြိမ်အဖြစ်သတိပေးကြေညာလိုက်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအဆောက်အဦးဆောက်လုပ်ရေးလုပ်ငန်းကို ကျွန်ုပ်၏အမှုသည်များကိုယ်တိုင် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တစ်စုံတစ်ရာဟန့်တားနှောက်ယှက်လာပါက ကျွန်ုပ်၏အမှုသည်များတွင် နစ်နာမှုများပေါ် ပေါက်ခဲ့သော် ထိုနစ်နာမှုများအားလုံးအတွက် လူကြီးမင်း၏တာဝန်သာဖြစ်ပါသည်။ အဆိုပါနေရပ်လိပ်စာတွင်ဆောက်လုပ်ဆဲဖြစ်သည့်အိမ်ခန်းများအား ကြိုတင်ဝယ်ယူထားသူများအနေဖြင့်လည်း ဦးမောင်မောင်နှင့်သာ ဆက်လက်ဆောင်ရွက်ကြပါရန်နှင့် ကျွန်ုပ်၏အမှုသည်များနှင့်လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ ကျွန်ုပ်၏အမှုသည်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးထွန်းအောင် (စဉ်-၃၂၉၈/၈၅)၊ ဦးစိုင်းသူရကျော် (စဉ်-၄၁၅၉၀) ဒေါ်ရိုဆက်တီ (စဉ်-၃၈၈၉၉)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အခန်း (၂၀၃)၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၆၆၃(ခ)၊ မြေကွက်တည်နေရာအမှတ်-၆၆၃(ခ)၊ ပန်းခြံ(၁၂)၊ မဟာဗန္ဓုလလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပြည်သာ (ဒေါ်အေးအေးငွေ)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်မြင့်ဝေ[၁၂/အစန(နိုင်)၀၆၅၀၇၄]မှ အရပ်ကတိစာချုပ်နှင့် ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ခံဝန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၉၊ မြေကွက်အမှတ်-၁၁၀၃၊ မြေကွက်တည်နေရာ-အမှတ် (၁၁၀၃)၊ ဒူးယား (၅) လမ်း၊ ၄၉-ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးကျော်သောင်း (၁၂/ဥကမ (နိုင်) ၀၃၄၀၄၅) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း ကိုယ်တိုင်မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန် မိတ္တူ လျှောက်ထားလာရာ ဌာနမှ လုပ်ထုံး လုပ်နည်းနှင့် ဆောင်ရွက်ပြီး ကန့်ကွက်မှု မရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါသဖြင့် မူလဂရန်မူရင်းအား ပယ်ဖျက်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ueu uEialumi;alumjim

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်(၆၇၃/က)၊ မြေကွက်တည်နေရာအမှတ်(၆၇၃/က)၊ မေတ္တာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဘိုနီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးဘိုနီနှင့် (မိခင်)ဒေါ်တင်ခတို့ အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်မာမာမြင့် [၁၂/ဥကတ(နိုင်)၁၂၃၅၀၁]၊ (၂)ဒေါ်စန္ဒာမြင့် [၁၂/ဥကတ(နိုင်)၀၆၈၂၃၄]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၃၄၀)၊ မြေကွက်တည်နေရာ-အမှတ် (၁၃၄၀) မာန်ပြေ (၂၁)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (၁။ ဦးခင်မောင် ၂။ ဦးစောညိမ်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်စောညိမ်း (ခ) ဒေါ်စောငြိမ်း (EG-၀၅၆၆၉)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၉၁/၂၀၁၃) ရသူ ဒေါ်ဆုမြတ်အောင် (၁၂/သကတ (နိုင်) ၁၇၃၃၈၄)မှ သေစာရင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မခင်ခင်ချို[၁၃/ကလန(နိုင်)၀၅၂၇၀၁] ကိုင်ဆောင် သူသည် လွန်ခဲ့သော(၂၂)နှစ်ခန့်က ဦးညွန့်ဝင်း[၁၃/ကလန(နိုင်)၀၁၅၃၂၅] ကိုင်ဆောင်သူနှင့် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ ၃၀-၃-၂၀၁၄ရက်တွင် ဦးညွန့်ဝင်းသည် ပေါင်းသင်းနေထိုင်သည့် နေအိမ်မှထွက်သွား၍ လူမှုရေးဖောက်ပြန်သွားပါသဖြင့် အဆိုပါနေ့မှစ၍ မခင်ခင်ချိုနှင့် သားသမီးနှစ်ဦးအား မည်သို့မျှ ထောက်ပံ့ပေးကမ်းခြင်းမပြု၊ ပေါင်းသင်းနေထိုင်ခြင်းမရှိပါသောကြောင့် ဦးညွန့်ဝင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝသည် မခင်ခင်ချိုနှင့် လုံးဝသက်ဆိုင် ပတ်သက်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မခင်ခင်ချို၏ ညွှန်ကြားချက်အရ
ဦးထွန်းလှိုင်
LL.B(H.G.P, Criminal Distinction), C.B.L, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၆၅)၊ ဖုန်း-၀၉-၇၃၀၃၉၀၁၅
အမှတ်-၁၅၊ ညောင်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

0;a u mp;r;(c)a u mi; q&m Eiio m; t rw
«7^r v e(Ei)06၈295»Ei t r m;o ap&e alu nmjci;

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၆၅၈)နေသူ ဦးစိုးမြင့်ထွေး(ခ)ကုလားမှ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်သည် "တက်နေဝင်း" အမည်ဖြင့် မီနီဘိုးပိုင်နှင့် စက်ရေတွင်းတူးလုပ်ငန်းအား တရားဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်လိုင်စင်ဖြင့် တစ်ဦးတည်းပိုင် လုပ်ကိုင်ခဲ့ပါသည်။ ကျွန်ုပ်၏လုပ်ငန်းတွင် ယုံကြည်စိတ်ချမှုဖြင့် ဦးကျော်စိုးမိုး(ခ)ကျောင်းဆရာအား ကျွန်ုပ်ကိုယ်စားလုပ်ငန်းလက်ခံသူအဖြစ် ဆောင်ရွက်စေခဲ့ပါသည်။ ဦးကျော်စိုးမိုး(ခ) ကျောင်းဆရာ သည် ယုံကြည်စိတ်ချစွာ အပ်နှံထားသောလုပ်ငန်းလက်ခံသူတစ်ဦးအဖြစ်ဖြင့် လုပ်ငန်းမှ ထုတ်ယူ ရရှိသော ငွေကြေးများကို ကျွန်ုပ်ထံပေးအပ်ခြင်းမရှိဘဲ ကိုယ်ကျိုးသုံးစွဲထားကြောင်း သိရှိရသဖြင့် အကြိမ်ကြိမ်ခေါ်ယူခဲ့သော်လည်း လာရောက်ဖြေရှင်းခြင်းမရှိခဲ့ပါ။ သို့ပါ၍ ဦးကျော်စိုးမိုး (ခ) ကျောင်းဆရာအား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ဖြေရှင်း ပေးရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးမြင့်ထွေး(ခ)ကုလား
[၁၂/ဒဂမ(နိုင်)၀၁၇၆၉၄]
အမှတ်(၁၆၅၈)၊ ပြည်ထောင်စုလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

ခရီးသွားများတိုးလာ၍ ချင်းပြည်နယ်၌ ဟိုတယ်များလိုအပ်လျက်ရှိ

ဟားခါး ဖေဖော်ဝါရီ ၁၈

ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ တရားဝင်သွားရောက် လည်ပတ်ခွင့်ပြုလိုက်ခြင်းကြောင့် ယခုနှစ် ခရီးသွားဧည့်သည်အဝင်မှာ ယခင်နှစ်ထက် ပိုမိုမြင့်တက်လာသော်လည်း ဝင်ရောက်လာသောခရီးသည်များ လုံလောက်စွာတည်းခိုနိုင်သောဟိုတယ်များ မရှိသေးကြောင်း၊ ချင်းပြည်နယ်၌ ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသော်လည်း သဘာဝအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ကဏ္ဍ၌ လိုအပ်ချက်များရှိနေသေးကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ချင်းပြည်နယ်ကို ဧည့်သည်တွေလာမယ်ဆိုရင် တည်းခိုဖို့နေရာက အလုံအလောက်မရှိဘူး။ အများအားဖြင့် နိုင်ငံခြားခရီးသွားတွေက ပက်ကေ့ချ်တိုးနဲ့ဆိုတော့ အုပ်စုလိုက် လာတာများတယ်။ အဲဒီလိုလာရင် ဧည့်သည်အယောက် တစ်ရာလောက် တည်းခိုဖို့ ဟိုတယ်တွေက လိုနေသေးတယ်။ ချင်းတောင်ပေါ်အထင်ကရနေရာတွေဖြစ်တဲ့ နတ်မတောင်၊ ကနေဒီတောင်၊ ရှာလ်လုမ်းခံတပ်၊ တီးမစ်လွင်ပြင်ဒေသနဲ့ ရိဒ်ရေအိုင်တို့ကိုလည်းအရမ်းစိတ်ဝင်စားပြီး သွားချင်ကြတယ်။ အခုတရားဝင်သွားလာခွင့်ရပြီဆိုပေမယ့် ဟိုတယ်အခန်း မလုံလောက်တော့ တည်းခိုနေထိုင်ရေးတွေက အခက်အခဲတွေတော်တော်များများရှိတယ်"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်း သဘာဝအခြေပြုခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားခရီးသွားများအား ဆွဲဆောင်နိုင်ရန် နတ်မတောင်အမျိုးသားဥယျာဉ်၊ ကနေဒီတောင်၊ ဘုံတလာရေတံခွန်၊ ရိဒ်ရေကန်အစရှိသည့်သဘာဝအလှတရားများက ဖြစ်တည်နေသော်လည်း လက်ရှိတွင်ဧည့်သည်များ တည်းခိုနေနိုင်မည့် ဟိုတယ် အနည်းငယ်သာရှိကြောင်း သိရသည်။

သဘာဝအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် တည်းခိုစရာဟိုတယ်၊ အဆောက်အအုံများအပြင် ကျွမ်းကျင်ဝန်ထမ်းများနှင့် ခရီးသွားများ၏ လုံခြုံရေးအတွက်လည်း သေချာစီစဉ်ပေးရန် လိုနေသေးကြောင်း၊ ချင်းပြည်နယ်ရှိ နတ်မတောင်တွင် ကမ္ဘာပေါ်၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ငှက်များ၊ လိပ်ပြာများရှိ၍ နိုင်ငံခြားသားခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်နေကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ် ထိန်းသိမ်းရန်လိုကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောသည်။

ဇိုဟေဆာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

စေတုတ္တရာ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက စနစ်တကျ ငြိမ်းသတ်ဆောင်ရွက်နိုင်ရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအား ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက စေတုတ္တရာမြို့ မြို့မအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှု၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် ရေရရှိမှုစီစဉ်ခြင်း၊ ပိုက်သွယ်ဆက်မှုအမြန်ပြင်ဆင်ခြင်း၊ မီးငြိမ်းသတ်မှုသရုပ်ပြ ရေပက်ဖြန်းခြင်း လုပ်ငန်းများအား အရေးပေါ်အချိန်များတွင် ဆောင်ရွက်ရသည့် အနေအထားအတိုင်း လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းဇာတ်တိုက်လေ့ကျင့်မှု၌ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်လှိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးဦးဇေယျာမင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကံမြင့်နှင့် မြို့နယ်စည်ပင်တာဝန်ခံ အင်ဂျင်နီယာဦးလွင်ကိုအောင်တို့ ပူးပေါင်းပါဝင်ခဲ့ကြပြီး လုပ်ငန်းပိုင်းဆိုင်ရာအားနည်းချက်များ ဖြည့်ဆည်းနိုင်ရေး လေ့လာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့တွင် ရပ်ကွက်နှစ်ခုနှင့် အိမ်ခြေ ၁၀၀၀ ဝန်းကျင်ခန့်ရှိပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ကားသုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးဖြင့်သာ ဆောင်ရွက်နိုင်သေးကာ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ထပ်မံဖြည့်ဆည်းရေး၊ နည်းပညာအကူအညီနှင့် အထောက်အပံ့များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် မီးသတ်စွမ်းရည် ပြည့်ဝရန်အတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ဇေယျာတု(မကွေး)

ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်

ညောင်ဦး ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်မီးလင်းရေးအတွက် ၁၂၂ ဒသမ ၄၆၅သန်း၊ ရေပေးရေးအတွက် ၃၀၂ ဒသမ ၃၇၅၉ သန်း၊ လမ်း/တံတားဆောက်လုပ်ရေးအတွက် ၂၄၈ ဒသမ ၀၈၄သန်း၊ ကျန်းမာသန့်ရှင်းရေးအတွက် ၃၈ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ် သူငွေးကန်ကျေးရွာ အိမ်ခြေ ၁၈၅အိမ် မီးလင်းရေးအတွက် ဌာနမှထောက်ပံ့ငွေကျပ် ၁၅ ဒသမ ၁ သန်းဖြင့်လည်းကောင်း၊ ကုန်းတန်းကြီးကျေးရွာ အိမ်ခြေ ၁၇၇ အိမ် မီးလင်းရေးအတွက် ဌာနမှထောက်ပံ့ ငွေကျပ် ၃၂ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မုန်တိုင်ကျေးရွာတွင် အိမ်ခြေ ၂၂၉ အိမ်ဆိုလာမီးလင်းရေးအတွက် ဌာနထောက်ပံ့ငွေကျပ် ၃၅ ဒသမ ၅၂သန်းဖြင့်လည်းကောင်း၊ ညောင်ပင်ကန်ကျေးရွာတွင် အိမ်ခြေ ၄၂၀ သောက်သုံး ရေရရှိရေးအတွက် ဌာနထောက်ပံ့ငွေကျပ် ၁ ဒသမ ၉၀ သန်းဖြင့်လည်းကောင်း အသီးသီးဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၁၉၁)နေ မိခင်ကြီးဒေါ်ခင်အေးမူ[၁၂/ဥကမ(နိုင်)၀၅၈၀၅၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ မိခင်ကြီးဒေါ်ခင်အေးမူ၏ သားသမီးများဖြစ်ကြသော (၁)ဦးမောင်အေး(ခ) ကိုကိုဦး(N/OKA-၀၇၀၃၃၀)၊ (၂)ဦးမျိုးနိုင်(ခ)ကိုနိုင်[၁၂/ဥကမ(နိုင်)၀၈၄၈၈၈]၊ (၃)ဒေါ်အေး အေးသန်း[၁၂/ဥကမ(နိုင်)၀၅၇၇၄၇]၊ (၄)ဦးချမ်းအေး[၁၂/ဥကမ(နိုင်)၁၄၉၆၈၃]၊ (၅)ဒေါ်အေး အေးသွယ် [၁၂/ဥကမ(နိုင်)၁၄၈၇၄၇]တို့ကို ၂၉-၆-၂၀၁၄ရက်စွဲဖြင့် အမွေခွဲဝေပေးခြင်းကို မိခင်ကြီးမှ သားသမီးများအား အမွေဝေစုအသီးသီးကို ခွဲဝေပေးပြီးဖြစ်ကြောင်းနှင့် နောက်နောင် မိခင်ကြီးဒေါ်ခင်အေးမူမှ ကျန်ရှိသည့်ပစ္စည်းများနှင့်ပတ်သက်၍ ၎င်းစိတ်တိုင်းကျ စီမံခန့်ခွဲသွားမည် ဖြစ်ကြောင်း သားသမီးများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇင်သင်းအောင်(စဉ်-၃၀၇၁၁)	ဒေါ်ယမင်းလတ်(စဉ်-၈၅၆၄)
LL,B, B.D.S,WIPO(Switzerland)	**LL.B, D.B.L, WIPO(Switzerland)**
အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး	တရားလွှတ်တော်ရှေ့နေ

အမှတ်(၉/၁၁)၊ (၁၀၃/G)၊ (ပထမထပ်)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၀၀၆၄၄၅၊ ၀၉-၇၃၂၅၆၈၃၆၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၃၁၈၁၇၅၀၀

ဖောင်းကြွပျောက် လျှော့က်ထားခြင်း

ယာဉ်အမှတ် ၆က/၁၂၀၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွပျောက်လျှော်က်ထားခြင်း

ယာဉ်အမှတ် 2G.7463၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၄၈)၊ မြေအမည်ပေါက် တပ်သားဇော်ဦးထံမှ ဖခင်ဖြစ်သူ ဦးဘသောင်း(ယခု ဦးပဥ္ဇင်းဝိသုဒ္ဓ)မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယာယီသန်းခေါင်စာရင်းဖြင့် နေထိုင်လျက်ရှိပြီး အဆိုပါမြေကွက်၏ မြေချပါမစ်အား တပ်သားဇော်ဦး(ကိုယ်စား)ဖခင်ဖြစ်သူ ဦးဘသောင်း(ယခုဦးပဥ္ဇင်းဝိသုဒ္ဓ) ၏သမီးဖြစ်သူ ဒေါ်မိုးသန္တာမှ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ရှေ့၊ မြေကွက်အမှတ် ၁၂၀၂၊ မြေကွက်တည်နေရာအမှတ် (၁၂၀၂)၊ အောင်သုခ(၂၃)လမ်း၊ (၆)အရှေ့ရပ်ကွက်၊ သာကေတ မြို့နယ်၊ (ဒေါ်သန်းမေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမေ(မိခင်)နှင့် ဦးမောင်ထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးခင်မောင်အေး[၁၂/သကတ(နိုင်)၀၈၁၂၄၆]၊ (၂)ဦးခင်မောင်ဌေး[၁၂/သကတ(နိုင်)၀၁၂၇၇၆]၊ (၃)ဦးခင်မောင်သိန်း[၁၂/သကတ(နိုင်)၁၁၅၃၆၈]၊ (၄)ဒေါ်တင်စိန်[၁၂/သကတ(နိုင်)၀၁၄၀၈၁]တို့အနက် အမှတ်စဉ်(၁၊ ၃၊ ၄)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၇၀၈/၂၀၁၄)ရသူ ဦးခင်မောင်ဌေးမှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စွန့်လွှတ်အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်းအသိပေးကြေညာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၆၆)၊ မြေကွက်တည်နေရာအမှတ်(၁၆၆)၊ ၅-လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်တင်ဥ[၁၂/ဒပန(နိုင်)၀၂၃၁၁၂]နှင့် ဦးသောင်းကြည်[၁၂/ဒပန(နိုင်)၀၂၃၂၄၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၂၆၆/၁၄(၂၈-၇-၁၄)ဖြင့် ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်စန်းစန်းတင့် [၁၂/ဒပန(နိုင်)၀၂၃၁၀၉]နှင့် ဦးကျော်ကျော်ထွန်း[၁၂/ဒပန(နိုင်)၀၄၂၀၉၄]တို့မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကန့်ကွက်မှု မပေါ်ပေါက်ပါသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်တင်ဥနှင့် ဦးသောင်းကြည်အမည်ပေါက် မြေငှားစာချုပ်အမှတ် (ဒပ/၁၄/၀၀၃၈/၉၃) (၂၃-၉-၉၃) ဂရန် (မူရင်း) စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်နိုင်ရေး ပြိုင်ပွဲများကျင်းပ

မန္တလေး၊ ဖေဖော်ဝါရီ ၁၈

မန္တလေးခရိုင်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ကြံ့ခိုင်ရေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အထက်မြန်မာပြည်မီးသတ်တပ်ဖွဲ့ရုံးများ ကွပ်ကဲမှုအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးများ၊ သန္ဓေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မန္တလေးခရိုင် ၇ မြို့နယ်နှင့်အထက် မြန်မာပြည်မီးသတ်တပ်ဖွဲ့ကွပ်ကဲမှုအဖွဲ့ရုံးအသင်းတို့ မီးသတ်စက်ဖြင့် ပိုက်ဆွဲငြိမ်းသတ်ခြင်း၊ ပိတ်မိနေသူအား ရှာဖွေကယ်ဆယ်ခြင်းနှင့် တစ်ဦးချင်းကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ပထမ ချမ်းမြသာစည်မြို့နယ်၊ ဒုတိယအထက်မြန်မာပြည်မီးသတ်တပ်ဖွဲ့ကွပ်ကဲရေးရုံးနှင့် တတိယ မဟာအောင်မြေမြို့နယ်မီးသတ်တပ်ဖွဲ့အသင်းတို့ရရှိပြီး ဆုများကို အထက်မြန်မာပြည်မီးသတ်တပ်ဖွဲ့ကွပ်ကဲမှုအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအထက်မြန်မာပြည်မီးသတ်တပ်ဖွဲ့ရုံးများကွပ်ကဲမှုအဖွဲ့ရုံးမှ ကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းသေဝပ်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု စွမ်းရည်ပြည့်ဝစေရေးနှင့် မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ သတိပေး၊ နွေမှာအသင့်ရှိရေး မီးသတ်တပ်ဖွဲ့ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့သည်။

သီဟကိုကို(မန္တလေး)

ငုတ်ချောင်း-အုမ္မ-ကျောက်လှေကား ကျေးရွာချင်းဆက်မြေသားလမ်းဖောက်

ကနီ၊ ဖေဖော်ဝါရီ ၁၈

ကနီမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းတွင်တည်ရှိသော အုမ္မကျေးရွာအုပ်စုနှင့် ယင်းကျေးရွာအုပ်စုမှ ကျောက်လှေကားကျေးရွာတို့မှာ မြို့နယ်၏မြောက်ဘက်အစွန်ဆုံး၌ကျရောက်ကာ သွားလာရေးခက်ခဲသောဒေသဖြစ်၍ ကုန်းလမ်းမှ မော်တော်ကားများသွားလာရေးလွယ်ကူစေရန် ငုတ်ချောင်း-အုမ္မ-ကျောက်လှေကားအထိ ၁၄ မိုင် ၆ ဖာလုံရှည်သောလမ်းကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၉ ဒသမ ၇ သန်းဖြင့် အကျယ် ၁၈ ပေနှင့် ၂ လက်မထုရှိ ၆ မိုင်အရှည် မြေသားလမ်းကို မျိုးမြတ်ချမ်းသာကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ထို ငုတ်ချောင်း-အုမ္မ-ကျောက်လှေကားလမ်းအပိုင်းရှိ ကျန်ရှိနေသော ၈ မိုင် ၆ ဖာလုံကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဒေသခံပြည်သူများနှင့် မြို့နယ်ကျေးလက်ဒေသဦးစီးဌာနတို့က ကုမ္ပဏီနှင့်ညှိနှိုင်းကာ တစ်ကြောင်းထိုးမြေသားလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ကျွန်တော်တို့ ဒီငုတ်ချောင်း-အုမ္မ-ကျောက်လှေကား မြေသားလမ်းဖောက်လုပ်ပြီးပါက အဆိုပါလမ်းမှတစ်ဆင့် ဝင်မနား-တောင်ပြင်လမ်းကနေ မုံရွာမြို့သို့ မော်တော်ကားများဖြင့် သွားလာနိုင်မှာဖြစ်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများအတွက်ပါ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည့်အပြင် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး ကုန်စည်စီးဆင်းမှုများလည်း လွယ်ကူမြန်ဆန်လာမှာဖြစ်ပါတယ်“ ဟု ဒေသခံတစ်ဦး ကပြောသည်။

သန်းဌွေးအောင်(ကနီ)

ကျွန်းလှမြို့ ညောင်ကိုင်းကျေးရွာ အ.ထ.က ကျောင်းတွင် ရေသန့်စက်ရရှိ

ကျွန်းလှ၊ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ရေသန့်စက်တပ်ဆင်ပြီး၍ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေသန့်စက်အား ၁၂၆၇ ခုနှစ်က တည်ထောင်သော ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးဝေနေယျသုခရေချမ်းစင်အသင်းက လီတာ ၅၀၀ ရေသန့်စက်လှူဒါန်းသောကြောင့် မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၅၆၇ ဦးခန့်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိပြီဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။

“ကျွန်တော်တို့ အရင်ကသောက်သုံးရေကို လက်နှိပ်ဘုံပိုင်မှာ တန်းစီပြီးခပ်ရတာပါ။ အခုလိုရေသန့်စက်တပ်ဆင်ပြီးသွားမှ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သောက်သုံးရေသန့်ကို အချိန်ပြည့်သုံးစွဲနိုင်ပြီဖြစ်ပါတယ်” ဟု ကျောင်းသားတစ်ဦးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားလာစေရန် စွမ်းရည်မြှင့်သင်တန်း(၁/၂၀၁၅)ဖွင့်လှစ်

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးတင်သန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးကျော်ဆင့်၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၅) တွင် သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးတို့အား ဖေဖော်ဝါရီ ၁၆ ရက် နေ့မှ မတ် ၁၃ ရက်အထိသင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **ထွန်းထွန်းဝင်း(ပျဉ်းမနား)**



SIM CARD

ဝယ်မည်

၇၃**၉၀၀၀၀
၈၆**၁၃၀၀၀၀
၄၉ **၁၆၀၀၀၀
၅၀ **၁၈၀၀၀၀

ဖုန်း-၀၉-၅၀၉၂၆၆၆
၀၉-၇၃၀၂၆၀၀၀

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအဆင့်(၂)တိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ်(၄၄၇)အမည်ပေါက် ဦးသိန်းရွှေ(SRM-၀၂၀၈၁၄)၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြိုင်ကြိုင်ဇော်[၁၂/လမန(နိုင်)၁၂၃၉၄၀]ကိုင်ဆောင်သူမှမြေကွက် စလစ်(မူရင်း) ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ် စာချုပ်(မူရင်း)များတင်ပြပြီး မြေပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန

ရောင်းရန်

လှည်းကူးမြို့နယ်၊ သခွပ်ပင် လယ်မြေများ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၁၃၀၂
၀၉-၄၃၁၇၅၄၅၂



နွေရာသီရေကူးသင်တန်းများ
ဖွင့်လှစ်သင်ကြားပေးနေပါပြီ။
တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
ဖုန်း-၇၃၀၁၅၂၇၆၊
၅၂၅၈၉၁၊ ၂၅၄၀၆၇၃၉၄

မီးဘေးရှောင် မလောင်ခင်တား

à aeZmZmx

လူတို့သည် မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ငြိမ်းချမ်းသာယာဖွံ့ဖြိုးသော ကမ္ဘာမြေကြီးအဖြစ် ကြိုးပမ်းပုံဖော်နေသကဲ့သို့ ယနေ့ကမ္ဘာကြီးသည်လည်း လူတို့၏ တီထွင်ဆန်းသစ်သည့်ဉာဏ်ပညာတို့ဖြင့် ရွာကြီးတစ်ရွာကဲ့သို့ ပြောင်းလဲလိုက်ပြီဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာကြီးကို ပြောင်းလဲပုံဖော်နေချိန်တွင် လူသားတို့၏ ပယောဂကြောင့် အနိဋ္ဌာရုံအဖြစ် ပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ဖြေရှင်းနေကြရသည်။ ထိုဆုံးရှုံးမှုများအနက် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အရာတစ်ခုမှာ မီးလောင်ကျွမ်းမှုပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ ရေလွှမ်းမိုးခြင်းများသည် လူတို့၏ တီထွင်ကြံဆမှုနည်းပညာများကြောင့် ကြိုတင်ခန့်မှန်းကာ ကာကွယ်တားဆီးမှုများ ပြုလုပ်နိုင်သော်လည်း လူတို့၏ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသည့် မီးဘေးအန္တရာယ်သည် မည်သူမျှ ကြိုတင်ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ယနေ့အချိန်သည် ပွင့်လင်းရာသီသို့ရောက်ရှိရုံမျှမက ပူပြင်းခြောက်သွေ့သည့် နွေဦးရာသီသို့ရောက်ရှိစပြုလာပြီဖြစ်သည်။ ပူပြင်းခြောက်သွေ့လာမှုနှင့်အတူလေပြင်းများတိုက်ခတ်လာပေရာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ခြိမ်းခြောက်နိုင်စွမ်းရှိသည့် မီးဘေးအန္တရာယ်ဆိုးကြီးသည်လည်း အချိန်အခါမရွေး နည်းအမျိုးမျိုးဖြင့် ပြည်သူများအကြား ဝင်ရောက်လာတတ်ပေသည်။

ပြည်သူများကို ခြိမ်းခြောက်နေသည့် မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသော်လည်း ပြည်သူများအား ဆက်လက်ခြိမ်းခြောက်နေဆဲပင်ဖြစ်ပါသည်။ မီးလောင်ကျွမ်းမှုကြောင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးကာ အိုးမဲ့အိမ်မဲ့ဖြစ်ရုံမျှမက အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားခဲ့မှုများကို ဝမ်းနည်းဖွယ်တွေ့ရသည်။ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် မီးလောင်မှုများကြောင့် နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း မီးဘေးအန္တရာယ်ကို ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့နေရပြီး အများဆုံးမှာ လူတို့၏ပေါ့ဆမှုကြောင့်ဖြစ်သည့် ခြင်ဆေး၊ ဖယောင်းတိုင်၊ မီးကြွင်းမီးကျန်နှင့် လျှပ်စစ်သုံးပစ္စည်းများမှတစ်ဆင့် အများဆုံးလောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရှိရသည်။ ‘သတိမမူ ဂူမမြင်’ ဆိုသကဲ့သို့ မိမိ၏ သတိမေ့လျော့ ပေါ့ဆမှုတစ်ခုကြောင့် ပစ္စည်းဥစ္စာအဆပေါင်းများစွာ ပျက်စီးဆုံးရှုံးကြရရုံမျှမက လူတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုများပါ ကြုံတွေ့ကြရသည်။ မီးသည် သုံးတတ်လျှင် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သည့် ရတနာဖြစ်နိုင်သလို မသုံးတတ်ပါက အန္တရာယ်မှာ လက်တစ်ကမ်းအကွာတွင်ရှိနေသည်ကို မီးသုံးစွဲသူပြည်သူများ အထူးသတိပြုသင့်ပေသည်။ မီး၏အကျိုးပြုပုံကို ကျောက်ခေတ်လူသားများမှ အစပြုကာ ယနေ့ ၂၁ ရာစုခေတ်ကြီးတွင် မီးကို နည်းမျိုးစုံဖြင့် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

ယနေ့ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးအဖြစ် ပုံဖော်ပြောင်းလဲနေချိန်၊ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ရာ မိမိတို့ကြိုးစားအားထုတ်ထားသည့်အရာများ လျော့နည်းပျက်စီးဆုံးရှုံးသွားမည့် အကြောင်းတရားများကို သတိရှိရှိဖြင့် ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ အဖြစ်မခံဘဲကြိုးစားထားသမျှအရာထင်စေရန် လူသားတစ်ဦးချင်းစီက ကြိုတင်ကာကွယ်တားဆီး၍ရနိုင်သည့် ဘေးအန္တရာယ်မှန်သမျှကို သတိရှိရှိဖြင့် ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

ပြည်သူတစ်ဦးချင်းမှသည် နိုင်ငံသားအားလုံးက မီးဘေးလုံခြုံရေးလုပ်ငန်းများကို လုပ်ဆောင်ရန်နှင့် သက်ဆိုင်ရာမှ ချမှတ်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များကိုလည်း အလေးထားလိုက်နာကြရမည်ဖြစ်သည်။

စည်းကမ်းသည် လူ၏တန်ဖိုးဆိုသကဲ့သို့ အရာရာတွင် စည်းစနစ်တကျလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ‘အမိုက်ကစ ပြာသာဒ်မီးလောင်’ ဆိုစကားအတိုင်း လူတို့ကို အကျိုးပြုနေသည့်မီးကိုလည်း သေးသေးမွှားမွှားဟု သဘောမထားဘဲ စည်းကမ်းတကျသုံးစွဲကြရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ပြည်သူအများ ဒုက္ခရောက်ရပြီး ပစ္စည်းဥစ္စာရတနာများ၊ အဖိုးတန်အဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ် ဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ကြရပြီး ‘လူခိုး၍ မကုန် မီးခိုး၍ ကုန်’ သည့် အဖြစ်မျိုးရောက်ရှိမည်ဖြစ်ပါသည်။ ပူပြင်းခြောက်သွေ့သည့် ယနေ့အချိန်အခါတွင် မီးဘေးကာကွယ်ရေး ကြိုတင်သတိပေးမှုများ၊ အသိပညာပေးမှုများကို ပြည်သူတစ်ဦးချင်းစီက အလေးထားလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ‘မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ’ ဟူသော မီးဘေးအန္တရာယ် သတိပေးဆောင်ပုဒ်အတိုင်း ပြည်သူများအနေဖြင့် မီးကို စနစ်တကျ သုံးစွဲပြီး ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်း စသည်တို့ကို အထူးသတိပြု ရှောင်ရှားသွားကြရမည်ဖြစ်သည်။ ။

မောက်မယ်မြို့နယ်တွင် မောက်မယ်–ဟိုနမ့်–ပွန်ချောင်း–ဆိုက်ခေါင် လမ်းခင်းဆောင်ရွက်

မောက်မယ်၊ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင် ၁၃ မိုင် ၅ ဒသမ ၅ ဖာလုံ ကတ္တရာလမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအားလုံးကို ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၈၈၅ ဒသမ ၃၈ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ဟု မြို့နယ်အင်ဂျင်နီယာ ဦးဝေဖြိုးလင်းက ပြောကြားသည်။

“ယခုတော့ လမ်းပေါ်ကျောက်များခင်းပြီးသွားပြီ၊ ကတ္တရာလည်း ရှစ်မိုင်လောက်ခင်းသွားပြီ။ ဟိုနမ့်ကျေးရွာကနေ မောက်မယ်ကိုသွားဖို့ အရင်လိုမခက်ခဲတော့ဘူး။ မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင်လမ်း နောင်လာမဲ့နှစ်မှာ ကတ္တရာခင်းပြီးရင်တော့ ဟိုနမ့်နဲ့ ပန်းတန်ကျေးရွာအုပ်စုမှာရှိတဲ့ ပအိုဝ်းနဲ့ ရှမ်းတိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်တိုအတွင်း သွားလာရေးအဆင်ပြေပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ဖို့ တိုးတက်လာတော့မည်ဖြစ်ကြောင်း ဟိုနမ့်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတားဆောက်လုပ်မှုလုပ်ငန်းသို့ စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးမှုအခြေအနေအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
+ ဖြတ်ဖော်တင်ခွင်းဘုရားပွဲ၊ ဧဋ္ဌတောင်ကမ်းစေခြ(ငြိမ်း) 45000
+ မန်းရွှေစက်တော်၊ ကျောင်းတော်ရာ၊ ဇွတ္တိနိဘ၊ နဂါးမွှက် 45000
+ အလောင်းတော်ကဿပ(သီးသန့်) Guest 45000/Hotel 115000
+ ပုဂံ(ရွှေဘိုတော်လေးရှာ)၊ သီဟိုဠ်ရှင် Hotel 2 Night 120000
+ တောင်ကြီး၊ အင်းလေး၊ ကက္ကူ Hotel 2 Night 120000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Hotel 3 Night 140000
ကျိုက်ထီးရိုး (မှန်) 30000 Guest House
ချောင်းသာ (မှန်) 32000 Guest Package
ငွေဆောင် (မှန်) 68000 Hotel (2) Night
Feb 20,27 Mar 2,6,13,20
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

ဦးမြင့်ကြွယ်
ကျိုက်ထီးရိုး နေ့စဉ် (ငြိမ်း) 35000
ချောင်းသာ နေ့စဉ် (ငြိမ်း) 40000
ရွှေစက်တော် (ငြိမ်း) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

OASIS ချောင်းသာ
ကား+စား+တည်း(ငြိမ်း)
‘အိမ်အရောက်လက်မှတ်ပို့ပေးသည်’
Ph : 0950 38616, 0950 75612, 01 650201

ဖိတ်ကြားစာ

ဆရာတော်ဦးမာဃိန္ဒ(ပခုက္ကူ)(၁)နှစ်ပြည့်အထိမ်းအမှတ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ ရတနာပုံရိပ်ငြိမ်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဦးစီးပဓာန၊ နာယကဆရာတော်ဘဒ္ဒန္တမာဃိန္ဒ၊ သက်တော်(၇၂)နှစ်သည် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) ၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၃-၂-၂၀၁၅ရက်တွင် (၁)နှစ်ပြည့်မြောက်မည်ဖြစ်ပါသည်။ ဆရာတော်ကြီး၏ (၁)နှစ်ပြည့်အလှူကို တပည့်ဒါယကာ၊ ဒါယိကာမများမှ ပင့်သံဃာအရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းအစုစုကိုလှူဒါန်းပြီး အမျှပေးဝေပါမည်။ တပည့် ဒါယကာ၊ ဒါယိကာမများ အားလုံးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ	-	ရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
နေ့ရက်	-	၂၂-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန်	-	နံနက်(၆)နာရီမှ(၁၂)နာရီ

အရှင်စန္ဒာသီရိနှင့်တပည့်
ဒါယကာ၊ ဒါယိကာမများ

NATURAL BREEZE Travels & Tours
ကိုရီးယား Apr 11
စင်ကာပူ-မလေးရှား Apr 11
ဗန်ကောက် - ပတ္တရား - အယုဒ္ဓယ Apr 11
အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်

၁။ ယာဉ်မောင်း(ကျား) (၅)ဦး

ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
ကားမျိုးစုံမောင်းနှင်နိုင်ရမည်။ ယာဉ်မောင်းသက်တမ်း(၂)နှစ်အထက်ရှိရမည်။
တစ်လနှစ်သိန်းကျော်(လစာ+အခြားခံစားခွင့်များ) ရရှိမည်။
အဆောင် နေ/စား စီစဉ်ပေးမည်။
လိပ်စာ-အမှတ်(၅)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်
ဖုန်း-၀၁-၅၅၆၃၃၀၊ ၀၉-၄၂၀၂၆၁၄၆၄၊ ၀၉-၂၅၀၂၇၄၄၂၄

ရေထွက်ပစ္စည်း မွေးမြူ ထုတ်လုပ်မှု ဆုများပဏာမ ရွေးချယ်ရေး ဆောင်ရွက်

မြိတ် ဖေဖော်ဝါရီ ၁၈

မြိတ်ခရိုင်တွင် ရေထွက်ပစ္စည်းတစ်ခုဖြစ်သော ကဏန်းပျော့မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အောင်မြင်လျက်ရှိသောလုပ်ငန်း ရှင်များထဲမှ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပေးနိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပဏာမရွေးချယ်ရေး အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် 'ကောင်းကောင်း' ကဏန်းပျော့မွေးမြူရေးလုပ်ငန်းအား ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၃ နာရီခန့်က ပဏာမ သွားရောက်စိစစ် အကဲဖြတ်စစ်ဆေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများတွင်ပါဝင်သော ရေထွက် ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်ဆု လုပ်ငန်းရှင်၊ လူပုဂ္ဂိုလ်ဆု ချီးမြှင့်သည့် ဆုသည်လည်း တစ်ဆုအပါအဝင်ဖြစ်သည်။

အဆိုပါ ရွေးချယ်ရေးအဖွဲ့တွင် မွေးမြူရေးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့်အဖွဲ့သည် 'ကောင်း ကောင်း' ကဏန်းပျော့မွေးမြူရေးလုပ်ငန်းဖြင့် အောင်မြင်နေသည့် လုပ်ငန်းရှင် ဦးအောင်လင်းအား တွေ့ဆုံ၍ မေးခွန်းများမေးမြန်းခြင်း၊ မွေးမြူထုတ်လုပ်မှု နှင့် ကူးစက်ရောဂါကင်းရှင်းရေးဆောင်ရွက်မှု၊ မွေးမြူနည်းနှင့် ပညာပြန့်ပွား ရေးတွင် ပါဝင်ဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ထုတ်ကုန်များ၏ ရောင်းချနိုင်မှုနှင့် ဈေးကွက်ထိုးဖောက်နိုင်မှု အခြေအနေ၊ လူမှုစီးပွား စောင့် ရှောက်မှုနှင့် တာဝန်သိမှုတို့အား သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက် ညီမှု ရှိ၊ မရှိ ပဏာမသွားရောက်စိစစ် အကဲဖြတ် စစ်ဆေးခြင်းတို့ကို ဆောင် ရွက်ခဲ့သည်။

အဆိုပါ ပဏာမရွေးချယ်ရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ မြိတ် ခရိုင်အတွင်းရှိ ရေထွက်ပစ္စည်းထုတ်လုပ်မွေးမြူရေးလုပ်ငန်းများတွင် အောင် မြင်ဖြစ်ထွန်းလျက်ရှိသော လုပ်ငန်းရှင်များနှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်း တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လုပ်ငန်းရှင်များအား ဆက်လက်၍ သတ်မှတ် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိပဏာမသွားရောက်စိစစ် အကဲဖြတ် စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **နိုင်ထူး(မြိတ်ခရိုင် ပြန်/ဆက်)**

အခမဲ့ကျန်းမာရေး ကျေးရွာအရောက် ကွင်းဆင်းကုသ

သရက် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့ နယ် ပွန်းကြီးကျေးရွာတွင် ရွှေလျား ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ ကျန်းမာရေးလုပ်ငန်းများ ကျေးရွာ အရောက် ကွင်းဆင်းဆေးကုသခြင်း ဆောင်ရွက်ခြင်း လုပ်ငန်းများအား ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈ နာရီ က ကျေးရွာမူလတန်းကျောင်း အတွင်း ဆောင်ရွက် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မကွေး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဒေါ်ယဉ်ယဉ်လှက ကျေးရွာ အရောက် ကွင်းဆင်းဆောင်ရွက်ရ သည့် ရည်ရွယ်ချက်အား ရှင်းလင်း ဆွေးနွေးပြီး ခရိုင်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာသီတာစိုးက သက်တမ်းပြည့်နေထိုင်ရေးနှင့် သွေး တိုးရောဂါ ဖြစ်ပွားစေတတ်သည့် အကြောင်းအရာများ မဖြစ်ပွားစေရန် ရှောင်ရန် ဆောင်ရန် အချက်များအား သဘောပေါက် နားလည်အောင် ဆွေး နွေးပေးခဲ့သည်။

ထို့နောက် အလတ်လည်ကျေးရွာ ကျေးလက်ကျန်းမာရေးမှူး ဦးသန့်ဇင် ဦးက တစ်ကိုယ်ရေပတ်ဝန်းကျင် သန့်ရှင်းရေး အကြောင်းအရာများ ရှင်းလင်းဆွေးနွေးပြီး မြို့နယ် သူနာ ပြု(၁)ဒေါ်နိုရင်းက ဝက်သက် ဂျိုက် သိုးရောဂါ ဖြစ်ပွားစေတတ်သည့် အကြောင်းအရာများ ပြောကြားပေး ပြီး ကျန်းမာရေးမှူး(၁) ဒေါ်ထွေးရီက တီဘီရောဂါ ဖြစ်ပွားစေတတ်သည့် အကြောင်းအရာများ ရှင်းလင်းဆွေး နွေးခဲ့သည်။

ယင်းနောက် ချင်းကုန်း၊ အကြီး စား၊ ပွန်းကြီးကျေးရွာများမှ လာ ရောက်ပြသခဲ့သည်။ ပြည်သူများအား ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီတာစိုး ဦးဆောင်သော အဖွဲ့တွင် လက်ထောက်ဆရာဝန်များ၊ သွားဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများက စစ်ဆေးကုသ ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ မြို့မဈေး တောင်ဘက် အရှေ့၊ အနောက် လမ်းပေါ်၌အုပ်မိုးနေသော ကုက္ကိုပင်ဟောင်းများကို ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သစ်ပင်ကိုင်းခြောက်များ၊ ရှင်းလင်းပေးခဲ့သည်။ ဈေးကြီးကြပ်သူတစ်ဦးက "ကျွန်တော်တို့ မြို့မဈေး မှာ သစ်ပင်အိုကြီးတွေဆိုလို့ ကုက္ကိုပင်တွေရှိပါတယ်။ အပင်အိုတော့ သစ်ကိုင်း ခြောက်တွေပေါ်တယ်။ လေတိုက်ရင်လမ်းပေါ်ဈေးဆိုင်ခန်းပေါ် ပြုတ်ကျပါ တယ်။ နောက်ပြီးပွင့်လင်းရာသီဆိုတော့ မီးဘေးအန္တရာယ်လည်း ဂရုစိုက်ရ တဲ့အခါ သစ်ပင်သစ်ကိုင်းခြောက်တွေရှိနေရင်မီးဖိုပေးသလို ဖြစ်မှာလည်း စိုးရိမ်ရတော့အခုလိုကြိုတင်ပြင်ဆင်ရပါတယ်"ဟုပြောသည်။

သတင်းနှင့်ဓာတ်ပုံ- ရင်အောင်ဦး(ရေစကြို)

ဆောင်းရာသီစိုက် မတ်ပဲနှင့် ပဲတီစိမ်းများ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရ

ဖြူး ဖေဖော်ဝါရီ ၁၈

ယခုနှစ်ဆောင်းရာသီတွင် ဖြူးမြို့ နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၁ အုပ်စုတို့မှ တောင်သူလယ်သမားများ က မတ်ပဲ ၁၀၅၂၆၁ ဧက နှင့် ပဲတီစိမ်း ဧက ၇၀၀၀ ကျော်တို့ကို စိုက်ပျိုးခဲ့ ကြရာ ပဲတီစိမ်းစိုက်ခင်းများကို ဇန်န ဝါရီလဒုတိယအပတ်မှစ၍ နုတ်သိမ်း ခဲ့ကြပြီး မတ်ပဲများကိုယခုဖေဖော် ဝါရီလ ပထမပတ်တွင်လည်း စတင် နုတ်သိမ်းလျက် ရှိသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင် အတွင်းရှိ ခြောက်မြို့နယ်ဖြစ်သည့် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီး စသည့်မြို့ နယ်များတွင် ဖြူးမြို့နယ်သည် နှစ်စဉ် သဘာဝမိုးကောင်းရေ သောက်စနစ် ဖြင့် မိုးစပါးနှင့် ဆောင်းရာသီစိုက် ပဲမျိုးစုံတို့ကို စိုက်ဧကအများဆုံး စိုက် ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်။

မတ်ပဲနှင့် ပဲတီစိမ်းတို့မှာ ရာသီဥတု မမှန်သည့်အတွက် အထွက်နှုန်း အနည်းငယ် ဆုတ်သော်လည်း ပေါ် ဦးပေါ်ဖျား ဈေးကောင်းရလျက်ရှိရာ မတ်ပဲတစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဈေးနှင့် အဝယ်သွက် ဈေးကောင်းရ လျက်ရှိကြသည်။

"ကျွန်တော်တို့ လယ်သမားကြီး များမှာ အခုနှစ် ဆောင်းရာသီစိုက် သီးနှံ ပဲမျိုးစုံစိုက်ပျိုးချိန်မှာ မိုးက အဆက်မပြတ် ရွာသွန်းနေတော့ ဆောင်းရာသီစိုက် ပဲမျိုးစုံများ စိုက်ပျိုး ရကာနောက်ကျခဲ့ပါတယ်။ နောက် ကျတော့ အထွက်နှုန်းလည်း အနည်း ငယ်ဆုတ်တာပေါ့ဗျာ။

"ဒါပေမယ့်အခုဒီနှစ်မတ်ပဲနဲ့ ပဲတီ စိမ်းက ဈေးကောင်းရလာတော့ ကျွန် တော်တို့ စိုက်ပျိုးသူလယ်သမားကြီး တွေအတွက် ဝင်ငွေမဆိုးကြပါဘူး" ဟု ဖြူးအနောက်ဘက် ထန်းပင် ကုန်းရွာမှ လယ်သမားကြီး ဦးထွန်း လှ ကပြောသည်။ **ဖြူးမြင့်ဦး**

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၇၆/၁၃၇၇) (၂၀၁၅)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကြီးကို ယခုလာမည့်(၁၃၇၆-၇၇ခု၊ တန်ခူးလဆန်း၁၀ရက်) ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)မှ (တန်ခူးလပြည့်ကျော်၄ရက်) ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)အထိ (၁၀)ရက် တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၂၇-၂-၂၀၁၅ရက်(သောကြာနေ့)တွင် လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၅-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင်လည်းကောင်း နံနက်(၁၀)နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ဖုန်း-၀၅၂-၂၂၀၆၈၊ ၀၅၂-၂၄၂၅၅

Royal Gandamar
Travels & Tours
3*Hotels, Scania Express, Meals, Guide စရိတ်ငြိမ်း၊
"10%Discount for Early Birds"
>ပြည်-အဝေကာက်တောင်-ပျမြို့ဟောင်း (အပတ်စဉ် သောကြာ/စနေည) ၃၀,၀၀၀
>မော်လမြိုင်-ကျိုက်ထီးရိုး -စတော်ပိတာခ်ါခြေ (အပတ်စဉ် သောကြာ/စနေည) ၃၅,၀၀၀
>ကရင်ပြည်နယ်-ဘားအံဂူများနှင့် ရေချူစမ်း (အပတ်စဉ် သောကြာ) ၃၅,၀၀၀
(near Junction Mawtin)
Call:09 333 53275, 09 250 892626, 09 36590 808, 09 3659 2255

ကား မျိုးစုံ
(Alphard/Crown/MarkII/အနိစ၁ဟိုးျ/ Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာစွာ ငှားရမ်းပေးပါသည်။
Ph: 09795549249, 095418126

ကား
450

Rising Tide Travel & Tours
*ဗန်ကောက်-ပတ္တရား (၅ညအိပ်-၆ရက်) Apr 11 ရက် : USD 760
*ကိုရီးယားခရီးစဉ် (၇ညအိပ်-၈ရက်) Apr 11 ရက် : USD 1990
*ဩစတြေးလျခရီးစဉ် (၁၀ညအိပ်-၁၁ရက်) Apr 11ရက် : USD 4200
*ဥရောပခရီးစဉ် (၁၃ညအိပ်-၁၄ရက်) Apr 11ရက် : USD 5300
*အမေရိကခရီးစဉ် (၁၅ညအိပ်-၁၆ရက်) Apr 10 ရက် : USD 6700
Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.

ဝန်ထမ်းအလိုရှိသည်။
"YOU" Beauty Saloon တွင် -
၁။ ဆံပင်ညှပ်ကျွမ်းကျင် မ (၂) ဦး
၂။ ခေါင်းလျှော်ကျွမ်းကျင် မ (၂) ဦး
၃။ အလုပ်သင်ဝန်ထမ်း မ (၃) ဦး
(နယ်မှလာသူများအတွက် နေ/စား စရိတ်ငြိမ်း)
"YOU" Beauty Saloon
အမှတ် (၂၀)၊ ၈၈-လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၄၀၃၄

မြေကွက်ရောင်းရန်ရှိသည်
လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး
အကျယ်(၈၀' × ၈၀')၊ ဂရန်အမည်ပေါက်
မြေကွက်(၂)ကွက် ရောင်းရန်ရှိသည်
ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ (ပွဲစားမလို)
Ph- 09-25263S246

Amazing Time
Travels & Tours
ကိုရီးယား ရက်ရှည 10-17April 1800 USD
ဒူဘိုင်း ၆ရက်၅ည 13-18April 1850 USD
အီတလီ ၇ရက်၆ည 13-19April 3170 USD
139, 2nd Flr, Bagaya Road, Sanchaung Township, Yangon.
012304785, 0973211907, 0973120852, 0943064845

တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲ သာစည်မြို့နယ်တွင် ကျင်းပ

သာစည် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံကျန်းမာရေးမျှူးအသင်းမှ ပြုလုပ်သော တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်က မြန်မာနိုင်ငံ၏ တီဘီရောဂါအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း တိုင်းဒေသကြီးဥက္ကဌ ဦးအုန်းမောင်က အသင်းကြီးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် အရာရှိ ဦးအောင်ဇော်ဝင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံချက်မြို့နယ်ခြောက်မြို့နယ်ဖြစ်သော မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း၊ ကျောက်ဆည်နှင့် မြစ်သားမြို့နယ်တို့တွင် မြို့နယ်အလိုက် စေတနာရှင်ဝန်ထမ်းများ ထားရှိ၍ ဆောင်ရွက်နေမှုများ၊ ဆက်လက် ဆောင်ရွက်မည့်စီမံချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စီမံချက်အရာရှိက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားစေရန်အတွက် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၅ ရက်က နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- ဆုထက်လှိုင်

ဖာပွန်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ဖာပွန် ဖေဖော်ဝါရီ ၁၈

ကရင်ပြည်နယ် ဖာပွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံရေးဦးစီးဌာနနှင့် NRC တို့ ပူးပေါင်း၍ ဖာပွန်မြို့တံခွန်တိုင်ကျေးရွာအုပ်စု၊ ဝှေမူန်ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ် ဘဏ္ဍာအခွန်ဝန်ကြီး ဦးစောဝင်းထိန်၊ ဖာပွန် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဦးနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့က ဝှေမူန်ကျေးရွာရှိ ဒေသခံ ၃၃ ဦးအား နိုင်ငံသားကတ်ပြားများနှင့် အိမ်ထောင်စု ၇၈ စု၏အိမ်ထောင်စုစာရင်းများအား ပေးအပ်ခဲ့သည်။

သိန်းစိုးမြင့်(ပြန်/ဆက်)

ပဲခူးတွင် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြော

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် တောင်ငူခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ ဖြူးမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နံနက် ၁၀ နာရီက ဖြူးမြို့ ဘူတာတောင် (၂၄)လမ်း ဖြူးမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းဦး၏နေအိမ်ရှိ 'မင်းရာဇာ' တိုင်းရင်းဆေးကုခန်းတွင် ကျင်းပခဲ့သည်။

တွေ့ဆုံအသိပညာပေး ဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ တောင်ငူခရိုင်ဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဘူတာတောင်အရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်အသင်းဥက္ကဋ္ဌ ဦးညီညီ၊ တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံလှနှင့် ဖြူးမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းဦးတို့က အသီးသီးဟောပြော ဆွေးနွေးခဲ့ကြသည်။

၎င်းတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား မည်သို့တားဆီးရမည်ဆိုသည့် နည်းလမ်းများ၊ မူးယစ်ဆေးအန္တရာယ် အသွယ်သွယ်နှင့် ခံစားရမည့်ရောဂါဝေဒနာများ၊ အရေးယူခံရမည့် ဥပဒေများအကြောင်းတို့ကို အသိပညာပေးခဲ့ကြကြောင်းသိရသည်။

ဖြူးမြင့်ဦး

ဆိုလာဖြင့် မီးလင်းရေးဆောင်ရွက်

ခင်ဦး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခွင့်ပြုငွေဖြင့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာမီးအစုံ ၉၃ စုံကို သရက်ကန်ကျေးရွာတွင် တပ်ဆင်ပေးခဲ့ပြီးမူလတန်းလွန်ကျောင်း၌ ဖွင့်ပွဲ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကျေးရွာမှ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မီးလင်းရေးဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးရာဇာအေးတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်က ဆိုလာမီးပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆိုလာမီးတစ်စုံ၏ တန်ဖိုးမှာ ငွေကျပ် ၁၇၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင် မြတ်တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁)မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့် ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ဝ၇ဝ-၁၂-၁ဝဝ-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။

ဖုန်း-ဝ၉-၂၁၁ဝ၃ဝ၅၊ ဝ၉-၄၂ဝဝ၄၃၃၈၆၊ ဝ၉-၄၄ဝဝဝ၁၄၁၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄ဝ၆)၊ မြေကွက်တည်နေရာအမှတ်(၄ဝ၆)၊ သဇင်နွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်တုန်ရင်(AC-ဝဝ၈၇၁၄)၊ ဒေါ်ကျင်ထွေး[၁၂/သကတ(နိုင်)ဝ၄၉၇၁ဝ]အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်တုန်ရင်(မိခင်)ဦးဘမြိုင်(ဖခင်)နှင့် ဦးသံချောင်း(အစ်ကို)(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်ကြသဖြင့် ၎င်းတို့၏သမီး၊ ညီမဖြစ်သူ ဒေါ်သင်းသင်း[၁၂/ဒပန(နိုင်)ဝ၃၂၉၆၆]နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်ကျင်ထွေးကိုယ်စား အထွေထွေကိုယ်စား လွှဲစာ ၃၇၄၈/၂၀၁၄ (၆-၂-၂၀၁၄)၊ ၇၄၃၅/၂၀၁၄ (၁၁-၃-၂၀၁၄) ဖြင့် ရရှိသူဦးအောင်နိုင်ဝင်း[၁၂/မဂတ(နိုင်)ဝ၈၉၆၇၄]မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာ-တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တပ်ကုန်း၌ သခွားမွေးစမ်းသပ်စိုက်ပျိုးမှု အောင်မြင်

တပ်ကုန်း၊ ဖေဖော်ဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်း-ပုဗ္ဗသီရိမြို့ ကွန်ကရစ်ကားလမ်းဘေး တပ်ကုန်းမြို့နယ်ကင်မွန်းတန်းရွာ ဆင်သေချောင်းကူးတံတားအနီး ပြည်တွင်းပြည်ပဈေးကွက်ဝင် (ခါတုကင်းလွတ်) အော်ဂဲနစ်စနစ်ဖြင့် သခွားမွေးစမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သခွားမွေးမျိုးစိတ်ငါးမျိုးရှိပြီး ထိုင်ဝမ်မျိုးသခွားမွေးကို အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးပြီး အဝါရောင်၊ အစိမ်းရောင်အရှည်၊ အစိမ်းရောင်အဝိုင်းစသည့် အသီးပင်များ စိုက်ပျိုးကြကာ အော်ဂဲနစ်ဖြင့်စိုက်ပျိုးသောကြောင့် အလွန်အရသာရှိကြောင်း စားသုံးသူများကပြောသည်။

ယင်းအသီးများကို အနီးအနားကျေးရွာများနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည်မြို့ကြီးများကို တင်ပို့ရောင်းချ၍လည်းကောင်း ၊ တရုတ်နိုင်ငံပြည်မကြီးသို့ တင်ပို့လျက်ရှိရာတွင် အထူးဈေးကွက်ဝင်ရောင်းရကြောင်း သိရသည်။

"သခွားမွေးကို တစ်နှစ်မှာ နှစ်သီးစိုက်ပျိုးနိုင်ပြီး တစ်ဧက ပထမစိုက်ပျိုးတဲ့ အရင်းအနှီးကုန်ကျစရိတ် သိန်း ၁၇၀ ကုန်ကျပါတယ်။ ဒုတိယအရစ် စိုက်ပျိုးမယ်ဆိုရင် ကုန်ကျစရိတ် လျော့နည်းလာပါတယ်။ အရင်နှစ်က တရုတ်ဈေးကွက် ယွမ်း ၄ ကျပ်ခွဲရှိပြီး ပြည်တွင်းဈေးကွက် တစ်လုံးကို ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်ရရှိပါတယ်။ နေပြည်တော် တပ်ကုန်းမှာ လာစိုက်ရတဲ့ အဓိကရည်ရွယ်ချက်က ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူတွေကိုလည်း နည်းပညာဖြန့်ဝေပေးသွားရန် ရည်ရွယ်စိုက်ပျိုးတာပါ"ဟု သခွားမွေးစိုက်ပျိုးသူ ဦးဟန်ထွန်းရင်က ပြောသည်။

အောင်မြင်ဖြစ်ထွန်းနေသော သခွားမွေးစိုက်ခင်းသို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် စိုက်ခင်းအနီးဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူ ၁၀၀ ကျော်နှင့် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက သွားရောက်ကြည့်ရှုခဲ့ကြသည်။

တပ်ကုန်းနယ်တာဝန်ခံ ဦးမြင့်ရွှေက မိမိတို့မိရိုးဖလာစိုက်ပျိုးနေကျသီးနှံအပြင် သခွားမွေးများကို စမ်းသပ်စိုက်ပျိုးသင့်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးစေရေးအတွက် လိုအပ်ပါက အကူအညီပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

မောင်ပု(တပ်ကုန်း)

ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု နှမ်းစပါးစိုက်တောင်သူများ စတင်ပျိုးထောင်

ဆိပ်ဖြူ၊ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု နွေစပါးစိုက်တောင်သူများသည် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ သက်လျှင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးများဖြစ်သည့် ရွှေပြည်ဌေး၊ ရတနာတိုးမျိုးစပါးများ ပျိုးပါးကဲ့စနစ်ကို ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

တောင်သူများအတွက် ပျိုးထောင်ခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက နည်းပညာများကိုပေးအပ်ခဲ့ပြီး အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးစိုက်ပျိုးမှု ပျိုးထောင်နိုင်ရန် ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ ပျိုးထောင်ရေများကို ပို့လွှတ်ပေးထားကြောင်း သိရသည်။

အောက်ဆိပ်မြစ်ရေတင်တွင် စပါးစိုက်ဧက ၄၈၇ ရှိပြီး နွေစပါးကို ၁၇၀ ဧကစိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း၊ နွေစပါးစိုက်ဧကများ စိုက်ပျိုးရေပြည့်ဝစွာရရှိရေးအတွက်တို့ကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(ဆိပ်ဖြူ)

မြောင်မြို့တွင် စပါးမျိုးကွဲ ၁၃ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုး

မြောင်၊ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာ ကွင်းအမှတ် (၂၇၃)၊ ဦးပိုင်အမှတ် (၃၈၁/၇၁၁) တောင်သူဒေါ်သန်းမေ၏ မြေကွက်တွင် အပင်ဇီဝနည်းပညာဗဟိုဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပန်းပွင့်ချိန် အပူဒဏ်ခံနိုင်ရည်ရှိသော ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးကွဲ ၁၃ မျိုးကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက စပါးမျိုးများကို စမ်းသပ်စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းပွင့်ချိန် အပူဒဏ်ခံနိုင်ရည်ရှိသော ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးကွဲ ၁၃ မျိုး စမ်းသပ်စိုက်ပျိုးမှုအား အပင်ဇီဝနည်းပညာဌာနမှ Dr.မိုးမိုးဦး၊ Dr. မအေးအေးသွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ သိပ္ပံနည်းကျစံနစ်ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တင်ကိုကို

သာစည်မြို့နယ် ဘုရားငါးဆူကျေးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်မည်

သာစည်၊ ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သူထူးစံကုမ္ပဏီလီမိတက်နှင့် ကျေးရွာမီးလင်းရေးကော်မတီတို့ စာချုပ်ချုပ်ဆိုပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

ဘုရားငါးဆူကျေးရွာသည် သာစည်မြို့နယ်တွင် အတိုးတက်ဆုံးနှင့် ဖွံ့ဖြိုးမှုအစည်ကားဆုံးရွာ ကြီးတစ်ရွာဖြစ်ပြီး အိမ်ထောင်စု ၆၀၀ စု၊ လူဦးရေ ၃၂၀၀ ရှိသောရွာဖြစ်ကာ အဆိုပါကျေးရွာတွင် အကျဉ်းဦးစီးဌာန၊ အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ ဘူတာရုံ၊ စည်ပင်သာယာဈေး၊ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် ကျောက်ခွဲစက်များရှိသောရွာ ဖြစ်သည်။

ယင်းသို့ ဖွံ့ဖြိုးတိုးတက်သောရွာဖြစ်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိရန် သူထူးစံကုမ္ပဏီလီမိတက်က တာဝန်ယူပြီး ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ လျှပ်စစ် ကြိုးများသွယ်ရန်နှင့် ဓာတ်တိုင်များစိုက်ထူရန် မြေနေရာများကြည့်ရှုခြင်းကို ပြုလုပ်သွားမည်ဖြစ်သည်။

သူထူးစံ ကုမ္ပဏီသည် ဘုရားငါးဆူကျေးရွာ မီးလင်းရေးအတွက် ရွာအနောက်ဘက်ရှိ ၅ မိုင် ၁ ဖာလုံဝေးသည့် မယ်ဇလီကန်ကျေးရွာအနီးရှိ 11 KVA ဓာတ်အားလိုင်းမှ ဓာတ်အားကြိုးသွယ်ယူပြီး ရွာအတွင်းနေအိမ်များသို့ ၄၀၀ လျှပ်စစ်ဗို့အား ပေးလွှတ်သွားမည်ဖြစ်သည့်အပြင် ရွာအတွင်းတွင် 315- KVA ထရမ်စဖော်မာအိုးနှစ်လုံးထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးအတွက် ကုန်ကျမည့်ငွေသည် ကျပ်သိန်းပေါင်းတစ်ထောင်နှစ်ရာနှစ်ဆယ့်ငါးသိန်းဖြစ်ကြောင်းသိရပြီး သာစည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၉ ရွာရှိရာ ယနေ့အထိ ကျေးရွာပေါင်း ၅၀ မှာ ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် မီးလင်းနိုင်ခဲ့ကာ လက်ရှိ ၁၁ ရွာမှာလည်း မီးလင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြဆဲဖြစ်သည်။

မောင်ကို(သာစည်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

2015 သင်္ကြန် THE AMERICA
တိုး ဒီ နဲ့ GO ပြီ
Only $-6700
အမေရိကား (16D/15N) April-10~25 USD-6700
Australia (11D/10N) April-11~21 USD-4200
ဥရောပ (15D/14N) April-10~24 USD-5300
ကိုရီးယား (8D/7N) USD-1980 April-12~19/13~20
ဂျပန် (9D/8N) USD-2700 April-12~20
ကူမင်း-ဝေကျင်း-ရှန်ဟိုင်း (8D/7N) April-12~19 USD-1700
ပတ္တာယား-ဟောင်ကောင် (8D/7N) April-13~20 USD-1750
စင်ကာပူ+မလေးရှား (7D/6N) April-13~19 USD-1350
စင်ကာပူ (5D/4N) April-13~17 USD-990
ကင်မ္ဘောဒီးယား+ ဗီယက်နမ် April-12~19 USD-1350
ဘန်ကောက်-ပတ္တယား (6D/5N) April-13~18 USD-690
ဒူဘိုင်း USD-1850 April-13~18 (6D/5N)
ဘာလီ + စင်ကာပူ (7D/6N) April-13~19 USD-1500
အမှတ် (၁၀၉)၊ (ပ)ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 378503, 378127, 250734, 09-5150 195, 09-514 5539, 09-7321 7457

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr:8 ($ 4400)
သြစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်မကာအို Apr:12 ($ 1900)
ဂုဏ် Apr:11,13 ($ 1900)
ကိုရီးယား Apr:11,12 ($ 2300)
ပေကျင်း+ဟောင်ကောင် Apr:11,12 ($ 1900)
စင်ကာပူ+မလေးရှား Apr:13 ($ 1300)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား+ဗီယက်နမ် Apr:11 ($ 1300)
ဒူဘိုင်း Apr:12 ($ 2700)
အီဂျစ် Apr:11 ($ 2900)
ဘန်ကောက်+ပတ္တယား (6)D[Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]Feb:21,28/Mar:7,14,21,28/Apr:9,10,11,12,13 ($ 300)
ဘန်ကောက်+ဖူးခက် (6)D [PhiPhi / James Bond Island, Fantasy Show] Feb : 21,28 / Mar : 21,28 / Apr : 10,11,12,13,18 ($500)
ဘန်ကောက်+ချင်းမိုင် (6)D Feb: 28 / Mar: 7,21 / Apr: 11,12 ($500)
ဘန်ကောက်+ဖူးခက်+ချင်းမိုင် (8)D Mar: 7, 21 / Apr: 11, 12 ($700)
ဖူးခက် (4)D Feb: 28 / Mar: 14,28/ Apr: 10,11,12,13,18 ($300)
ချင်းမိုင် (4)D Feb: 28 / Mar: 14,21,28 / Apr: 12,13 ($300)
ကွာလာလမ်ပူ+ဆင်ကာပူ (6)D Feb: 28 / Mar:14,28 ($400)
ရွှေလီ-မန္တလေး Feb:28 (280,000)
တောင်ကြီး Feb:28 (165,000)
ပုဂံ Feb:28 (165,000)
ပုဂံ-ရွှေ Feb:28 (165,000)
ပုဂံ-မန္တလေး Feb:28 (165,000)
ချောင်းသာ Daily (75,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)
(70/A),Kabaaye Pagoda Rd,Bahan Tsp Ph:8604964, 8604965, 8604966, 708353, 705723, 09 7310 9133,09 7310 9144, 09 7310 9155,09 7310 9166

PhD ဆရာများဦးစီးတည်ထောင်သော
GARDENER
အဆင့်မြင့်စာသင်ဝိုင်းများ (Grade - 5 to 11)
⌘ 2015-2016 ပညာသင်နှစ်အတွက်ကြိုတင်အပ်နှံနိုင်ပါပြီ။
⌘ လူဦးရေကန့်သတ်ထားသည်။ ⌘ မတ်လဆန်းစမည်။
အမှတ် (၄၃၊ ဘီ)၊ ၃လွှာ၊ နီလာလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Ph: 09250965029, 09797698539

JUNE PHARMACEUTICAL LTD.
AVAMIN
Spirulina
Natural
Immune Plus
Anti-Virus
Minerals
Vege-nutrient
Ygn: + 95 9 730 12000, 730 13000, 730 14000
Mdy: + 95 2 24490, 39985, 39725, 36122

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines) ၏
သွေးချို-ဆီးချိုဝေဒနာရှင် လက်စွဲ - ၁
အစားအသောက်ဖြင့် ဆီးချိုရောဂါအမြန်ကုထုံး စာအုပ်
အစားအသောက်ကုထုံးနှင့် တွဲဖက်ကုသရသော ရောဂါဖြစ်သည့်အတွက် သွေးချို-ဆီးချို ဝေဒနာရှင်တိုင်း သိသင့်သော အာဟာရ ကုထုံးများကို တင်ပြထားပါသည်။
ရန်အောင်စာပေ၊ ဖုန်း-၀၉ ၅၁၇၉၃၉၈၊ ၀၉ ၇၃၂၆၃၇၅၁၊ ၀၉ ၇၃၂၂၃၆၂

]6၈}Epajrmu jynaxmipaewi vurwa&;x;caom
]ir;cr;a&;Ei tr;om;jyevnoijrwa&;qi&muwjycu}tm;
axmucalumi;alunmjci;

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် "၆၈"နှစ်မြောက် ပြည်ထောင်စုနေ့တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ကြပြီး "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (PEACE Of COMMITMENT FOR PEACE)" ကို ထောက်ခံလက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤကတိပြုချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကို အပြီးတိုင်ရပ်တန့်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသောခြေလှမ်းဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဝင် အသင်းသူ၊ အသင်းသား၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအားလုံးသည် "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်"ကို ခြွင်းချက်မရှိ အပြည့်အဝ ထောက်ခံအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ငြိမ်းချမ်းရေးသည် အထူးလိုအပ်သော အချက်တစ်ချက်ဖြစ်ကြောင်း မိမိတို့အနေဖြင့် အလေးအနက် ယုံကြည်ပါသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရောင်နီများသန်းလာသည်ကို မြင်ရ၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့။

UNIVERSITY OF ECONOMICS YANGON
BANGKOK UNIVERSITY
BUSEM
BABSON
စွန့်ဦးတီထွင်မှုကို စိတ်ဝင်စားသူများအတွက် ဟောပြောပွဲ
THE ROLE OF ENTREPRENEURSHIP FOR FUTURE MYANMAR
Bangkok Universityမှ သင်ကြားနေသော ဘာသာရပ်များအပြင် မြန်မာ ကျောင်းသား ကျောင်းသူများအတွက် Scholarship အစီအစဉ်များပါ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။
Date : 20.2.2015(Friday)
Time : 5:30 PM to 7:30 PM
Venue : Nilar Yatu Hall
(University of Economics Yangon)
Inya Road, Kamaryut Township
စိတ်ဝင်စားသူတိုင်း အခမဲ့တက်ရောက်နိုင်ပါသည်

Enroll Now! Limited Seat
UK နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်သည့် ကွန်ပျူတာဘွဲ့ကို ရန်ကုန်မြို့ ရှိ GUSTO - Institute of IT ၌ ရယူနိုင်ပါပြီ
2015 March Intake
Foundation (Tue ~ Fri - 2:45 pm - 7:00 pm)
HND (Sat, Sun - 9:30 am - 4:00 pm)
GUSTO Institute of Information Technology
Admission Enquires: #289(A), Pyay Road, Sanchaung Tsp, Yangon.
Ph: 09 86 28806, 450056104, 01 503715.

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ အရေးသီးသန့် နှင့် Speaking
နွေခေါ် မတ်လ(၉)ရက်စမည်
Guide များအိမ်လိုက်သင်သည်။ ၇၊၈၊၉၊၁၀-တန်း လက်ခံနေပြီ
သုံးဆင့်သင် နိုင်ငံကျော် မူပိုင်နည်းသစ်စာအုပ်နှင့် ကိုယ်တိုင်သင်သည်။
၈နှ-၃လနှင့် Essay, Letterကိုယ်တိုင် တွေး/ရေးတတ်ရမည်။ ၄၊၅၊၆-တန်း(သီးသန့်)
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

"တရုတ်နှစ်သစ်ကူးအမီ ထွက်ရှိလာပါပြီ"
ဝံ-ကဏ်တို့
၂၀၁၅-၂၀၁၆ ဖူးစာရှေ့ယှဉ်ပြိုင်ဟောကိန်း
ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်၊ ခွေး၊ ဝက်
မိမိတို့၏နှစ်ဖွား အကောင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၈၆၁၀၄၈၈
ထွက်ပြီ
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

AUTRON
Siemens Distributor နားကြားကိရိယာ
AUTRON (Siemens Audiology Group)မှနားလေးသူမိဘပြည်သူများအားနားလေးနှုန်းတိုင်းပေးပြီးမိမိနှင့်ကိုက်ညီသည့်(နားအတွင်းထည့်၊နားနောက်ချိတ်၊အိပ်ဆောင်)နားကြားကိရိယာအမျိုးမျိုးကိုမိမိနားလေးနှုန်းအတိုင်း၊Fitting ပြုလုပ် ဝယ်ယူနိုင်ပါသည်။ဝယ်ယူပြီးနားကြားကိရိယာများကိုပြန်လည်စစ်ဆေးပေးခြင်း၊နားကြားကိရိယာပြုပြင်ခြင်း၊နားကြားကိရိယာ နှင့် ပတ်သက်သည့် အပိုပစ္စည်းအမျိုးမျိုး တို့ကိုတစ်နေရာထဲရရှိနိုင်ပါသည်။Siemens ၏နောက်ဆုံးပေါ်နားကြားကိရိယာမျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် တစ်နေရာထဲတွင် ရရှိနိုင်ပါသည်။
အမှတ် ၃၇၇၊ရွှေဘုံသာအထက်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၁ ၂၄၃၆၄၄၊ ၃၈၅၂၄၅
အမှတ် ၇၀၊၂၉လမ်း၊ ၇၃ ၇၄ကြား၊ မန္တလေးမြို့။ဖုန်း ၀၂-၆၇၃၄၃

jynaxmiporwjrermEiiawmtp;& tr;om;prue;Eip;ym;a&;zZ;w;wur0eu;Xme A[puypn;pm&i;ti;Eippaq;a&;0;p;Xme aejynawm

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိနေပါ၍ သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

စဉ်	ခန့်ထားမည့်ရာထူးအမည် (ပညာအရည်အချင်း)	လစာနှုန်း	ခန့်ထားမည့်ဦးရေ
(က)	ကွန်ပျူတာလုပ်ဆောင်ရေးမှူး (ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူ)	၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀	၁၁
(ခ)	ဒုတိယမီးသတ်ဦးစီးမှူး (တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူအမျိုးသားများသာ)	။	၁
(ဂ)	လက်ထောက်မီးသတ်ဦးစီးမှူး (အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူအမျိုးသားများသာ)	၉၃၀၀၀-၁၀၀၀-၉၈၀၀၀	၂
(ဃ)	စက်မှုကျွမ်းကျင်-၄ (T.H.S အောင်လက်မှတ်ရရှိထားပြီးသူအမျိုးသားများသာ)	၈၇၀၀၀-၁၀၀၀-၉၂၀၀၀	၂
(င)	မီးသတ်တပ်ကြပ်ကြီး (အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ အမျိုးသားများသာ)	။	၂
(စ)	မီးသတ်တပ်ကြပ် (အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူအမျိုးသားများသာ)	၈၁၀၀၀-၁၀၀၀-၈၆၀၀၀	၂
(ဆ)	မီးသတ်ဒုတပ်ကြပ် (အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ အမျိုးသားများသာ)	။	၂
(ဇ)	မီးသတ်တပ်သား (အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူအမျိုးသားများသာ)	၇၅၀၀၀-၁၀၀၀-၈၀၀၀၀	၄

[အပိုဒ်ခွဲ(ဂ)(ဃ)(င)ရာထူးများအတွက် ရွေးချယ်ခံရပါက ကျွမ်းကျင်သူ အဆင့်(၁) (လစာနှုန်း၈၁၀၀၀-၁၀၀၀-၈၆၀၀၀) ရာထူးတွင် အလုပ်သင်အဖြစ် စတင်ခန့်အပ်မည်ဖြစ်ပြီး၊ အလုပ်သင်ကာလ(၆)လပြည့်မြောက်ပါက ကျောထောက်နောက်ခံပြု ရာထူးတွင် အတည်ပြု ခန့်ထားမည်ဖြစ်ပါသည်။]

[အပိုဒ်ခွဲ(စ)နှင့်(ဆ)ရာထူးများအတွက် ရွေးချယ်ခံရပါက မီးသတ်တပ်သားအဖြစ် စတင်ခန့်ထားမည်ဖြစ်ပြီး ဝန်ထမ်းသက် (၆)လပြည့်ပါက ဌာနတွင် အရည်အချင်းစစ်ဆေး၍ အဆင့်နှင့် လုပ်ရည်ကိုင်ရည်ပေါ် မူတည်၍ ယခင်ဒုတပ်ကြပ်၊ တပ်ကြပ်အဆင့်များကို တိုးမြှင့်ပေးမည် ဖြစ်ပါသည်။]

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၄-၂၀၁၅ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဂ) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်တွင် ၂၃-၂-၂၀၁၅ ရက်မှ ၃-၃-၂၀၁၅ ရက်အထိ ဝယ်ယူရရှိနိုင်ပြီး လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါ တစ်ပါတည်းယူဆောင်လာရမည်။
(က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ Diploma အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (သို့မဟုတ်)နောက်ဆုံးပညာသင်ကြားခဲ့သည့်ကျောင်းထောက်ခံချက်
(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(င) မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးတွင် မှတ်ပုံတင်ထားသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)
(စ) လိုင်စင်ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

၄။ စာမေးပွဲဝင်ကြေးကျပ်(၁၀၀၀/-)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ် MD-010970၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဆောင်ရွက်ပေးမှုအတွက် ရငွေများ ငွေစာရင်းခေါင်းစဉ်ဖြင့် ပေးသွင်းရပါမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း၊ ၃-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ စာမေးပွဲဝင်ကြေးပေးသွင်းပြီးကြောင်း ချလန်ကိုပြသ၍ လျှောက်လွှာများ ဝယ်ယူဖြည့်စွက်လျှောက်ထားရပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၃)ပါ အထောက်အထားများပါရှိသော လျှောက်လွှာကို သက်ဆိုင်ရာ ဌာနအကြီးအကဲမှတစ်ဆင့် ဤဦးစီးဌာနသို့ ၃-၃-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဤအဖွဲ့သို့ တိုက်ရိုက်ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၈-၃-၂၀၁၅ရက် ၉ နာရီမှ ၁၂နာရီထိ အထက(၅) နေပြည်တော်တွင် ပြုလုပ်ကျင်းပမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်တွင် ထုတ်ပေးပါမည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဘာသာရပ်ဆိုင်ရာဗဟုသုတနှင့် အထွေထွေဗဟုသုတတို့ ဖြစ်ပါသည်။

၉။ ဖြေဆိုမည့်နေရာအား ဖြေဆိုခွင့်ကတ်ထုတ်ယူသည့်အချိန်တွင် ကြေညာပေးမည်ဖြစ်ကြောင်းနှင့် ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲ ခေါ်ယူစစ်ဆေးမည် ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင် ကတ်ပြားမူရင်းနှင့်မိတ္တူများ တစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စီမံရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၃၂၂၊ ၀၆၇-၄၀၆၁၁၆တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ueuuEiyalumi;

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ဥယျာဉ်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးနေဝင်း[၁၂/မရက(နိုင်)၁၀၈၇၆၉]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်သီတာစိုး[၅/မရန(နိုင်)၀၄၇၁၂၇]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

jynaxmiporwjrermEiiawmtp;& b@ma&;0eu;Xme jynwi;tcerm;0;p;Xme av|muvmac:,jci; alumjimpmtrw 1^2015

၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

	ရာထူး	နေရာ	ပညာအရည်အချင်း
(က)	အငယ်တန်းစာရေး	၆၄ နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့
(ခ)	ရုံးအကူ/စာပို့	၂၄ နေရာ	အခြေခံပညာအထက်တန်းအောင်

၂။ အဆိုပါရာထူးများအား အောက်ပါအတိုင်း ခန့်အပ်သွားပါမည်-

		အငယ်တန်းစာရေး	ရုံးအကူ/စာပို့
(က)	ပြည်တွင်းအခွန်များဦးစီးဌာန၊ (ရုံးချုပ်) နေပြည်တော်	-	၁၂
(ခ)	စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး	၅	-
(ဂ)	ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး	၅	-
(ဃ)	မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး	၄	-
(င)	ရခိုင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး	၄	-
(စ)	ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး	၃၂	၁၂
(ဆ)	ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး	၁၀	-
(ဇ)	ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး	၄	-
	စုစုပေါင်း	၆၄	၂၄

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၈-၂-၂၀၁၅ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း/ တက္ကသိုလ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(ဆ) ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ
(ဈ) ရေးဖြေစာမေးပွဲဖြေဆိုမည့် စာစစ်ဌာန

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်။
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမား မှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် ဖော်ပြထားသည့် မိမိတာဝန်ထမ်းဆောင်လိုသော ရုံးတစ်ခုခုသို့ ၁၃-၃-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာတင်သည့်ရုံး၏ သတ်မှတ်နေရာ၌သာ စာမေးပွဲဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား ၂၄-၃-၂၀၁၅ရက်တွင် နေပြည်တော်ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေ ဗဟုသုတ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၃-၃-၂၀၁၅ရက်တွင် မိမိလျှောက်လွှာတင်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၀၀၂၁ နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

INVITATION FOR QUOTATION

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase for National Community Driven Development Project the following by Shopping method as defined in the World Bank Procurement Guidelines:

Reference No.G1.4b:

Item(2)	Still Camera	12 Nos
Item(1)	portable video camera	6 Nos

Sealed Quotations shall be submitted to U Khant Zaw, Deputy Chief Engineer, Department of Rural Development, Office No.(14), Nay Pyi Taw, not later than (5-3-2015) 16:00 hour, after which no request for quotation will be accepted.

For detail information please contact U Kyaw Swar Aung, Deputy Director
mobile phone 09-43434333 or office phone 067-409413
Website: www.drdmyanmar.org
Email:drdmyanmar@gmail.com

jrermowi;tcutvuEi quo,a&;en;ynmzZ;w;wua&;aumya&;&i;vrwu 2013-2014b@ma&;Ep (13)urajrmu Epywvntaxax tpn;ta0;zwum;jci;

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာဝင်များ မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ - ၂၁-၃-၂၀၁၅ရက်(စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - ၉း၀၀နာရီ (နံနက်)
ကျင်းပပြုလုပ်မည့်နေရာ - MICT Park, တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်မြို့။

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၂၁-၂-၂၀၁၅ရက်မှစ၍ ၂၁-၃-၂၀၁၅ ရက် ညနေပိုင်းအထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာများပေးပို့ထားပါသည်။

ဒါရိုက်တာအဖွဲ့

YWCA
ပန်းအလှပြုပြင်နည်းသင်တန်း
အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက် - ၂၃-၂-၂၀၁၅ မှ ၁၃-၃-၂၀၁၅
အချိန် - မွန်းလွဲ၁း၀၀နာရီမှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေး၊မှတ်စုစာအုပ်ယူဆောင်လာရန်။

(N.G.E.S) အင်္ဂလိပ်စာ သင်တန်း နွေရာသီ တန်းခွဲများ

- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့်အရေးအဖတ် (၄နှစ် မှ ၁၅နှစ်) (၁၆နှစ် မှ အထက်)
(English For Speaking, Listening, Reading & Grammar)+
(Essay, Letter, Diary, Portfolio & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK) မှ အောင်လက်မှတ်များရရှိရန်စီစဉ်သင်ကြားပေးခြင်း

(5%) OFF

Junction Mawtin
09-5079896,09-5005219,09-799676100

ti;av;[w,Zewi ajruu0,,ciray;uxm;orm; o&ap&e alunmcu

၄-၂-၂၀၁၅ရက်တွင် ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုး လုံးဝပေးသွင်းခြင်းမရှိသည့် မြေနေရာ (၄)နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီး ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန် ကျန်ရှိသည့် မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေ စေရန်အတွက် ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ တူးမြောင်းဖြတ်ကူး အလျားပေ (၉၀ × ၁၆)ရှိ ရွှေပြည်ဟိန်း မိုးကောင်း အာရ်စီ ကွန်ကရစ်တံတားကို ရွှေပြည်ဟိန်းဆရာတော်ဦးဆောင်၍ တည်ဆောက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ိ/)၊ သဲကားတစ်စီး (၂၀၀၀ိ/-)၊ ဘိလပ်မြေ (၁)အိတ် ၆၀၀ိ/-၊ ဂဝံမြေ တစ်ကျင်း (၁၅၀၀ိ/-) ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဖေဖော်ဝါရီလ (၁၄၊ ၁၅)ရက်တွင် ဦးရေ(၅၆၀)ပြည့် ၄၄-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် **အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

pr; t i0e lu;Xme
jrerma&eEi o bm0''mwai vyie;
twziwi '[ac: , jci;
(3^2015)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-147(14-15)	Cement Additives (5)Items	US$
(၂)	IFB-148(14-15)	Mud Chemicals (4)Items	US$
(၃)	IFB-149(14-15)	Class "G" Cement (500)Ton	US$
(၄)	IFB-150(14-15)	30 Ton Mobile Hydraulic Crane (Wheel Type) (1)Unit	US$
(၅)	IFB-151(14-15)	2900Series Well Head Equipments & Spares(7)Sets	US$
(၆)	IFB-152(14-15)	900Series Well Head Equipment & Spares (2)Sets	US$
(၇)	IFB-153(14-15)	Truck Mounted Double Drum Well Servicing Unit(1)Unit	US$
(၈)	IFB-154(14-15)	30 Ton NGV Tractor (1)Unit & 30 Ton Cascade Trailer (2)Units	US$
(၉)	IFB-155(14-15)	GM 6V 71 Engine Assy(1)Unit	US$
(၁၀)	IFB-156(14-15)	Fire Fighting Truck(1)Unit	US$
(၁၁)	IFB-157(14-15)	Welding Electrode(E 6011)(50)Ton	US$
(၁၂)	IFB-158(14-15)	Heat Shrinkable Sleeves & Closure Patches (2)Items	US$
(၁၃)	IFB-159(14-15)	Mobile Welding Machine With Accessories (3)Sets	US$
(၁၄)	IFB-160(14-15)	Portable Welding Machine With Accessories (4)Sets	US$
(၁၅)	IFB-161(14-15)	Pressure Gauge (6)Sets	US$
(၁၆)	IFB-162(14-15)	Assorted Sizes of ERW Steel Line Pipes(3)Items	US$
(၁၇)	IFB-163(14-15)	Assorted Sizes of Steel Ball Valves (2)Items	US$
(၁၈)	IFB-164(14-15)	Assorted Sizes of Pipe Fitting(1)Lot	US$
(၁၉)	IFB-165(14-15)	13 5/8" 5K Double Ram Blow Out Preventers (2)Nos	US$
(၂၀)	DMP/L-035(14-15)	MUD Testing Equipment(10)Items	Ks
(၂၁)	DMP/L-036(14-15)	Telephone Cable(4)Items	Ks
(၂၂)	DMP/L-037(14-15)	Electronices Private Branch Exchange 128 Lines Capacity, 8 CO Trunk line with Phone (3)Sets	Ks
(၂၃)	DMP/L-038(14-15)	50 HP Electric Motor(400V, 3Phase, 50 Hz,1500RPM) (2)Sets	Ks
(၂၄)	DMP/L-039(14-15)	Transformer Welding Set with Accessories (Dry Type)(5)Lots	Ks
(၂၅)	DMP/L-040(14-15)	Centrifugal Pump with Motor(5 HP)(1)Lot	Ks
(၂၆)	DMP/L-041(14-15)	315KVA and 500 KVA Transformer(2)Items	Ks
(၂၇)	Container(1/2015)	ရန်ကုန်ဆိပ်ကမ်းများမှ သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်းသို့ Container သယ်ယူပို့ဆောင်ခြင်း လုပ်ငန်း(၁-၄-၂၀၁၅ မှ ၃၀-၉-၂၀၁၅)ထိ	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်းစွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၆-၃-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အင်္ဂလိပ်စာ/စကား(၅နှစ်မှ၃၀)

၁။ ၈/၉/၁၀တန်း Letter/Essay/Grammar သီးသန့်သင်သည်။
၂။ Idiom/Slang/Phrasal Verb တို့ကို အခြေခံမှစ၍ သင်သည်။
၃။ စနစ်တကျ စာဖတ်တတ်အောင်/အသံထွက်မှန်အောင်/လက်ရေးလှအောင် သင်မည်။

ဖုန်း-၃၈၈၃၀၇/၀၉၄၀၁၅၄၈၄၆၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/5638၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)



Samsung
GALAXY GRAND Neo Plus
အားလုံးကြိုက်တဲ့မျက်နှာပြင်ကျယ်
5.0" WVGA Display
1.2GHz Quad Core Processor
5MP Rear + 2MP Front Camera
Dual SIM
Samsung Customer Contact Centre - 01 2399 888
samsungmyanmar
SAMSUNG

NEW YEAR PROMOTION
၁၅.၁.၂၀၁၅ မှ စတင်၍ (၃) လနှင့်အထက်
သက်တမ်းတိုးသူများအတွက် တစ်ရက် လျှင်
၁၀၀ ကျပ်
TV 5 NETWORK
5 NETWORK & PLUS PACKAGE
3,000 KS
PER MONTH
SPORTS PACKAGE
4,425 KS
PER MONTH
(3) လ - (6) လ
(12) လ သက်တမ်းတိုး
ဝယ်ယူကြည့်ရှုနိုင်ပါသည်။
HOTLINE : 01-400878 | 01-2306166

新年快乐
恭喜发财
KHG နှင့် INFINITY မိသားစုမှ
ချစ်မိတ်ဆွေများအား မင်္ဂလာရှိသော
ပျော်ရွှင်စရာနှစ်သစ် ဖြစ်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းလိုက်ပါသည်
INFINITY
BY KHG
အရောင်းပြခန်းဖွင့်လှစ်သည့်အချိန် တနင်္လာနေ့ မှ တနင်္ဂနွေနေ့အထိ - နံနက် ၉:၀၀ နာရီမှ ညနေ ၆:၀၀ နာရီအထိ
KHG
DEVELOPMENT
YOUR LIFESTYLE CHOICE
တက္ကသိုလ်ရိပ်သာလမ်းသစ်အနီးရှိ အရောင်းပြခန်းသို့ လာရောက်လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်
SHOW FLATS NOW OPEN
ဆက်သွယ်ရန်
09-2528-5-7711
09-2528-5-7722
www.infinity-khg.com

ကြော်ငြာ

မြို့လယ်ကျောင်း Ph: 202046, 392048 256954
အမှတ် (119), Y.W.C.A ဘိုကလေးဈေးလမ်း ဗိုလ်တထောင်။

ဆရာအာသာ SUCCESS Language Academy

ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာ

Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပတ် ၄ ရက်)

March 16 စမည်။ သင်တန်းကြေး-၆၀၀၀၀/

(၆+၇) တန်း နှင့် (၈+၉) တန်း ကျောင်းသူများအတွက်
Essay, Letter + Grammar သင်တန်းကြေး-၄၀၀၀၀/
ကျောင်းသင်ရိုးအထောက်အကူပြု Writing သင်တန်း

7:30 to 10:30 (Sat+Sun) Mar 14
12 to 3:00 (Sat+Sun) Mar 14
7:30 to 9:00 Mar 16 (Mon to Thurs) စမည်။

BASIC ENGLISH SPEAKING
1 - 2:30 (Mon – Thurs) 16, 23 Feb
1 - 4:00 (Sat + Sun) 28 Feb
6 - 7:30 (Mon – Thurs) 3 Mar

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon – Thurs) 17 Feb
7:30-10:30 (Sat + Sun) 21 Feb
3:30 - 5 (Mon – Thurs) 23 Feb
7:30 - 9 (Mon – Thurs) 24 Feb
1 - 4:00 (Sat + Sun) 28 Feb

PRE-INTERMEDIATE
1 - 2:30 (Mon – Thurs) 17 Feb
1 - 4:00 (Sat + Sun) 22 Mar
7:30 - 9 (Mon – Thurs) 23 Mar

INTERMEDIATE
10-11:30 (Mon – Thurs) 16 Feb
1 - 2:30 (Mon – Thurs) 3 Mar

VOCAB ENRICHMENT
1 - 2:30 (Mon – Thurs) 3 Mar

BASIC WRITING
3:30 - 5 (Mon – Thurs) 3 Mar

BASIC GRAMMAR
10-12:00 (Mon – Thurs) 16 Mar

IELTS (Four Skills)
1 - 3:30 (Mon – Thurs) 23 Mar
IELTS Exam Practice
3:30 - 5 (Mon – Thurs) 16 Mar
IELTS (Speaking)
1 - 2:30 (Mon – Thurs) 23 Feb
IELTS (Reading)
10 - 12:00 (Mon – Thurs) 23 Mar
IELTS (Writing)
7:30 - 9 (Mon – Thurs) 23 Feb

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ်၊ ၅(B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
3:30 - 5 (Mon – Thurs) 3 Mar
12 - 3:00 (Sat + Sun) 14 Mar
7:30-10:30 (Sat + Sun) 21 Mar

BASIC GRAMMAR
12 - 3:00 (Sat + Sun) 1 Mar

PRE-INTERMEDIATE
7:15-9:15 (Mon – Thurs) 16 Feb
6 - 7:30 (Mon – Thurs) 23 Feb

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon – Thurs) 25 Feb
10-11:30 (Mon – Thurs) 25 Feb
7:30-10:30 (Sat + Sun) 1,7 Mar
12 - 3:00 (Sat + Sun) 1 Mar
1 - 2:30 (Mon – Thurs) 3 Mar
3 - 4:30 (Mon – Thurs) 3 Mar

INTERMEDIATE
12 - 3:00 (Sat + Sun) 7 Mar

(၈+၉) တန်း ကျောင်းသူများအတွက်
Essay, Letter + Grammar
ကျောင်းသင်ရိုးအထောက်အကူပြု Writing သင်တန်းများ
7:30 to 10:30 (Sat+ Sun) 14 Mar
7:30 to 9:00 (Mon to Thurs) 16 Mar
သင်တန်းကြေး ၄၀၀၀၀ ကျပ်

FAME

လားရှိုးမြို့ ကျန်းမာသုတဟောပြောပွဲ

အကြောင်းအရာ ➡ သင့်ဘဝအတွက် သဘာဝဆေးဝါးများ
[Natural Medicines For Your Life]

ပြောကြားမည့်သူ • ဒေါက်တာခင်မောင်လွင် (FAME)

နေ့ရက် • ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့)

အချိန် • နေ့လည် (၁း၀၀) နာရီ မှ (၄း၀၀) နာရီ

နေရာ • လားရှိုးမိုတယ်ခန်းမ၊ လားရှိုးမြို့

စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

ကချင်ပြည်နယ်
မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်းအသင်းများ၏ ဂုဏာပူဇာသဘင်

၂၀၁၅ခုနှစ်၊ နိုင်ငံတော်မှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ်မှ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ-

၁။ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တသီလာစာရ၊ မြို့ဦးတောရပရိယတ္တိစာသင်တိုက်၊ မရှိကထောင်ရပ်ကွက်၊ ဖားကန့်မြို့။

၂။ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တသီလာစာရ၊ အောင်တော်မူပရဟိတနှင့် ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဒေါ်ဣန္ဒာစာရီ၊ ထေရဝါဒသာသနာပြု သာသနကာရီသီလရှင် စာသင်တိုက်၊ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့။

၃။ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ကောင်းမှုလုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကောင်းမှုလုံကျေးရွာ၊ မချမ်းဘောမြို့နယ်။
ဒေါ်ဓမ္မိသရီ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု ရောင်ခြည်ဦး သီလရှင်စာသင်တိုက်၊ မရှိကထောင်ရပ်ကွက်၊ ဖားကန့်မြို့။

အထက်ပါ ဆရာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးတို့အား ရန်ကုန်ရောက် မြစ်ကြီးနားအသင်း၊ ဗန်းမော်အသင်း၊ မိုးကောင်းအသင်းတို့မှ အောက်ပါအစီအစဉ်အတိုင်း ပူဇော်ကျင်းပမည်ဖြစ်ပါ၍ ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ကြွရောက်ကြည်ညိုပူဇော်လှူဒါန်း နိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်ရက် - ၅-၃-၂၀၁၅ရက်(ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်။

မှတ်ချက်- အရုဏ်ဆွမ်း/နေ့ဆွမ်း ဆက်ကပ်ပါမည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်။

၁။ဒေါ်တင်တင်ညွန့်-၀၁-၅၅၅၅၂၉၊ ၀၉-၄၅၀၀၂၂၀၈၀(အတွင်းရေးမှူး-မြစ်ကြီးနားအသင်း)
၂။ဒေါ်ရွှေကူနန်းနွဲ့နွဲ့-၀၉-၄၂၀၀၅၆၈၄၆ (ဒုဥက္ကဋ္ဌ-ဗန်းမော်အသင်း)
၃။ဦးချစ်မောင်-၀၁-၅၀၃၁၉၈၊ ၀၉-၅၀၀၂၁၉၂ (အတွင်းရေးမှူး မိုးကောင်းအသင်း)
ကချင်ပြည်နယ်ရိုးရာ ဟင်းလျာဖြင့် ဧည့်ခံပါမည်။

Nelson English Language Centre
၂၀၁၅ နွေရာသီ အင်္ဂလိပ်စကားပြော သင်တန်း

ဆက်သွယ်ရန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ)၊ မြေကွက်အမှတ်(၁၀၇)၊ မြေကွက်တည်နေရာ အမှတ်-၂၁/၁၃၉လမ်း၊ မအူကုန်းရပ်ကွက်၊ (ဦးအောင်ထွန်း) [၁၂/တမန(နိုင်)၀၄၉၁၀၇]အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအောင်ထွန်းနှင့် မိခင်ဒေါ်သန်းသန်းတို့ ကွယ်လွန်သဖြင့် (၁) ဦးအောင်စိုး [၁၀/ကထန(နိုင်)၀၁၄၈၅၂]၊ (၂) ဒေါ်တင်တင်ဝင်း[၁၂/တမန(နိုင်)၀၅၀၂၇၇]၊ (၃)ဒေါ်တင် တင်မြ[၁၂/တမန(နိုင်)၀၀၇၃၉၃]၊ (၄) ဦးစောဝင်း[၁၂/တမန(နိုင်)၀၄၉၀၈၈]၊ (၅) ဒေါ်ညွန့်ညွန့်ရီ[၁၂/လသန(နိုင်)၀၀၄၁၇၅]၊ (၆) ဦးခင်စိုး[၁၂/တမန(နိုင်)၀၆၄၅၈၆]၊ (၇) ဒေါ်စန်းစန်းဝင်း[၁၂/ရကန(နိုင်)၀၅၂၇၆၆]၊ (၈)ဦးနေမျိုး[၁၂/တမန(နိုင်)၀၈၈၀၆၈]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချယ်ရီမြေဩဇာ JUNE INDUSTRY LTD.

▸Ygn: + 95 9 4200 99011, 4200 99022, 4200 99033 ▸Mdy: + 95 2 24490, 39985, 39725, 36122

t rsm;oap&e t oay;al u nmjci;

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်-၉/၃၄ ဟုခေါ်တွင်သော ပေ(၈၀×၄၈)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ (၁)လမ်း၊ တိုက်အမှတ်-၉၊ (၄)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အအုံမှ အခန်း(၃)၊ ဒုတိယထပ်အခန်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘုရားကျောင်းလမ်း၊ အမှတ်-၁၃၂ဟုခေါ်တွင်သော မြေကွက်နှင့်အဆောက်အအုံတို့ကို လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် ဖော်ပြ၍ ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇၆/၂၀၁၄ တွင် ဒေါ်နွယ်နွယ်အေးထွန်းမှ တရားလိုပြုလုပ်၍ ဦးအောင်မျိုးမင်း(ခ)ဖိုးချောအပေါ် လင်မယားကွာရှင်းပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်း ခွဲဝေပေးစေလိုမှု စွဲဆိုထားပါသည်။

သို့ဖြစ်၍ အထက်ပါမြေကွက်နှင့် အဆောက်အအုံများအား တရားရုံးမှ အမိန့်တစ်စုံတစ်ရာ မချမှတ်မီအတွင်း တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းခြင်း၊ ဝယ်ယူခြင်းမပြုရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်အေးထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုညိုစန်း(**LL.B,D.B.L**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၇)
အမှတ်-၁၃၉၊ ခ/၅လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၀၄၇၆

t rsm;oap&ealu nmjci;

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဝင်း-ဒေါ်နန်းဆိုင်နွမ်တို့၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၆၀၀)၊ မြေဧရိယာ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်ကို ၃-၆-၂၀၁၃ ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်သော ဦးအောင်ဝင်း-ဒေါ်နန်းဆိုင်နွမ်တို့၏ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးကြွယ် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၉၄)
အမှတ်(၉၅)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၃၁၄

မြေကွက်ရောင်းရန်ရှိသည်

သဃ်န်းကျွန်းမြို့နယ်၊
ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊
အကျယ်(427′x266′)၊
ဂရန်အမည်ပေါက်
မြေကွက်ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
Ph: 09- 252442920

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (၁၄)နှစ်ပြည့်ကောင်းမှုဆုတောင်း

ကျေးဇူးရှင်ဖေဖေကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ (၁၄)နှစ်ပြည့်မြောက်သည့် (၁၉-၂-၂၀၁၅) ရက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပြုပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ဖေဖေကြီးအနေဖြင့် အမျှရရှိပြီး သာဓုခေါ်ဆိုနိုင်သည်ဖြစ်၍ ယခုရောက်ရှိရာ ဘုံဘဝမှသည် မြတ်နိဗ္ဗာန်သို့တိုင်အောင် တက်လှမ်းရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှပေးဝေအပ်ပါသည်။

အမြိုးတွေနဲ့ဖုံးကွယ်ထားရတဲ့ သက်ရှိလောကစံ

ဇနီး - ဒေါ်ခင်သန်းနွဲ့
သားသမီးများ - ဦးမောင်မောင်ကျော် + ဒေါ်ချိုလဲ့ဦး
ဖြူဖြူတင်ဦး
ဒေါက်တာမြတ်နိုး + ယဉ်မာဦး
ဇော်ထွန်းဦး + ခင်သီတာ
နေထွန်းဦး
မြေးများ - ဟိန်းထက် ၊ ယဉ်မြတ်နိုး
ဖူးငုံကျော် ၊ သန့်သီဟန်ဇော်(ဖိုးသီလ)

၁၉.၂.၂၀၁၅
ဗိုလ်ချုပ်သူရ၊ သီဟသူရစစ်မောင်
(၁၄)နှစ်ပြည့် အောက်မေ့သတိရခြင်း

ကျေးဇူးရှင် ဖေဖေ ကွယ်လွန်ခဲ့သည်မှာ ၁၉. ၂. ၂၀၀၁ မှ ၁၉. ၂. ၂၀၁၅ ဆိုရင် တစ်ဆယ့်လေးနှစ်ပြည့်ခဲ့ပါပြီ၊ ဆပ်၍ မကုန်နိုင်သော ကျေးဇူးတရားများကို ဆင်ခြင်အောက်မေ့ သတိရလျက် ကျန်ရစ်သော ချစ်ဇနီး၊ သားသမီးမြေးများနှင့် တပည့်တို့က ဖေဖေ့အတွက် ရည်စူးကာ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ အစရှိသော ကုသိုလ်အစုစုကို နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မပျက်မကွက် ပြုလုပ်ပေးခဲ့ကြပါသည်။ ဤကောင်းမှုကုသိုလ်အစုစုကို ကောင်းမွန်ရာဘုံဘဝတွင် ရောက်ရှိနေသော ဖေဖေ ရရှိခံစားနိုင်ပါစေလို့ ဆုတောင်းမေတ္တာ အမြဲပို့သလျက် . . .

ချစ်ဇနီး ဒေါ်ခင်ဖြူဝင်းနှင့်
သားသမီးမြေးများ

(၁၄)နှစ်မြောက် သတိရခြင်းနှင့် ကောင်းမှုကုသိုလ်ဒါန
o&ycs Avrl;csyve;armi
(ဝန်ကြီးချုပ်ရုံးဝန်ကြီး)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၁၅ရက်တွင် (၁၄)နှစ်ပြည့်ပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ (၁၄)နှစ်ပြည့်မြောက်သော ယနေ့ ၁၉-၂-၂၀၁၅ရက်တွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃဆေးရုံနှင့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းအပ်သော ကောင်းမှုကုသိုလ်နှင့် တစ်နှစ်ပတ်လုံးလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အား ကျေးဇူးရှင်ဖခင်ကြီး ရောက်ရာဘဝဘုံဌာနမှ သာဓု သာဓု သာဓု ခေါ်နိုင်ပါစေ။

ဇနီး - သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်
သား၊ သမီးများနှင့်
မြေးများ - Dr.မင်းသန်းထွန်း၊ Dr.စိုးမင်းထွန်း၊ စည်သူထွန်း
- ပြည့်စုံထွန်း၊ ပြည့်စုံမောင်၊ အောင်လွန်းခေါင်
- ခန့်ညားလွင် ၊ ရဲရင့်လွင်
- ရဲချစ်လွန်း၊ ဘုန်းမြတ်သူ
- သစ်လွင်စိုး၊ ဝေယံလွန်းမောင်
- ဝေဖြိုးထက်၊ ကျော်ဇင်ထက်

(၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
0;usm; (B.A,BL,DMA)
(တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)
အသက်(၈၃)နှစ်
(၁၉-၂-၂၀၀၇)

ဖေဖေ မိသားစုနှင့် ခွဲခွာခဲ့သည်မှာ (၈)နှစ်ပြည့်မြောက်ခဲ့သော်လည်း ဖေဖေရဲ့မိသားစုအပေါ်ထားရှိသည့် အတိုင်းအဆမရှိ ကြီးမားလှသော မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားအပေါင်းတို့ကို နေ့စဉ်အမြဲသတိရလျက် ပြုသမျှကုသိုလ်အပေါင်းအား ဖေဖေရောက်ရှိရာ ဘဝမှ သာဓုခေါ်ဆိုနိုင်စေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဇနီး ဒေါ်အုံးခင်
ညီမ ဒေါ်ခင်ခင်၊ ဒေါ်တင်အေးကြည်
သမီး ဗိုလ်မှူးကြီးနွယ်နွယ်ဝင်း
သား ဗိုလ်မှူးမင်းဇော်(ငြိမ်း)-ဒေါ်ချိုချိုဦး
မြေများ ကိုအောင်အောင်သန့်
ဗိုလ်မှူးကျော်ဝင်း-မလွင်မာ
မြစ်များ မေဇော်ဦး၊ ချစ်ဆုလာဘ်ဝင်း

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးတင်ဦး (ငြိမ်း)
အသက် (၉၂) နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဇီဝကမ္မဗေဒ နှင့် ဇီဝဓါတုဗေဒအဖွဲ့၏နာယကကြီးပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၏ခင်ပွန်း ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း) သည် ၁၅-၂-၂၀၁၅ ရက်နေ့ နံနက် (၁း၄၅) နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဇီဝကမ္မဗေဒနှင့်ဇီဝဓါတုဗေဒအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

(၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
Avrl;p;Ei(u uarmi)
D.S.A (၂၃)ရဟတ်ယာဉ်မှူး

ချစ်လှစွာသော အစ်ကိုမိသားစုနှင့် ရုတ်တရက် ခွဲခွာသွားသည်မှာ ယခုဆိုလျှင် (၁၄)နှစ်ပြည့်မြောက်သွားပါပြီ၊ အစ်ကိုကြီး ဗိုလ်မှူးစိုးနိုင်အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်သံဃာတော်အရှင်သူမြတ်များအား ကောင်းမှုကုသိုလ်များပြုလုပ်အပ်ပါသည်။ ယခုရောက်ရှိနေသာ ဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ပြုပြုသမျှကောင်းမှုအစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအမျှပေးဝေအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ခင်စံပယ်လှတင်နှင့်ချစ်သား၊ သမီးများ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ညီအစ်ကိုမောင်နှမများ - ဒေါ်ခင်မမနှင့်ညီအစ်ကိုမောင်နှမများ
(နှင်းပုလဲမိသားစု) တမာကုန်းရပ်ကွက်၊
အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
Avrl;Bu;0i;vi
ကြည်း-၁၁၄၆၇၊ OTS (38)
ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား)၊ ကာကွယ်ရေးဝန်ကြီးဌာန

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ယနေ့(၁၄)နှစ်ပြည့်မြောက်ခဲ့သော်လည်း မိသားစုအပေါ်ကြီးမားသော မေတ္တာ၊ စေတနာများဖြင့် လုံခြုံမှု ကာကွယ်မှုအေးမြမှုများ ပေးခဲ့သည့် ဖေဖေ့ရဲ့ကျေးဇူးအရိပ်ကြီးကို အစဉ်အောက်မေ့သတိရလျက် နှစ်စဉ်ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို သိနိုင်၊ ကြားနိုင်၊ အမျှရရှိနိုင်စေရန် ဆုတောင်းမေတ္တာပို့သ အမျှပေးဝေအပ်ပါသည်။

ချစ်ဇနီး-ဒေါ်ကြည်ကြည်ဝင်း(S.A.T)ငြိမ်း(တက္ကသိုလ်ရိပ်မွန်)
ချစ်သား-ကိုကျော်စွာဝင်းလှိုင်-မစိုးမိုးအောင်
ချစ်သမီး-မစန္ဒာဝင်းလှိုင်-ကိုမိုးမင်းအောင်
ချစ်မြေးများ-မောင်မိုးမြင့်မိုရ်စံ၊ မကြယ်စင်လင်းလက်၊ မဆုလာဘ်ဧကရီစံ

0r;en;alu ujci;
0;armiarmici
အသက်(၇၃)နှစ်
တောင်ပိုင်းခရိုင်ဥပဒေအရာရှိ(ငြိမ်း)

ဆရာဖြစ်သူ ဦးမောင်မောင်ခင်သည် ၁၆-၂-၂၀၁၅ ရက် နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တပည့် ဦးအေးကြည်
ဥပဒေအရာရှိ(ဟောင်း)

0r;en;alu ujci;
Avrl;armiarmilun(av)(ir;)
အသက်(၇၉)နှစ်
လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း၊ လေ ၁၃၅၅

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၅၈-စီ)နေ ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးထွန်းဝင်း(တပ်မတော်-လေ)၊ ဒေါ်ဖြိုးဖြိုးအောင်တို့၏ဖခင် ဗိုလ်မှူးမောင်မောင်ကြည်(လေ) (ငြိမ်း)သည် ၁၅-၂-၂၀၁၅ရက် ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(လေ)မှ အရာရှိ/စစ်သည်မိသားစုများ

0r;en;alu ujci;
0;ausmv
အသက်(၇၆)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောဥမ္မာ၏ဖခင် ဦးကျော်လှသည် ၁၄-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ **ဌာနမှူးနှင့်ဝန်ထမ်းမိသားစုများ**

0r;en;alu ujci;
'w,Avrl;Bu;a'E,E,oe; tou(60)
မေ့ဆေးပါရဂူကြီး

မိတ္ထီလာမြို့နေ[ဦးသိန်းဟန်(သစ်တောခရိုင်ဝန်)]-ဒေါ်မိမိဟန်တို့၏ တစ်ဦးတည်းသောသမီး (ဦးတင်အေး-ဒေါ်အုန်းစိန်)တို့၏သမီးချွေးမ၊ ဦးစိုးညွန့်၏ဇနီး ဒုတိယဗိုလ်မှူးကြီးဒေါ်နွယ်နွယ်သိန်း သည် ၁၃-၂-၂၀၁၅ရက် ညနေ၄း၁၅ နာရီ တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်မှူးကြီးခင်ဇော်ထွန်း-ဗိုလ်မှူးဒေါ်ညိုညိုဝင်းမိသားစု

0r;en;alu ujci;

ဒေါ်အေးသီတာသက်(General Manager, Corporate Human Resources Department, IGE Co,Ltd) ၏မိခင် ဘုရား၊ ရဟန်း ၊သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်သိန်းသိန်း(ဖားအောက်)၊ အကောက်ခွန်ဦးစီးဌာန(ငြိမ်း)၊ အသက်(၈၁)နှစ်သည် ၁၀-၂-၂၀၁၅ (အင်္ဂါနေ့) ည ၂၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးသူရ(Reseident Manager)
Grand Amara Hotel မှ ဝန်ထမ်းမိသားစုများ
Nay Pyi Taw

tx;0r;en;alu ujci;
0;&jri
(B.E-Civil. 1977 Batch)
အသက်(၆၃)နှစ်

ဒု-အင်ဂျင်နီယာမှူးကြီး(ငြိမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၁၂-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းမိပါသည်။ **အမှုဆောင်အဖွဲ့၊ စလင်းမြို့နယ်အသင်း(ရန်ကုန်)**

0r;en;alu ujci;
0;0i;jri0;('w, nelum;a&;rl;)
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
အသက်(၅၅)နှစ်

ဒေါ်သန်းသန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဦး သည် ၁၃-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်နမ့်ခမ်း၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း
မူဆယ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၃၈၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၈၀/ခ)၊ (၉)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဒေါ်မြင့်မြင့်၊ ဦးမောင်မောင်၊ ဦးမြင့်သန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်နှင့် ဦးမြင့်သန်းတို့ လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်[၁၂/ဥကတ(နိုင်)၀၈၆၂၆၇]က တစ်ဦးတည်းသောအစ်မတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

Or;en;a|uu|ci;
a':jrpe(a&b)
အသက်(၈၅)နှစ်

ဗိုလ်ချုပ်ခင်မောင်ကျော်(ငြိမ်း)၏ဇနီး ဒေါ်မြစိန်(ရွှေဘို) အသက်(၈၅)နှစ်သည် ၁၃-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၃)မှ အရာရှိများ

Or;en;a|uu|ci;
Avrl;|u;armiarmiav;(|ir;) **(၈၂)နှစ်**
စခန်းမှူး၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်းမှူး(ငြိမ်း)
သံအမတ်ကြီး(ငြိမ်း)
မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ(ငြိမ်း)လေ-၁၃၅၇

အမှတ်(၆၂/အေ)၊ အောက်မင်္ဂလာဒုံလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်ခင်ခင်ဦး)၏ခင်ပွန်း ဗိုလ်မှူးကြီး မောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် မိသားစုများ

Or;en;a|uu|ci;
Avrl;o&cpci(av^|ir;)
လေ-၁၂၁၆
ကြည်း/၇၁၉၆၊ OTS အမှတ်စဉ်(၁၅)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၆)၊ ပထမထပ်၊ (၂၆)လမ်း(အောက်)နေ (ဒေါ်အေးမြင့်သန်း)၏ ခင်ပွန်း ဗိုလ်မှူးသူရချစ်ခိုင်(လေ)(ငြိမ်း)သည် ၁၇-၂-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ

Or;en;a|uu|ci;

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၇၀/၄(က)၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား(၁) ရပ်ကွက်နေ ဗိုလ်ချုပ်ခင်မောင်ကျော်(ငြိမ်း)၏ ဇနီး ဒေါ်မြစိန်သည် ၁၃-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးသောင်းလွင်နှင့် ခလရ(၅)မှ တပည့်များ

Or;en;a|uu|ci;
0;ciarmi(wi;ynma&;rl;|ir;)
အသက်(၉၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ဥပဒေအရာရှိ ဦးကျော်ကျော်အောင်၏ဖခင် ဦးခင်မောင်သည် ၁၅-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဇေယျ (၅၉၊ ၆၀) သင်တန်းဆင်းဥပဒေအရာရှိများ

t x;au;Z;wi&|ci;
0;va&(vuywe;) '-y;armu(|ir;)
B.E, M.Phil. M.E (Texlile) R.I.T

၂၆-၁-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားသော မြောက်ဒဂုံမြို့နယ်၊ ဖိုးရာဇာ(၁)လမ်း၊ (၄၃)ရပ်ကွက်၊ အမှတ်(၉၉၁)နေ ဦးလှရွှေ နာမကျန်းစဉ်ကပင် စေတနာအပြည့်ဖြင့် ကုသပေးခဲ့ကြပါသော မြောက်ဥက္ကလာပဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်မကြီးအားလည်းကောင်း၊ တာဝန်ကျ CA ဆရာဝန်မ၊ ဆရာဝန်များနှင့် သူနာပြုဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော RIT ကျောင်းသားတပည့်ဟောင်းများ၊ တပည့်ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ E-mail၊ တယ်လီဖုန်း၊ သတင်းစာ၊ Facebook အစရှိသည်တို့ဖြင့် ဝမ်းနည်းကြောင်းဖော်ပြပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဒါန်းငွေများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ တပည့်များအားလည်းကောင်း၊ ၁၀-၂-၂၀၁၅ ရက်နေ့တွင် ကျရောက်သော ဦးလှရွှေ၏ (၇၃)နှစ်မြောက်မွေးနေ့အလှူအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ရေစက်သွန်းချ အမျှပေးဝေပေးပါသော တက္ကသိုလ်မှ ဆရာတော် သံဃာတော်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

0;ciarmi0i;(c) **Dicky**
တပ်မတော်ရေ(ငြိမ်း)
အသက်(၅၈)နှစ်
ကိုယ်ပိုင်အမှတ်- ၁၅၆၁၁
ရတထ(၁၊၂)
စတဟ(အလုပ်အမှုဆောင်)၊
စပရ(ဥက္ကဋ္ဌ)၊
သမသ(အတွင်းရေးမှူး)
CDC-24665, TB-3 Htoo Trading

(ဦးမြမောင်-ဒေါ်ဂျက်စီ)တို့၏သား၊ ဦးခင်မောင်ငြိမ်း-ဒေါ်သန်းသန်းတို့၏ သားသမက်၊ (ဦးထွန်းထွန်း) C/E-ဒေါ်စန်းစန်းဝေတို့၏ ညီ/မောင်၊ ကိုသူဝင်း(အခွန်ဦးစီး)-မသင်းယုလှိုင်၊ ကိုအောင်ကိုကိုနိုင်(စွမ်းအင်၊ပျဉ်းမနား)-မအိတြာထွေးတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး၊ မသီသီဆွေ၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ဝင်း(ခ) Dicky သည်၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
a':cicia0 (77)Ep

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၃)၊ အခန်း (၂၃)နေ (ဦးထွန်းရင်-ဒေါ်ရင်မေ)တို့၏ သမီး၊ (ဦးလှဖေ-ဒေါ်စောတင်)တို့၏ သမီးချွေးမ၊ (ဒေါ်မိမိစိန်-ဦးအုန်းသန်း)၊ (ဒေါ်ဒေါ်လီဝင်း-ဦးကြည်မောင်)၊ ဦးငွေစိုး-ဒေါ်ထွေးရီ၊ ဦဝေဖြိုး-ဒေါ်သင်းသင်း၊ ဦးဘုန်းမြင့်-ဒေါ်ခင်ခင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်အေးအေးခိုင်တို့၏အစ်မကြီး၊ တူ/တူမ ၂၁ယောက်တို့၏ အဒေါ်၊ ပါမောက္ခ ဒေါက်တာ ဦးကျော်ဝင်း (ဆီး/ကျောက်ကပ်ခွဲစိတ်အထူးကု-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်ဝေသည် ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
a':&iar;(r*vmap;) **(၈၅)နှစ်**

ရန်ကုန်မြို့၊ တိုက်(၄၇)၊ အခန်း(၂၄)၊ ဗဟိုရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်နေ (ဦးအချူ-ဒေါ်ရှင်)တို့၏သမီး၊ [ဦးသန်းထွန်း(ရွှေပုစွန်)]၏ ချစ်လှစွာသောဇနီး၊ (ဦးဝင်းဆွေ)-ဒေါ်ခင်ထားရီ၊ (ဒေါ်ကြင်ကြင်သိန်း)တို့၏ ချစ်လှစွာသောအစ်မ၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းထွန်း၊ ဦးခင်မောင်အေး-ဒေါ်ချိုချို၊ ဦးအောင်ကြီးထွန်း(MSL)-ဒေါ်နိုင်နိုင်မြင့်၊ ဦးထွန်းအောင်ထွန်း-ဒေါ်ဇလွှင် (အထက-၁၊ မြောက်ဥက္ကလာ)၊ ဦးအောင်ခိုင်ထွန်း(မင်္ဂလာဈေး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၂-၂၀၁၅ရက် နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
0;wi, **(BA,HGP, RL)**
ရန်ကုန်တိုင်းသမဝါယမအသင်းစု ဥက္ကဋ္ဌ(ငြိမ်း)
ပင်းတယမြို့နယ်
ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း)
အသက်(၇၅)နှစ်

တောင်ကြီးမြို့နေ (ဦးစံတင်-ဒေါ်ယု)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၉၁)၊ အခန်း(C-3)၊ သီရိလမ်း၊ (၂)ရပ်ကွက်နေ ဒေါ်အမာညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမင်းယု(ခ) စာရေးဆရာမျိုးကိုမျိုး (သမဂ္ဂသတင်းဂျာနယ်၊ အယ်ဒီတာချုပ်)-ဒေါ်မင်းသန်းသန်းထိုက်(ခ)စာရေးဆရာမ ဖြူနှင်းထိုက်၊ ဦးကျော်မင်းယု(ခ)ဂျင်မီ-ဒေါ်နီလာသိန်း (၈၈ မျိုးဆက် ငြိမ်း/ပွင့်)၊ ဦးဇော်ဇော်အောင်-ဒေါ်သန္တာယုတို့၏ဖခင်၊ မဖြူနေကြည်မင်းယု(ခ) Whitey၊ မောင်ဩရသမင်းယု(ခ) Brighty တို့၏ အဘိုးသည် ၁၇-၂-၂၀၁၅ (အင်္ဂါနေ့) ည ၈း၄၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

0;|unoe;(c)vm;vm;|u;
အထက်မင်းလှမြို့
ငွေဇော်ရေယာဉ်လုပ်ငန်း
အသက်(၇၂)နှစ်

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နေ (ဦးတင်လှ-ဒေါ်ခင်လှိုင်)တို့၏တတိယသား၊ ပြည်မြို့နေ (ဦးချစ်)-ဒေါ်ရင်ရင်၊ (ဦးပြိုင်-ဒေါ်ကြည်ကြည်)၊ (ဦးလှ-ဒေါ်တင်အေး)တို့၏ တူ/သား၊ ဦးထွန်းလူ-ဒေါ်မြင့်မြင့်မူ၊ ဦးကြည်သိဏ်း-ဒေါ်စမ်းရီ(T.T.C)တို့၏ ညီ/မောင်၊ (ဦးဂျမ်းနီ)-ဒေါ်ခင်အေးသိန်းတို့၏အစ်ကို၊ တူ/တူမ ၁၆ ယောက်တို့၏ ဦးလေး၊ အမှတ်(၃)၊ ငါးလွှာ၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်နေ ဦးကြည်သန်းသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

u0i;aumau mrs; (32)Ep
B.A (ECO)
View Sonic Co., Ltd

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၈)ရပ်ကွက်၊ ကွန်းရွှေမြိုင်(၂)လမ်း၊ အမှတ်(၁၇၅၃/က)နေ ဦးမျိုးမြင့်ဇော်(IWT)-ဒေါ်ကြည်ကြည်ဝင်းတို့၏ သားကြီး၊ မောင်စည်သူဟိန်း (TAHAN Food Indes tain Co., Ltd) ၏အစ်ကို၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၃၅၉)နေ (ဦးထွန်းရင်)-ဒေါ်ညွန့်ရီ၊ ဒေါ်စုစုမာ၊ (ဦးအောင်ကျော်ဦး IWT)-ဒေါ်ခင်စန်းဝင်း၊ ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်မေ(သီးသန့်စားသောက်ဆိုင်၊ ပြည်မြို့)၊ ဦးဝင်းနိုင်(PP. Co., Ltd)-ဒေါ်အေးအေးသန့် (Y.C.D.C)၊ ဦခင်မောင်ထွေး (Master FG)-ဒေါ်ဇင်မာမင်း(DSF)တို့၏တူ ကိုဝင်းကျော်ကျော်မျိုးသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျိစုသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
0;wiaq(ajrmi;jr) (94)Ep
မြို့နယ်တရားသူကြီး(ငြိမ်း)
ဥက္ကဋ္ဌ(ကျော်မြန်မာအေးအထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးဘိုးလှိုင်-ဒေါ်လှဝင်း)တို့၏ သား၊ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန်တာလမ်း၊ အမှတ်(၇၂)၊ သုံးလွှာနေ (ဦးကြည်ဝင်း)၊ ဦးမြင့်ဇော်-ဒေါ်ခင်စောမြင့်(စည်ပင်-ငြိမ်း)၊ (ဦးအောင်သန်း)၊ ဦးစိုးဝင်း-ဒေါ်သန်းရီ၊ ဦးသန်းလွင်-ဒေါ်ခင်မာလွင်၊ ဦးကျော်ဟိန်း၊ (ရဲတပ်ကြပ်ဖော်ကြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်)-ဒေါ်စန်းစန်းထွေး၊ ဦးဆန်းဦး(ICEC)-ဒေါ်နွယ်နွယ်နီအေး(အထက-သုဝဏ္ဏ)၊ ဦးငွေအောင်-ဒေါ်နီနီစိုးရှင်၊ ဦးကျော်မျိုးထိုက်-ဒေါ်အေးအေးဆွေ(အကျဉ်းဦးစီး)၊ ဦးတင်မောင်လင်း-ဒေါ်ဝင်းဝင်းဆွေ၊ ဦးအောင်ခင်၊ ဦးကျော်ဒင်၊ (အုပ်ချုပ်မှုဒါရိုက်တာကျော်မြန်မာအေး အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)တို့၏ ဖခင်၊ မြေး ၃၅ယောက်တို့၏အဘိုး၊ မြစ် ၁၆ယောက်တို့၏ ဘိုးဘိုးကြီး ဦးတင့်ဆွေသည် ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

Avrl;o&cpci(|ir;)av (၈၂)Ep
လေ-၁၂၁၆၊ ကြည်း/ ၇၁၉၆၊ OTS-15
ခိုင်သစ္စာဆေးတိုက်(အစာအိမ်ဆေး)

ကျောက်တံခါးမြို့နေ (ဦးလွန်းမောင်-ဒေါ်ပန်းရီ)တို့၏ သားကြီး၊ ညောင်လေးပင်မြို့နေ (ဦးသန်းမောင်-ဒေါ်ငွေမြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၇၆)၊ ပထမထပ်၊ ၂၆လမ်း(အောက်)နေ (ဒေါ်အေးမြင့်သန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကေသီခိုင်(ဒုဦးစီးမှူး၊ ကညန)၊ ဦးလှဌေး-ဒေါ်အေမီခိုင်၊ ဦးဇေယျာခိုင်-ဒေါ်နွေဦးခိုင်၊ ဦးအောင်မျိုးခိုင်၊ ဦးလှမျိုးခိုင်-ဒေါ်စိုးစိုးရွှေတို့၏ ချစ်လှစွာသော ဖခင်၊ညဏ်သုတ(ဆေး-၁)၊ ဇွန်မြတ်ဆု၊ သီရိဆု၊ နွေးရှုပါ၊ ကျော်စွာခိုင်တို့၏ အဘိုးသည် ၁၇-၂-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း ဒါယကာကြီး
0;a&|u|i **(၈၇)နှစ်**
ရွှေဥဒေါင်းမင်းပွဲရုံ-ဖခင်ကြီး

ပဲခူးမြို့၊ ဥဿာမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၀၀၊ ၁၀၁၊ ၁၀၄-က)နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏သား၊ (ဦးလှဒင်-ဒေါ်ရွှေအိ)တို့၏သားသမက်၊ ဦးရွှေမြိုင်-ဒေါ်စောရီ၊ (ဦးမြတ်စိုး-ဒေါ်အေး)၊ ဦးသိန်းမြင့်-ဒေါ်ညွန့်တင်တို့၏အစ်ကို၊ ဦးအောင်မိုးလွင်-ဒေါ်တင်ဌေးဝင်း (ရွှေဥဒေါင်း မင်းပွဲရုံ)၊ ဦးမြင့်ကိုကို-ဒေါ်ရီဌေး (ရွှေဖြူဘော်ဒါဆောင်)၊ ဦးအောင်ကျော်မင်း-ဒေါ်ဝင်းမြင့်ခိုင် (ပန်းကုံ့ကော် ဘော်ဒါဆောင်)တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး၊ (ဒေါ်ကျင်)၏ခင်ပွန်းသည် ၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
a':&iar;(r*vmap;)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တိုက်(၄၇)၊ အခန်း(၂၄)၊ ဗဟိုရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်နေ (ဦးအချူ-ဒေါ်ရှင်)တို့၏ သမီး၊ တိုက်(၄)၊အခန်း(၁၂)၊လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်နေ (ဦးဝင်းဆွေ)-ဒေါ်ခင်ထားရီ၊ (ဒေါ်ကြင်ကြင်သိန်း)တို့၏ ကျေးဇူးရှင်အစ်မကြီး၊ ဦးကျော်မြင့်ဦး-ဒေါ်ဌေးဌေးဆွေ၊ ဦးအောင်နိုင်ဦး-ဒေါ်စန်းစန်းဆွေ (Dr)(WYU)၊ ဦးနိုင်ဝင်းဇော်၊ ဒေါ်သင်းသင်းဆွေ (Dr) (Du)၊ ဒေါ်မူမူဆွေ (Dr)(ဆေး-၁)၊ ဦးကိုကိုနိုင်-ဒေါ်ဖြူဖြူဆွေ(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဦးမျိုးသက်စိုး-ဒေါ်စန္ဒာဆွေ၊ ဦးဇော်ဦးအောင်-ဒေါ်စုစုဆွေတို့၏ ချစ်လှစွာသောကျေးဇူးရှင်အဒေါ်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၈-၂-၂၀၁၅ ရက် နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

0;v|u|i **(၅၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈/B2)နေ (ဦးမောင်ဟန်း-ဒေါ်အေးမျှင်)တို့၏သား၊ (ဦးသောင်း-ဒေါ်နှင်းလှ)တို့၏ သားသမက်၊ (ဒေါ်ဌေးဌေးမြင့်)၏ မောင်၊ မမြတ်သီတာဦး (ရွှေမင်္ဂလာ Co.,Ltd.)၊ မမြတ်နီလာထူး (Invertory Control Asst. Manager Mobitel Co., Ltd.) တို့၏ မွေးသဖခင်၊ ဒေါ်ဌေးဌေးဝင့်(ခ) ချစ်မမ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၂-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
0;apmvi(|rw)
(နာယက၊
အဝေးရောက်အမှုဆောင်အဖွဲ့)
အသက်(၈၃)နှစ်

မြိတ်မြို့၊ ကွက်သစ်ရပ်ကွက်၊ (စီ)လမ်း၊ အမှတ်(၆၈)နေ ဒေါ်ခင်အုန်း၏ ခင်ပွန်း၊ ဦးစောလှိုင် (အသင်းဝင်အမှတ်-၂၉၄၀)သည် ၁၇-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြိတ်ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

0;wioe; (74)Ep
တကက/စရ(ငြိမ်း)

(ဦးဘသန်း-ဒေါ်တင်မေ)တို့၏သားထွေး၊ (၈/၃၃/၁၀)ရပ်ကွက်၊ အမှတ်(၄၉/က)၊ သာစည်လမ်း၊ ရွှေပြည်သာနေ ကိုမျိုးနိုင်-မဘောမြိုင်၊ မနီနီသန်း၊ မသန်းသန်းနွယ်၊ ဦးဇော်ထွန်း-မသန်းသန်းတင့်၊ မောင်မျိုးသန့်၊ မောင်တင်ထွန်းအောင်-မမင်းမင်းသန်း၊ မောင်မျိုးမြင့်အောင်-မစမ်းစမ်းမော်၊ (မောင်ဇင်ဖြိုးမောင်)-မဖြူဖြူအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘိုး၊ (ဒေါ်မြင့်မြင့်သန်း)၏ချစ်လှစွာသောခင်ပွန်း ဦးတင်သန်းသည် ၁၇-၂-၂၀၁၅(အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၅(တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

0;aZm0; (52)Ep

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၁၇/ခ)၊ ပတ္တမြားလမ်း၊ (၄) ရပ်ကွက်နေ ဦးခင်မောင်-(ဒေါ်တင်ဦး)တို့၏သား၊ (ဦးမြင့်နိုင်)-ဒေါ်ခင်မေအောင် (လ/ထ ညွှန်ကြားရေးမှူး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ ဦးအောင်လင်း (ပုသိမ်ကြီးမြို့နယ်၊ အခွန်ဦးစီးမှူး)-ဒေါ်မိမိနိုင်၊ ဒေါ်နီနီအောင် (အလက-၃၊ ရန်ကင်း)၊ ဦးအောင်မိုး (ထူးကုမ္ပဏီ) - ဒေါ်ပပမြင့်တို့၏ အစ်ကိုကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆/၁၃)၊ (၁၄/ခ)၊ ပန်းဝါလမ်း၊ ရွှေညာမောင်ရပ်ကွက်နေ ဒေါ်သီတာ၏ခင်ပွန်း၊ ဦးမျိုးထွန်း-ဒေါ်မီမီဇော်ဦး(ထူးကုမ္ပဏီ)၊ မောင်အောင်ကိုကိုတို့၏ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွှေပြည်သာနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
b'EpEr[max&(ouawm&nq&mawmb&m;|u;)
သိက္ခာတော် (၇၅)ဝါ၊ သက်တော်(၉၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်စံပြကျေးရွာ၊ ညောင်ဇင်ကျောင်းကြီးတိုက်၏ ဦးစီးပဓာန နာယကလဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒမဟာထေရ်သိက္ခာတော် (၇၅)ဝါ၊ သက်တော် (၉၆)နှစ်သည် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်) ၁၄-၂-၂၀၁၅ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ကျောင်းပြောင်းရွှေ့စံတော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)၊ ၁၄ရက်၊ ၁၅ရက်၊ ဧပြီလ ၁ ရက်၊ ၂ရက်၊ ၃ရက် (ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့) တို့တွင် သာဓုကီဠနပူဇာ အန္တိမအဂ္ဂိဈာပန အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
0;jrarmi **(၈၂)နှစ်**
အမှတ်(၃)အခြေခံပညာဦးစီးဌာန(ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံတ်လတ်မြို့နယ်၊ အစုကြီးကျေးရွာနေ (ဦးထွန်းငြိမ်း-ဒေါ်ချစ်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ တိုက်အမှတ်(၅၈၀)၊ အခန်းအမှတ်(၁၀၁)နေ ဒေါ်ခင်ကြူ၏ ခင်ပွန်း၊ ဦးဖေမောင်သိုက်-ဒေါ်မြမြဦး(အခြေခံပညာဦးစီးဌာန-ငြိမ်း)၊ ဦးစိုးထိုက်-ဒေါ်လှလှရီ၊ ဦးသက်ဇော် (J.S.M)-ဒေါ်ခင်ခင်ချို၊ ဦးဝင်းမြင့် (Uniteam Marine)-ဒေါ်တင်တင်လန်း၊ ဦးမင်းလွင်-ဒေါ်တင်တင်နွယ်တို့၏ ချစ်လှစွာသော ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးသည် ၁၇-၂-၂၀၁၅(အင်္ဂါနေ့) ည ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
tv[m*armvmemrzo*r;vt[r'
အသက်(၅၆)နှစ်

ဂျာမေအဟ်အရဗီယဟ်ဒါရွလ်အုလူးမ်အရ ဗီသာသနာ့တက္ကသိုလ်၏ ပညာရေးမှူး အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ်၊ မားမ်ဆားဗလီ(၂၆)လမ်း ရှေ့ဆောင်အိမာမ် အလ်ဟာဂျ်မော်လာနာ မွဖ်သီဂျမီးလ်အဟ်မဒ် အသက်(၅၆)နှစ်သည် ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့)တွင် အမှတ်(၂၆)၊ လေးလွှာ၊ (၁၁၉)လမ်း နေအိမ်မှ နံနက် ၉ နာရီတွင် ဂျနာဇာဟ်သယ်ဆောင်၍ နံနက် ၁၀ နာရီတွင် ရေဝေး ကဗ်ရပ်စ်တန်၌ ဂျနာဇာဟ်နမားဇ်ဖတ်ပြီး ဒါဖွာနာမည်ဖြစ်ပါသည်။ မင်္ဂဖိရသ်အတွက် ဒုအာပြုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (နံနက် ၉ နာရီတွင် နေအိမ်၊ ဒါရွလ်အုလူးမ်အရဗီတက္ကသိုလ်နှင့် ရွှေဘုံသာလမ်း စူရတီစွန္နီဂျာမေဗလီတို့မှ ပို့ဆောင်မည့်သူများအတွက် ကားများထွက်ပါမည်။) ကျန်ရစ်သူမိသားစု

a':wir|un(buav;)
အသက်(၇၀)
မူလတန်းပြ(ငြိမ်း)
ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)
အလုပ်အမှုဆောင်ကော်မတီ

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်(၂၂)ရပ်ကွက်၊ ရတနာပုံလမ်းမကြီး၊ အမှတ်(၉၀၉-က)နေ ဦးကျော်ငြိမ်း(ဘိုကလေးမြို့နယ်၊ အသင်းအလုပ်အမှုဆောင်ကော်မတီ)၏ဇနီး၊ ဘိုကလေးမြို့နေ (ဦးလှကြည်-ဒေါ်လှဇာ)တို့၏သမီးကြီး၊ ဦးမြင့်အေး-ဒေါ်မာမာကြည်၊ ဦးခင်ထွန်း-ဒေါ်လှဲ့လှဲ့ကြည်၊ (ဒေါ်စုစုကြည်)၊ (ဦးထွန်းအောင်ကြည်)-ဒေါ်မာလာရီ၊ ဦးစံဝင်းမောင်-ဒေါ်အေးအေး၊ ဦးမောင်မောင်ညွန့်-ဒေါ်ခင်ချို(ရွှေမြန်မာခင်)၊ (ဦးဌေးအောင်)-ဒေါ်မြင့်မြင့်ခင်တို့၏ အစ်မကြီး၊ ကိုရဲထက်ကျော်-မယဉ်ကျေးဝင်း၊ ကိုသန်းထွေး၊ မအိဖြူငြိမ်း၊ ကိုကျော်ထက်အောင်တို့၏မွေးသမိခင်၊ ငြိမ်းသူ့မေ၏အဘွားသည် ၁၇-၂-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၂း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၅(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [အထက်ပါနေအိမ်နှင့် ဘိုကလေးမြို့နယ် အသင်းတိုက်၊ အမှတ်(၅၄)၊ ဘုန်းကြီးလမ်းတို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

a';uwma':|un|unjr
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ရှမ်းရွာ(၁)လမ်း၊ အမှတ်(၂၄)နေ (ဦးဘသော်-ဒေါ်ရှုအင်)တို့၏သမီး၊ [ဦးထွန်းသာ (ဒုတိယ ငွေစာရင်းမင်းကြီး-ငြိမ်း)-ဒေါ်ကျော့မေ]တို့၏သမီးချွေးမ၊ ဦးရဲထွန်း-ဒေါ်ခင်ဆွေသန်း၊ ဦးရဲမြင့်-ဒေါ်ခင်မေတင့်၊ ဦးခင်မောင်သိန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးရဲလင်း-ဒေါ်ရွှေခင်မြင့်၊ (ဦးရဲဝင်း)၊ ဦးညီဝင်း-ဒေါ်ယဉ်မင်းထိုက်၊ ဗိုလ်မှူးကြီး အောင်မြင့်ဘော်(ငြိမ်း)-ဒေါ်ဝင်းဝင်းထွန်း၊ ဒေါ်မြတ်ဖြူစိုး [ဒု-ညွှန်မှူး (သာ/ထွန်း/ပြန့်-ငြိမ်း)]၊ ဒေါက်တာဒေါ်သက်နွယ်တို့၏ ညီမ/အစ်မ၊ ဦးမောင်မောင်(ခ) ဆရာကြီးဦးဘုန်းကြွယ် (ဘာသာပြန်စာရေးဆရာ-ဘုန်းကြွယ်)၏ ဇနီး၊ မကျော့ကေခိုင်၊ ကိုရဲမောင်မောင်-မနဝရတ်ကြွယ်(ခေတ္တ-မလေးရှား)တို့၏ မွေးသမိခင်သည် ၁၈-၂-၂၀၁၅ ရက် နံနက် ၄း၃၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
0;peaomi;
tou(75)Ep
(ရွှေလဝင်းရုပ်ရှင်ရုံ၊ ထောက်ကြန့်)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နေ (ဦးကံညွန့်-ဒေါ်စောလှိုင်) တို့၏ သား၊ ဒေါ်ညွန့်ညွန့်ကြည်၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ကျောက်မြောင်း အင်းဝလမ်း၊ အမှတ်(၆၄)နေ (ဦးမြစိန်)-ဒေါ်ခင်စိန်မိုးတို့၏ညီ၊ ဒေါ်စိန်လှ၊ ဒဂုံမြို့သစ်၊ အမှတ်(၁၃)၊ အခန်းအမှတ်(၁၁)နေ (ဦးစိန်ညွန့်)-ဒေါ်ခင်ခင်အေးတို့၏အစ်ကို၊ ဦးထွန်းထွန်း-(ဒေါ်သန်းသန်းဦး)၊ ဦးအောင်မိုး-ဒေါ်သုဝေအောင်တို့၏ မွေးသဖခင်၊ မနှင်းအိန္ဒြာဦး၊ မခင်သဒ္ဒါကျော်၊ မောင်မင်းမောင်ကျော်တို့၏ အဘိုးသည် ၁၇-၂-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁း၂၀ နာရီတွင် ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ စိတ္တလမ်း၊ အမှတ်(၂၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
0;xe;|u|i(ri;v|r|)(72)Ep
ရာသက်ပန်အသင်းဝင်၊
ပဲခူးတိုင်းဒေသကြီး
မင်းလှမြို့နယ်အသင်း
ထွန်းစန်းဦးပရိဘောဂတိုက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၅၅/A)နေ(ဦးလွန်းကျော်-ဒေါ်သိန်း)တို့၏ သားငယ်၊ (ဦးအေးမောင်-ဒေါ်စောမြ)တို့၏သားသမက်၊ (ဦးတင်ညွန့်)၊ (ဦးချစ်ခိုင်)-ဒေါ်ခင်မြင့်၊ (ဦးရွှေမောင်)-ဒေါ်ရင်စိုး၊ ဦးပဇင်းညိုကြီးတို့၏ ညီ/မောင်၊ ဗိုလ်ကြီးသန့်ဇင်ဦး - ဒေါ်သန္တာကျော် (Smart Electrical Trading)၊ ဒေါက်တာကျော်မင်းဦး-ဒေါက်တာသဥ္ဇာစိုးတို့၏ကျေးဇူးရှင်ဖခင်၊မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ထွေးရီ၏ခင်ပွန်းသည် ၁၇-၂-၂၀၁၅(အင်္ဂါ နေ့) နံနက် ၁း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] မင်းလှမြို့နယ်အသင်းအမှုဆောင်အဖွဲ့

၂၀၁၅ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ပြီး မြင်သာသည့် အသွင်ကူးပြောင်းရေးဖြစ်ရန်အတွက် အဓိကကျသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုကို မိမိတို့အားလုံး လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လောက်ကိုင်ဒေသ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်အနေဖြင့် အင်အားဖြည့်တင်း၍ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်လျက်ရှိရာ ကိုးကန့်သောင်းကျန်းသူ အင်အားစုများနှင့် ဆက်လက်တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းက ကိုးကန့်သောင်းကျန်းသူ အင်အား ၂၀၀ ခန့်သည် ပါစင်ကျော်ကျေးရွာအနီး တပ်ရင်းဌာနချုပ်သို့ ပတ်ဝန်းကျင်နေရာ လေးနေရာခန့်မှ ဖြန့်ခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းမှ ယနေ့နံနက်ပိုင်းထိ လောက်ကိုင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များအား အဝေးမှလက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်၍ တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် သံလွင်အနောက်ခြမ်းနယ်မြေမှ လောက်ကိုင်ဒေသသို့ အဓိကဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော သိန္နီ-နမ့်ဆလပ်-ကွမ်းလုံလမ်း၊ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်းနှင့် ကွတ်ခိုင်-မူဆယ်-ကြူကုတ်-မုံးကိုး-တာကျိုင်းလမ်းတို့တွင် လောက်ကိုင်ဒေသသို့ သွားရောက်မည့် တပ်မတော်

စာမျက်နှာ ၄ ကော်လံ ၅ သို့●



ပစ်ခတ်ခံရမှုကြောင့် မျက်စိထိမှန်ဒဏ်ရာရရှိသူတစ်ဦးကို တွေ့ရစဉ်။
ဓာတ်ပုံ(ဂျေပိုင်-ဧရာဝတီ)

ကြက်ခြေနီအမှတ်အသားကို သိရက်နဲ့ ပစ်ခတ်တာဟာ ပြစ်မှုကျူးလွန်တယ်လို့ ဆိုရမှာဖြစ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှနှင့် တွေ့ဆုံခြင်း

ဖေဖော်ဝါရီ ၁၇ ရက်က ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ် လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်ကြားတွင် လောက်ကိုင်မြို့နယ်မှ နေရပ်ပြန်သူများအား လူသားချင်းစာနာမှုအထောက်အကူများ ပေးလျက်ရှိသည့် ကြက်ခြေနီအမှတ်အသား ထင်ရှားစွာဖော်ပြထားသော ယာဉ်တန်းကို လက်နက်ကိုင်အဖွဲ့မှ ချောင်းမြောင်းပစ်ခတ်မှုကြောင့် ကွမ်းလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူး ဦးမိုးကျော်သန်းနှင့် တပ်သား ဦးဇော်မင်းထိုက်တို့နှစ်ဦး ဒဏ်ရာများ ရရှိခဲ့သည်။ ယင်းသို့ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် စစ်ရှောင်ဒုက္ခသည်များ လိုက်ပါလာသော ယာဉ်တန်းပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှနှင့် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့■

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် NNER နှင့် ကျောင်းသားကိုယ်စားလှယ်များမှ လက်ခံသဘောတူခြင်းမရှိခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုချက်များအရ ပညာရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အများပြည်သူလေ့လာနိုင်ရန် စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်။

NNER ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ ရေးဆွဲလက်မှတ်ရေးထိုးထားသည့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်သည့်ပြဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဌာန်းချက်များ နှိုင်းယှဉ်ဇယားကို စာမျက်နှာ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ တို့တွင် ဖော်ပြထားပါသည်။

အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

သတင်းနှင့် ဓာတ်ပုံ ကိုကိုစိုးညွန့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာလက်ဝှေ့၊ ဘိလိယက်/စနူကာ၊ စစ်တုရင်၊ ခြင်းလုံး၊ တင်းနစ်နှင့် ခရစ်ကက်ပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့်နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ဘော်လီဘောပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဘော်လီဘောလေ့ကျင့်ရေးရုံ၌ စတင်ကျင်းပရာ အမျိုးသားအုပ်စုပွဲစဉ်သုံးပွဲ၊ အမျိုးသမီးအုပ်စုပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကြပြီး အမျိုးသားပွဲစဉ်၌ ရန်ကုန်က ကရင်ကို(၃-၀)ပွဲဖြင့်လည်းကောင်း၊ ပဲခူးက ကယားကို (၃-၁)ပွဲဖြင့်လည်းကောင်း၊ မန္တလေးက ကချင်ကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်၌ မကွေးက ရှမ်းကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီက ပဲခူးကို (၃-၀)ပွဲ ဖြင့်လည်းကောင်း၊ စစ်ကိုင်းက မန္တလေးကို(၃-၀)ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲကို နံနက် ၈ နာရီတွင် ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပရာ အမျိုးသား(၃)ယောက်တွဲ အသင်းလိုက်အုပ်စုပွဲစဉ် လေးပွဲ၊ အမျိုးသမီး(၃)ယောက်တွဲ အသင်း

စာမျက်နှာ ၁၃ ကော်လံ ၁ သို့○

themirror.npt@gmail.com
www.facebook.com/themirrordaily